# မျက်နှာဖုံးများ၏ နောက်ကွယ်

## မြန်မာနိုင်ငံရှိ ယောကျ်ားပီသမှုလက္ခဏာများ ၊ ဂျန်ဒါ ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး




PAUNG SIE FACILITY

international alert

PHAN TEE EAIN (CREATIVE HOME)

Thingaha Gender Organization

## International Alert

International Alert သည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ပဋိပက္ခဒဏ်ကို တိုက်ရိုက်ခံစားကြရသူများနှင့် လက်တွဲကာ လုပ်ဆောင်ပါသည်။ အတူတကွလက်တွဲဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးကို ရယူနိုင်သည့် စွမ်းအားရှိသည် ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် သွေးကွဲနေသူ များကို ပြန်လည်ပေါင်းစည်းကာ ပဋိပက္ခ၏ အကြောင်းရင်းခံများကို ဖြေရှင်းရန် အဓိကဦးတည်ဆောင်ရွက်ပါသည်။ အောက်ခြေအဆင့်မှ မူဝါဒအဆင့်အထိ ကျွန်ုပ်တို့ အတူတကွလက်တွဲကာ နေ့စဉ်ငြိမ်းချမ်းရေးကို တည်ဆောက်လျက် ရှိပါသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ လက်နက်စွန့်လွှတ်ခြင်း သို့မဟုတ် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းတို့ အပြင် မတူခြားနားမှုများကို အကြမ်းဖက်နည်းလမ်းမသုံးဘဲ ဖြေရှင်းကာ အတူယှဉ်တွဲနေထိုင်ကြခြင်းဖြစ်သည်။

www.international-alert.org

## ဖန်တီးအိမ် (Creative Home)

ဖန်တီးအိမ် (Phan Tee Eain - PTE) သည် မြန်မာနိုင်ငံတွင် ဂျန်ဒါညီမျှမှုနှင့် မတူကွဲပြားမှုများကို တန်ဖိုးထားသော လူ့ဘောင်အဖွဲ့ အစည်း တစ်ရပ် ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်နေပါသည်။ PTE သည် မြန်မာနိုင်ငံရှိ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခေါင်းဆောင်မှုအရည်အသွေးနှင့်စွမ်းရည်များကို မြှင့်တင်ပေးခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများကြား ဂျန်ဒါညီမျှရေးကို အားပေးမြှင့်တင်ပါသည်။ PTE သည် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုဆိုင်ရာ သုတေသနများကို ဆောင်ရွက်သကဲ့သို့ မဲဆန္ဒရှင်များကို ပညာပေးသည့် သင်တန်းများ၊ မဲဆန္ဒရှင်စာရင်းအကြောင်း အသိပညာဖြန့်ဝေသည့် လှုပ်ရှားမှုများ၊ အမျိုးသမီးများကို မဲပေးရန် စည်းရုံးလှုံ့ဆော်သည့် လှုပ်ရှားမှုများကိုလည်း ဆောင်ရွက်ပြီး နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အမျိုးသမီးအဖွဲ့အစည်းများ၊ ကျားမရေးရာ အဖွဲ့အစည်းများ၊ ဒီမိုကရေစီအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ပူးပေါင်းကာ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်မှုများကိုလည်း ဆောင်ရွက်ပါသည်။

www.phanteeeain-myanmar.org

## သင်္ဂဟ (Thingaha Gender Organisation)

သင်္ဂဟ(Thingaha Gender Organisation - TGO) သည် ဂျန်ဒါညီမျှမှု ရှိပြီး အမျိုးသမီးများနှင့် အမျိုးသားများ ၎င်းတို့၏ မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို ရရှိခံစားနိုင်သောတရားမျှတ၍ ငြိမ်းချမ်းသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ TGO သည် အမျိုးသားအဆင့်တွင် ဂျန်ဒါမူဝါဒများ ချမှတ်နိုင်ရေးအတွက် တိုက်တွန်းဆွေးနွေးအကြံပြုခြင်း၊ ဒေသန္တရအဆင့်တွင် ရပ်ရွာလူမှု အသိုင်းအဝိုင်းများအား ဂျန်ဒါနှင့်ဆိုင်သော စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ပညာပေးခြင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် တာဝန်ခံမှုရှိခြင်းနှင့်အတူ ဂျန်ဒါညီမျှမှု၊ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ ရရှိရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာ ကွန်ရက်များနှင့် ကောင်းမွန်သော ဆက်ဆံရေးများတည်ဆောက်ခြင်း၊ ချိတ်ဆက်ခြင်းများကို ကြိုးပမ်းဆောင်ရွက်ပါသည်။

www.thingaha-gender.com

© International Alert/Phan Tee Eain/Thingaha Gender Organization 2018

မူပိုင်ခွင့်များအားလုံး ထိန်းသိမ်းထားပါသည်။ စာရေးသူများအား အပြည့်အစုံ ရည်ညွှန်းဖော်ပြခြင်းမရှိဘဲ ဤစာအုပ်၏ မည်သည့် အစိတ်အပိုင်းကိုမျှ ကူးယူခြင်း၊ သိမ်းဆည်းထားခြင်း သို့မဟုတ် အီလက်ထရောနစ်၊ စက်ကိရိယာ၊ မိတ္တူကူးယူမှု၊ အသံဖမ်းမှု သို့မဟုတ် အခြား မည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းနှင့်မျှ လွှဲပြောင်းပေးပို့ခြင်း မပြုရပါ။

ဒီဇိုင်းအပြင်အဆင် - Nick Wilmot Creative

မျက်နှာဖုံးပန်းချီ - ဝလုံး

# မျက်နှာဖုံးများ၏ နောက်ကွယ်

မြန်မာနိုင်ငံရှိ ယောက်ျားပီသမှုလက္ခဏာများ ၊ ဂျန်ဒါ ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

**Jana Naujoks** နှင့် မြတ်သန္တာကို

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ

# ကျေးဇူးတင်လွှာ

အစီရင်ခံစာရေးသားသူများသည် ရန်ကုန်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့သော ဤသုတေသနအတွက် အသိအမြင်များကို မျှဝေပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ထို့ပြင် ဤအစီရင်ခံစာကို ပြုစုရာတွင် ကူညီပံ့ပိုးပေးခဲ့ကြသော International Alert ၊ ဖန်တီးအိမ်နှင့် သင်္ဂဟမှ ဝန်ထမ်းများ၊ ပြင်ပမှ လုပ်ဖော်ကိုင်ဖက်များ၊ အထူးသဖြင့် အကြံဉာဏ်များပေးခဲ့သော၊ မိမိတို့၏ အကျိုးသက်ဆိုင်သူများနှင့် ကူညီချိတ်ဆက်ပေးခဲ့သော Alliance for Gender Inclusion in the Peace Process နှင့် Gender Equality Network တို့အား ကျေးဇူးတင်ရှိပါသည်။ ဤစီမံချက်အတွက် အချက်အလက်ကောက်ယူမှုများ၊ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့သော အောက်ပါလုပ်ဖော်ကိုင်ဖက်များ၏ အရေးကြီးလှသော အခန်းကဏ္ဍကိုလည်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည် - ခင်လေးနွယ်ထွန်း၊ နန္ဒာထွဋ်၊ Moses Sian Cin Thawng၊ ကေသွယ်စိုးနှင့် David Müller၊ field facilitator များဖြစ်ကြသော ယုယုစံ၊ ယဉ်ဝေထွန်း၊ ခွန်စိန်ဝင်းလှိုင်နှင့် Nang Hsaing Inn ၊ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့သော မူစေး နှင့် သန္တာသဲစုကြည်၊ စီမံချက်အဆင့်များအားလုံးတွင် အလုံးစုံကြီးကြပ်လမ်းညွှန်ပေးခဲ့ကြသော Henri Myrttinen ၊ ခင်လေးငယ်နှင့် ဘီလ်လီကံမြတ်တို့ ဖြစ်ပါသည်။

ဤအစီရင်ခံစာ၏ အစောပိုင်းမူကြမ်းများအား ဖတ်ရှုသုံးသပ်ပေးခဲ့ကြပြီး နောက်ဆုံးအပြီးသတ်ဗားရှင်းအား အတိုင်းမသိ တိုးတက်ကောင်းမွန်သွားစေခဲ့သည့် မှတ်ချက်များပေးခဲ့ကြသော အဖွဲ့အစည်းအတွင်းအပြင်မှ ပညာရှင်များဖြစ်ကြသော ပန်စီထွန်းသိန်း၊ နီလာထွန်း၊ Erin Kamler ၊ Henri Myrttinen ၊ Elizabeth Laruni ၊ Robert Barclay နှင့် Markus Mayer တို့ကိုလည်း ကျွန်ုပ်တို့ များစွာကျေးဇူးတင်ရှိပါသည်။ ဆန်းစစ်လေ့လာချက်အတွက်နှင့် အမှားအယွင်းတစ်စုံတစ်ရာရှိခဲ့လျှင် အစီရင်ခံစာရေးသားသူများ၏ တာဝန်သာ ဖြစ်ပါသည်။

ဤသုတေသနကို ဆောင်ရွက်ရန်အတွက် Paung Sie Facility မှ ရန်ပုံငွေပံ့ပိုးပေးခဲ့ပါသည်။ International Alert သည် မဟာဗျူဟာအလှူရှင်များဖြစ်သော ဒတ်ချ်နိုင်ငံခြား ရေးဝန်ကြီးဌာန၊ အိုင်းရစ်ရှ် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဦးစီးဌာန နှင့် ဆွီဒင်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ တို့ကိုလည်း ၎င်းတို့၏ ပံ့ပိုးကူညီများအတွက် ကျေးဇူးတင်ရှိပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော အမြင်များသည် International Alert၊ ဖန်တီးအိမ် (Creative Home) နှင့် သင်္ဂဟတို့၏ အမြင်အယူအဆများသာဖြစ်ပြီး အလှူရှင်များ၏ အမြင်များ သို့မဟုတ် မူဝါဒများကို ကိုယ်စားပြုခြင်း မရှိပါ။

# မာတိကာ

**အတိုကောက်ဝေါဟာရများ** ၄

**အနှစ်ချုပ်** ၆

**၁။ နိဒါန်း** ၉

**၁-၁။** မြန်မာနိုင်ငံ၏ နောက်ခံအကြောင်းအရာ ၉
**၁-၂။** အမျိုးသားများနှင့် ယောက်ျားပီသမှု လက္ခဏာများအကြောင်း လေ့လာရခြင်း အကြောင်းရင်း ၁၁
**၁-၃။** စီမံချက်၏ နောက်ခံအကြောင်းအရာ ၁၄
**၁-၄။** အသုံးပြုသော နည်းစနစ်နှင့် ကန့်သတ်ချက်များ ၁၄

**၂။ မြန်မာနိုင်ငံရှိ ဂျန်ဒါ၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း** ၁၆

**၂-၁။** နိုင်ငံအကြောင်း ခြုံငုံတင်ပြချက် ၁၆
**၂-၂။** သုတေသန ဆောင်ရွက်ခဲ့သည့် နေရာများ ၁၈
မြေပုံ ၁ - သုတေသနဆောင်ရွက်ခဲ့သည့် နေရာများ ၁၈
မြေပုံ ၂ - ရှမ်းပြည်နယ်တောင်ပိုင်း သုတေသနဆောင်ရွက်ခဲ့သည့်နေရာများ ၁၉
မြေပုံ ၃ - တနင်္သာရီတိုင်းဒေသကြီး သုတေသနဆောင်ရွက်ခဲ့သည့်နေရာများ ၂၂

**၃။ လေ့လာသည့် အကြောင်းအရာအလိုက် အဓိကတွေ့ရှိချက်များ** ၂၆

**၃-၁။** ဂျန်ဒါနှင့်စပ်လျဉ်းသော မျှော်လင့်ချက်များ ၂၆
**၃-၂။** ထားရှိသော မျှော်လင့်ချက်များနှင့် လက်တွေ့ဘဝအတွေ့အကြုံများကြား ကွာဟချက် ၃၁
**၃-၃။** ယောက်ျားပီသမှု လက္ခဏာနှင့် လက်နက်ကိုင်အဖွဲ့များ - မဖြစ်မနေ စစ်မှုထမ်းစေခြင်း၊ အကျပ်ကိုင်ခြင်း၊ စစ်မှုထမ်းစဉ်ကာလနှင့် စစ်မှုထမ်းဟောင်းဘဝ ၃၆
**၃-၄။** ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို ဖြစ်မြောက်စေသူများ သို့မဟုတ် တားဆီးမည့်သူများအဖြစ် အမျိုးသားများကို သုံးသပ်လေ့လာခြင်း ၄၄

**၄။ သုံးသပ်ချက်များနှင့် အကြံပြုချက်များ** ၅၃

**နောက်ဆက်တွဲစာတမ်းများ** ၅၉
နောက်ဆက်တွဲစာတမ်း ၁ - သုတေသနနည်းစနစ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများ ၅၉
နောက်ဆက်တွဲစာတမ်း ၂ - သုတေသနလုပ်ဆောင်ချက်များနှင့် ပါဝင်ဆွေးနွေးသူများ ၆၁

# အတိုကောက်ဝေါဟာရများ

**CSO** Civil society organisation
အရပ်ဖက်လူမှုအဖွဲ့အစည်း

**DDR** Disarmament, demobilisation and reintegration
လက်နက်ဖျက်သိမ်းခြင်း၊ တပ်အင်အားများ လျှော့ချခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း

**EAO** Ethnic armed organisation
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း

**EBO** Euro Burma Office
ယူရိုဘားမားရုံး

**FGD** Focus group discussion
ဦးတည်အုပ်စုဆွေးနွေးပွဲ

**GAD** General Administration Department
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**GBV** Gender-based violence
ဂျန်ဒါအခြေပြုအကြမ်းဖက်မှု

**GPS** Gender, peace and security
ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

**IDP** Internally displaced people
ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းသူများ

**JMC** Joint Monitoring Committee
ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

**KII** Key informant interview
အဓိကသတင်းအချက်အလက်ပေးနိုင်သူအား တွေ့ဆုံမေးမြန်းခြင်း

**KNLA** Karen National Liberation Army
ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

**KNU** Karen National Union
ကရင်အမျိုးသားအစည်းအရုံး

**LGBTQ** Lesbian, gay, bisexual, transgender and queer
လိင်တူချစ်သူအမျိုးသမီး၊ လိင်တူချစ်သူအမျိုးသား၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံးချစ်နိုင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူနှင့် ဆန့်ကျင်ဘက်လိင်အား စိတ်မဝင်စားသူ

**NCA** National Ceasefire Agreement
တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ်

**NLD** National League for Democracy
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**PNA** Pa-O National Army (military wing of the PNO)
ပအိုဝ်းအမျိုးသားတပ်မတော် (PNO ၏ စစ်တပ်)

**PNLO** Pa-O National Liberation Organisation
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့

**PNO** Pa-O National Organisation
ပအိုဝ်းအမျိုးသားအစည်းအရုံး

| | |
|---|---|
| **PTE** | Phan Tee Eain<br>ဖန်တီးအိမ် |
| **RCSS** | Restoration Council of Shan State<br>ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ |
| **SAZ** | Self-Administered Zone<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| **SGBV** | Sexual and gender-based violence<br>လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု |
| **SOGI** | Sexual orientation and gender identity<br>လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုနှင့် လိင်ဝိသေသခံယူမှု |
| **SSA** | Shan State Army<br>ရှမ်းပြည်တပ်မတော် |
| **SSR** | Security sector reform<br>လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး |
| **TGO** | Thingaha Gender Organisation<br>သင်္ဂဟ |
| **UPC** | Union Peace Process<br>ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ် |
| **UPDJC** | Union Peace Dialogue Joint Committee<br>ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီ |

# အနှစ်ချုပ်

တစ်ချိန်က ဆယ်စုနှစ်ပေါင်းများစွာ တစ်သီးတစ်ခြားဖြစ်နေခဲ့ခြင်းကြောင့် ကမ္ဘာပေါ်တွင် ပဟေဠိဆန်ခဲ့သော မြန်မာနိုင်ငံသည် မတူကွဲပြားမှုများ၊ အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကားများ၊ ကိုးကွယ်သည့် ဘာသာတရားများနှင့် ထူးခြားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဆယ်စုနှစ်နှင့်ချီကာ အာဏာရှင်စနစ်အောက်တွင် ရောက်ရှိနေခဲ့ပြီး နိုင်ငံအဆင့်ရှိ တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခနှင့် ဒီမိုကရေစီလှုပ်ရှားမှုများစ၍ ပိုမိုကျယ်ပြန့်သော လူမှုအဖွဲ့အစည်းအဆင့် မြေယာပဋိပက္ခများ၊ အိမ်တွင်းအကြမ်းဖက်မှုကဲ့သို့သော အိမ်ထောင်စုအဆင့် ပဋိပက္ခများအထိ အလွှာအမျိုးမျိုးရှိ အပြန်အလှန်ချိတ်ဆက်နေသော ပဋိပက္ခများ၏ ဒဏ်ကိုလည်း ခံစားခဲ့ရပါသည်။ မြန်မာနိုင်ငံတွင်လည်း အခြားသော နိုင်ငံများနည်းတူ ပဋိပက္ခနှင့် အကြမ်းဖက်မှုများက အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ား လေးများ၊ မိန်းကလေးများနှင့်မတူကွဲပြားသောလိင်ဝိသေသခံယူမှုရှိသူများအပေါ် ကွဲပြားသောပုံစံများဖြင့်သက်ရောက်ခဲ့ပါသည်။

ပဋိပက္ခအား နားလည်သိရှိရန်နှင့် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ရာတွင် ကျားမရေးရာသည် အရေးပါကြောင်း ပိုမိုသိရှိလာကြပြီး ထိုကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းသည့် အစီအစဉ်အရေအတွက်လည်း တိုးပွားလာပါသည်။ လက်တွေ့တွင် အဆိုပါစီမံချက်များသည် အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုအတွက်ကိုသာ အဓိကဦးတည်လုပ်ဆောင်ကြသည်က များပါသည်။ 'ဂျန်ဒါ၏ အခြားမျက်နှာစာတစ်ဖက်' ဖြစ်သော အမျိုးသားများနှင့် ယောကျ်ားလေးများ တွေ့ကြုံခံစားကြရသည်များကိုမူ နားလည်သိရှိမှု နည်းပါးပါသည်။ ယောကျ်ားပီသရမည်ဟူသည့် မျှော်လင့်ချက်များ ထားရှိမှုသည် မကြာခဏဆိုသလို မျက်စိလျှမ်းတတ်သော (သို့မဟုတ် အလေးထားလေ့မရှိသော) ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို တွန်းအားပေးမောင်းနှင်သည့် အရာတစ်ခု ဖြစ်ပါသည်။ သို့သော် ယင်းသည် တစ်ခါတစ်ရံတွင် ရုတ်တရက်ကြည့်လျှင် မဖြစ်နိုင်ဟု ထင်ရသော်လည်း အမျိုးသားများနှင့် ယောကျ်ားလေးများအတွက် ထိခိုက်လွယ်မှုကို တိုးပွားစေသော အရာတစ်ခုလည်း ဖြစ်နိုင်ပါသည်။ အထူးသဖြင့် အကြမ်းဖက်မှုနှင့် ဆက်နွယ်လာလျှင် ထိုသို့ ဖြစ်နိုင်ပါသည်။

ဩဇာအာဏာရှိသူများက ယောကျ်ားပီသမှုဆိုင်ရာ စံသတ်မှတ်ချက်များအား အသုံးပြုကာ သို့မဟုတ် ကြိုးကိုင်ခြယ်လှယ်ကာ အကြမ်းဖက်လုပ်ရပ်များအတွက် အသုံးချနိုင်သောကြောင့် ဤအချက်သည် အရေးကြီးပါသည်။ ဥပမာ အမျိုးသားများအား ပြင်ပမှ ခြိမ်းခြောက်မှုများအဖြစ် ရှုမြင်သည့် အုပ်စုများမှ မိမိတို့၏ရပ်ရွာကို ကာကွယ်စောင့်ရှောက်ပေးမည့်သူများအဖြစ် မျှော်လင့်ချက် ထားရှိမှုများကို နှိုးဆွကာ အသုံးပြုနိုင်ပါသည်။ ဂျန်ဒါနှင့်စပ်လျဉ်း သည့် ဤရှုထောင့်အား လျစ်လျူရှုထားသည့် ပဋိပက္ခဆန်းစစ်လေ့လာမှုနှင့် လုပ်ဆောင်မှုများသည် ပြီးပြည့်စုံခြင်းမရှိဘဲ ငြိမ်းချမ်းရေးအတွက် ဝင်ပေါက်များကို မျက်စိလျှမ်းသွားနိုင်သလို ၎င်းတို့၏ လုပ်ဆောင်ချက်များ၏ သက်ရောက်မှုများကိုလည်း အပြည့်အဝ နားလည်သိရှိနိုင်မည် မဟုတ်ပါ။ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းမှုများတွင် ဂျန်ဒါစံသတ်မှတ်ချက်များ၏ ပဋိပက္ခအပေါ် သက်ရောက်မှုနှင့် ပဋိပက္ခ၏ လူမှုအသိုင်းအဝိုင်းအတွင်းရှိ ဂျန်ဒါ စံသတ်မှတ်ချက်များအပေါ် သက်ရောက်မှု နှစ်မျိုးစလုံးအား လေ့လာသည့် ပဋိပက္ခအခြေအနေဘက်စုံဆန်းစစ် လေ့လာမှုကို ပြုလုပ်မှသာလျှင် ပိုမို ထိရောက်နိုင်မည်ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ပဋိပက္ခ၊ လက်နက်ကိုင် တိုက်ခိုက်သူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် အားထုတ်မှုများအား အမျိုးသမီးများ၊ အမျိုးသားများနှင့် မတူကွဲပြားသော လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုနှင့် လိင်ဝိသေသခံယူမှု (SOGI) ရှိသူများအပေါ် ပဋိပက္ခ၏ မတူကွဲပြားသော နည်းလမ်းများဖြင့် သက်ရောက်ပုံကို ထည့်သွင်းစဉ်းစားထားသည့် ဂျန်ဒါရှုထောင့်မှ ဘက်စုံဆန်းစစ်လေ့လာတင်ပြသွားရန် ရည်ရွယ်ပါသည်။

လေ့လာမှုအတွက် ရွေးချယ်ခဲ့သော နေရာဒေသနှစ်ခုဖြစ်သည့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် အောက်တွင်ဖော်ပြထားသကဲ့သို့ အမျိုးသားများ တွေ့ကြုံခံစားကြရသည့် ထိခိုက်လွယ်မှုအမျိုးအစား အမျိုးမျိုး ကို တွေ့ရှိခဲ့ရပါသည် -

- မိသားစုအား ထောက်ပံ့ရန်နှင့် ဘာသာရေး၊ လူမှုရေးကိစ္စများတွင် ပါဝင်လှူဒါန်းရန် လူမှုအသိုင်းအဝိုင်းမှ ထားရှိသော မျှော်လင့်ချက်များနှင့် ကိုက်ညီအောင် ကြိုးပမ်းရသည့် အခက်အခဲများ၊
- သမားရိုးကျခွဲခြားလေ့ရှိသော အမျိုးသားနှင့် အမျိုးသမီးအုပ်စုနှစ်စုလုံးတွင် ပါဝင်ခြင်းမရှိသော အမျိုးသားများ အနေဖြင့် တင်းကြပ်သည့် ဂျန်ဒါ လူမှုရေးစံသတ်မှတ်ချက်များအား လိုက်နာနိုင်ခြင်းမရှိသည့်အခါ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ၊
- ဆိုးရွားသောအခြေအနေများတွင် နိုင်ငံရေးအကျဉ်းသားအဖြစ် ထိန်းသိမ်းခံရမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာ အကျိုးဆက်များ ရေရှည်ခံစားရခြင်း၊
- လက်နက်ကိုင်အကြမ်းဖက်မှုများနှင့် စစ်မှုမထမ်းမနေရ ပြဋ္ဌာန်းချက်ကြောင့် စစ်မှုထမ်းရမှုများအား အမျိုး သားများ ကြုံတွေ့ခံစားရမှုနှင့်အတူ အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့နှစ်မျိုးစလုံးမှ စစ်မှုထမ်းဟောင်းများ တွင် စီးပွားရေးပြဿနာများ၊ လူမှုရေးအဆင့်အတန်းများနှင့် ဆက်နွှယ်သည့် စိန်ခေါ်မှုများ ရင်ဆိုင်ရခြင်းနှင့် စစ်အယူဝါဒသွတ်သွင်းခံရမှုများက လူမှုဆက်ဆံရေးများအပေါ် လွှမ်းမိုးသက်ရောက်မှုများကို ခံကြရခြင်း၊
- အတင်းအကြပ် အလုပ်ခိုင်းစေခံရခြင်း သို့မဟုတ် အထမ်းသမားများအဖြစ် အတင်းအကြပ် လုပ်ကိုင်စေခြင်းများ၊ ထိုအတွက် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများကို မည်သည့်အခါမျှ အသိအမှတ်ပြုမှု မခံရခြင်း သို့မဟုတ် မည်သည့် ပေးလျော်မှု၊ ပြန်လည်ကုစားပေးမှုများကိုမျှ လုပ်ဆောင်ပေးမှု မရှိခြင်း၊

မကြာမီ သီးခြားထပ်မံထွက်ရှိလာမည့် "ကကြိုးဆွဲခြင်းခံရသူများ - မြန်မာနိုင်ငံရှိ ယောက်ျားပီသမှုသဘာဝ၊ ဂျန်ဒါနှင့် လူမှုရေး ပဋိပက္ခများ" အစီရင်ခံစာတွင် မြေယာပဋိပက္ခများ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှု (SGBV)၊ မူးယစ်ဆေးဝါးနှင့် အရက်သေစာ သုံးစွဲမှု၊ ရွှေ့ပြောင်းသွားလာမှုတို့အပါအဝင် ဒေသန္တရ အဆင့် ပဋိပက္ခများနှင့် ပိုမို ဆက်နွှယ်သည့် ထိခိုက်လွယ်မှုများကို တင်ပြထားပါသည်။

အမျိုးသားများအပေါ် ၎င်းတို့၏ မိသားစုများအား ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ထောက်ပံ့ရန် မျှော်လင့်မှု နစ်မျိုး ထားရှိခြင်းသည် ၎င်းတို့၏ အဆင့်အတန်းကို ထိန်းသိမ်းရန် သို့မဟုတ် တိုးမြှင့်ရန် ကြိုးပမ်းမှုများနှင့် ပေါင်းစပ်ကာ လက်နက်ကိုင်အကြမ်းဖက်မှုတွင် ပါဝင်ရန် သို့မဟုတ် ဆန့်ကျင်ဘက်အနေဖြင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုများ တွင် ပါဝင်ရန် တွန်းအားပေးနိုင်ပါသည်။ အမျိုးသားများအပေါ် လူမှုအဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များနှင့် ၎င်းတို့၏ဘဝအတွေ့အကြုံများကြား ကွာဟချက်သည် အမျိုးသားများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာပျော်ရွှင်မှုကို ထိခိုက် စေနိုင်ပြီး အန္တရာယ်ရှိသည့် ပြုမူဆောင်ရွက်မှုများ ဖြစ်ပေါ်လာစေရန် တွန်းအားပေးနိုင်ပါသည်။ တပ်အင်အားများ လျှော့ချခြင်းနှင့် ပြန်လည်ပေါင်းစည်းရေး ဆောင်ရွက်သောအခါတွင် လက်နက်ကိုင် တပ်ဖွဲ့ဝင်ဟောင်းများအား အကြမ်းဖက်မှုနှင့်မသက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ရရှိအောင် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ၎င်းတို့ ရှေ့တန်းတွင် တိုက်ပွဲဝင်ခဲ့ရစဉ် ခံစားခဲ့ရသော စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများ နှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ထိုသို့သော အစီအစဉ်ဒီဇိုင်းတစ်ခုအတွက် အခြေခံအဖြစ် ဂျန်ဒါ ဘက်စုံလေ့လာဆန်းစစ်မှုကို ပြုလုပ်သင့်ပါသည်။

အမျိုးသမီးအဖွဲ့အစည်းအများအပြားသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သူ အမျိုးသမီး အရေအတွက် ကို ရေတွက်ခြင်း၊အမျိုးသမီး ၃၀% ပါဝင်နိုင်ရေးအတွက်အကြံပြုတိုက်တွန်းဆွေးနွေးခြင်းနှင့် ပဋိပက္ခအတွင်း လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုကိစ္စရပ်အား အလေးပေးဆွေးနွေးခြင်းများကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ဂျန်ဒါအား နိုင်ငံရေးဆွေးနွေးမှုကဏ္ဍ ၅ ရပ် အားလုံးတွင် ပေါင်းစပ်ထည့်သွင်းခြင်းကို အလေးပေးဆောင်ရွက်မှုများ နည်းပါးပါသည်။ အမျိုးသမီးများကို ဦးတည် ဆောင်ရွက်သော လုပ်ငန်းများကိုသာ သီးခြားဆောင်ရွက်ခြင်းမျိုး မည်သည့်အခါမျှ မလုပ် သင့်ပါ။ လူမှုရေးကဏ္ဍမှစ၍ စီးပွားရေးကဏ္ဍ၊ သဘာဝသယံဇာတစီမံခန့်ခွဲမှုကဏ္ဍနှင့် လုံခြုံရေးကဏ္ဍများအထိ ကဏ္ဍများအားလုံးတွင် စေ့စပ်သေချာသည့် ဂျန်ဒါ ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် သည်များစွာပိုမိုအားကောင်းလာမည်ဖြစ်ပါသည်။ အဆိုပါကဏ္ဍများရှိ ဂျန်ဒါ အတွေ့အကြုံများအား ပိုမိုစေ့စပ်စွာ

ဆန်းစစ်လေ့လာခြင်းဖြင့် မတူကွဲပြားသော အကျိုးသက်ဆိုင်သူအုပ်စုများ၏ ကွဲပြားသည့် လိုအပ်ချက်များနှင့် ဦးစားပေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြေ ပိုမိုများပြားလာမည်ဖြစ်ပါသည်။ ထို့ပြင်ရေရှည်တည်တံ့ပြီး အားလုံး ပါဝင်နိုင်သော ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ခု ရရှိနိုင်ခြေလည်း တိုးပွားလာနိုင်ပါသည်။ ယင်းသည် အမျိုးသမီးများ အတွက်သာ ဆောင်ရွက်ရမည့် အလုပ်တစ်ခု မဟုတ်ပါ။ အမျိုးသားများကိုလည်း ဤဆန်းစစ်လေ့လာမှုနှင့် ဂျန်ဒါညီမျှမှု မြှင့်တင်ရေးလုပ်ငန်းစဉ်တို့တွင် တက်ကြွစွာ ပါဝင်နိုင်အောင်ဆောင်ရွက် ပေးသင့်ပါသည်။

နောက်ဆုံး ရရှိလာသည့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို အကောင်အထည်ဖော်သောအခါတွင်လည်း လူမှုအဖွဲ့ အစည်းတွင်း အားလုံးပါဝင်နိုင်မှုနှင့် ဂျန်ဒါ သက်ရောက်မှု ရှုထောင့်များမှ စောင့်ကြည့်လေ့လာသွားရန် လိုအပ်ပါလိမ့် မည်။ လက်ရှိ အမျိုးသမီးအဖွဲ့အစည်းများ ဦးတည်ဆောင်ရွက်လေ့ရှိသော အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအား အားပေးမြှင့်တင်မှုများသည် အမျိုးသားများနှင့် ၎င်းတို့၏ အရေးကိစ္စများကို လျစ်လျူရှုထားသည်ဟု ရှုမြင်ခံရနိုင်သည့် အတွက် ဆန့်ကျင်မှု သို့မဟုတ် ကန့်ကွက်မှုများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်ရှိပါသည်။ ဂျန်ဒါအားလုံးကို ထည့်သွင်း စဉ်းစားခြင်းဖြင့် ပဋိပက္ခကာလနှင့် ပဋိပက္ခလွန်ကာလများတွင် ဂျန်ဒါ ကိစ္စရပ်များသည် အမျိုးသားများအတွက်ရော၊ အမျိုး သမီးများအတွက်ပါ အဘယ်ကြောင့် အရေးကြီးကြောင်း ပိုမိုရှင်းလင်းစွာ ပုံဖော်နိုင်မည်ဖြစ်ပြီး ပိုမိုငြိမ်းချမ်း၍ ဂျန်ဒါ တန်းတူညီမျှမှု ပိုရှိသော မြန်မာနိုင်ငံကြီးအား ဖန်တီးတည်ဆောက်ရာတွင် အမျိုးသားရော၊ အမျိုးသမီးများပါ အဘယ်ကြောင့် တက်ကြွစွာ ပါဝင်သင့်ကြောင်းကိုလည်း ရှင်းလင်းပေါ်လွင်ထင်ရှားစေမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်များကို ပံ့ပိုးဆောင်ရွက်လျက်ရှိကြသော အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့် အရပ်ဖက်လူမှုအဖွဲ့ အစည်းမှ လုပ်ဆောင်သူများအတွက် အဓိက အကြံပြုချက်များ

- ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့တွင် အဓိကကျသော လုပ်ငန်းတစ်ခုအဖြစ် ဂျန်ဒါ ညီမျှမှုနှင့် မတူကွဲပြားမှုတို့ကို အားပေးမြှင့်တင်ရန်၊
- ဂျန်ဒါအား လုပ်ငန်းတိုင်းတွင် ထည့်သွင်းဆောင်ရွက်ရန် ကြိုးပမ်းရာ၌ 'အမျိုးသမီးများကို ထည့်သွင်းခြင်း' သက်သက်မျှသာ ဆောင်ရွက်ခြင်းထက် မူလအစကတည်းကိုက ဂျန်ဒါဘက်စုံဆန်းစစ်လေ့လာ မှုပေါ် အခြေခံကာ ဂျန်ဒါသက်ရောက်မှုများအတွက်အစီအစဉ်ရေးဆွဲ၊အကောင်အထည်ဖော်ခြင်းနှင့်စောင့်ကြည့်လေ့လာခြင်းများကို ဆောင်ရွက်ရန်၊
- အမျိုးသားများ၏ လိင်ဝိသေသခံယူမှုကို အသိအမှတ်ပြုရန်နှင့် ၎င်းတို့အပေါ်ထားရှိသော မျှော်လင့်ချက်များ သည် ပဋိပက္ခအတွင်း အကြမ်းဖက်သော အပြုအမူကိုဖြစ်စေ၊ ငြိမ်းချမ်းရေးတည်ဆောက်သော အပြုအမူကို ဖြစ်စေ ၎င်းတို့၏ ရွေးချယ်မှုများကို မည်သို့ တွန်းအားပေးဖြစ်ပေါ်စေကြောင်း နားလည်အသိအမှတ်ပြုရန်၊
- မသန်စွမ်းသော အမျိုးသားများ၊ သမားရိုးကျသတ်မှတ်ထားသော အမျိုးသားနှင့် အမျိုးသမီး အုပ်စုနှစ်စုတွင် ပါဝင်ခြင်းမရှိသည့် အမျိုးသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ အတင်းအကြပ် အလုပ်စေခိုင်းခံရသူ များ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရသောသူများ၊ ပြည်တွင်းတွင် ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် စစ်မှုထမ်းဟောင်း များအပါအဝင် အမျိုးသားများ၏ ထိခိုက်လွယ်မှုများကို အသိအမှတ်ပြုရန်နှင့် ကိုင်တွယ်ဖြေရှင်း ပေးရန်၊
- အမျိုးသားများ၏ ငြိမ်းချမ်းရေးနှင့် ကျားမတန်းတူညီမျှရေးအတွက် တွန်းအားပေးဆွေးနွေးတင်ပြနိုင်မှု အလား အလာကို အားပေးပံ့ပိုးရန် - အမျိုးသားများ၏ အားကို ရယူဆောင်ရွက်ရန်၊
- အမျိုးသားများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများအပေါ် ဆန့်ကျင်ကန့်ကွက်မှုများ မဖြစ် အောင် ကာကွယ်ပေးရန်၊
- ဂျန်ဒါကို သတိပြုနားလည်သော စိတ်ပိုင်း-လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ကူးပြောင်းချိန်ကာလ တရားမျှတမှု သို့မဟုတ် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို အားပေးရန်၊

# ၁။ နိဒါန်း

## ၁-၁။ မြန်မာနိုင်ငံ၏ နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံသည် အမျိုးမျိုးသော တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကားများနှင့်အတူ အိမ်ထောင်စုအဆင့် ပဋိပက္ခများ (အိမ်တွင်းအကြမ်းဖက်မှု)မှစ၍ ပိုမိုကျယ်ပြန့်သော လူမှုအဖွဲ့အစည်းအဆင့် မြေယာပဋိပက္ခများ၊ နိုင်ငံအဆင့်ရှိ တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခများအထိ အလွှာအမျိုးမျိုးရှိ အပြန်အလှန်ချိတ်ဆက်နေသော ပဋိပက္ခများလည်း ရှိနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ[1] သမိုင်းကြောင်းသည် ရှုပ်ထွေးပြီး ပဋိပက္ခများနှင့် ပြည့်နှက်နေပါသည်။ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုလျှင် ကိုလိုနီခေတ်မတိုင်မီ တိုင်းရင်းသားလူမျိုးစုဘုရင်များ အုပ်ချုပ်သည့် တိုင်းနိုင်ငံများနှင့် ထိုနိုင်ငံများကြား ဖြစ်ပွားခဲ့သည့် စစ်ပွဲများ၊ ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်အတွင်း ဗြိတိသျှနှင့် စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ကိုလိုနီအုပ်ချုပ်ရေးအောက် ရောက်ရှိခဲ့မှု၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပထမပိုင်း၌ ဂျပန်၏ အကူအညီကို ရယူခဲ့ပြီးနောက် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်၏ သိမ်းပိုက်မှုကို ဆန့်ကျင်တော်လှန်ခဲ့မှု၊ လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ်ကြား တိုတောင်းသည့် ပါလီမန်ခေတ်နှင့် ၁၉၆၂ ခုနှစ်မှ စတင်ခဲ့သည့် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော စစ်အုပ်ချုပ်ရေးခေတ်တို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သမိုင်းမှတ်တမ်းများအရ အဆိုပါခေတ်ကာလများအတွင်း အမျိုးသားများ ကြီးစိုးခဲ့ကြပြီး အမျိုးသားများအား အခွင့်အာဏာရှိသူများအဖြစ် ယူဆကာ အမျိုးသမီးများ၏ ပါဝင်ကူညီမှုများကို အသိအမှတ်ပြုမှု နည်းပါးခဲ့ပါသည်။ သို့သော် သမိုင်းကြောင်းတွင် ဩဇာကြီးမားသည့် ဘုရင်မအချို့နှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်း ထင်ရှားကျော်ကြားသည့် နိုင်ငံရေးနှင့်လူမှုရေးရာများ ဟောပြောရေးသားသူ အမျိုးသမီးများ ရှိခဲ့ပါသည်။[2]

လွတ်လပ်ရေးရပြီးစမှာပင် နိုင်ငံတွင်း၌ ဗမာ့ကွန်မြူနစ်ပါတီ[3] မှစ၍ တိုင်းရင်းသားအခွင့်အရေးများနှင့် ပိုင်နက် နယ်မြေများရရှိရေး လက်နက်ကိုင်တိုက်ပွဲဝင်ကြသော တိုင်းရင်းသားအုပ်စုများစွာ ပေါ်ထွက်လာခဲ့ပြီး လူမှုရေးနှင့်တိုင်းရင်းသား ပဋိပက္ခအများအပြား တိုးပွားလာခဲ့ပါသည်။[4] ရှေ့တန်းထွက်ကာ တိုက်ခိုက်ကြသူများသည် များသောအားဖြင့် အမျိုးသားများ ဖြစ်ပါသည်။ သို့သော် အမျိုးသမီးများသည် တိုင်းရင်းသားအုပ်စုများနှင့် နိုင်ငံရေးအတိုက်အခံအုပ်စုများတွင် အမျိုးသမီးများသည် အရေးကြီးသော အခန်းကဏ္ဍများမှ ပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံစစ်အစိုးရတွင် အမျိုးသမီးအရာရှိ အနည်းငယ်မျှသာရှိပြီး ထိုအရာရှိများမှာလည်းအဓိကအားဖြင့် ဆေးကုသရေးဘက်မှ အရာရှိများသာဖြစ်ကြပါသည်။[5] ထိုစစ်အစိုးရသည် တိုင်းရင်းသားများ (သို့မဟုတ် နိုင်ငံရေးအတိုက်အခံများ) ၏ တောင်းဆိုမှုများအား လိုက်လျောခြင်း မရှိဘဲ အကြမ်းဖက်နှိမ်နင်းခဲ့ရာ အရပ်သား အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးများလည်း ထိခိုက်ခံစားခဲ့ရပါသည်။ နောက်ပိုင်းတွင် မတတ်သာသည့်အဆုံး စစ်အစိုးရသည် အပစ်အခတ်ရပ်စဲရန် ညှိနှိုင်းဆွေးနွေးခဲ့ရပြီး နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်ရရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားသော သောင်းကျန်းသူအုပ်စုများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခဲ့ပြီး သဘာဝသယံဇာတများ (အထူးသဖြင့် သစ်၊ ကျောက်မျက်ရတနာနှင့်

1 ဗမာလူမျိုးအများစုသည် ဘားမားနှင့် မြန်မာဟူသော အခေါ်အဝေါ်နှစ်မျိုးလုံးအား အတိုင်းအတာတစ်ခုအထိ အပြန်အလှန် အသုံး ပြုခဲ့ပါသည်။ ဗြိတိသျှအင်ပါယာက ယခင်ဗမာနိုင်ငံအား ပတ်ဝန်းကျင်ရှိဒေသများနှင့် ပေါင်းကာ ကိုလိုနီအုပ်ချုပ်ရေး ယူနစ်တစ်ခု အဖြစ် ဖွဲ့စည်းခဲ့ပြီး အတိုင်းအတာအမျိုးမျိုးဖြင့် ထိန်းချုပ်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရက နိုင်ငံ၏ အမည်အား 'ပြည်ထောင်စုမြန်မာနိုင်ငံ' ဟု ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

2 M. Gravers နှင့် F. Ytzen (eds.) ရှိ M. Ditlevsen ၊ လူမှုရေးဆိုင်ရာ ပြဿနာများ - အမျိုးသမီးများ၏ အခြေအနေ (Social issues – The situation of women)၊ ၊ ဘားမား/မြန်မာ - အခု ဘယ်မှာလဲ (Burma/Myanmar – Where now?)၊ Nordic Institute of Asian Studies၊ ကိုပင်ဟေဂင်၊ ၂၀၁၄။ A. Phayre ၊ မြန်မာနိုင်ငံသမိုင်း (History of Burma)၊ လန်ဒန်၊ Trübner & Co, Ludate Hill ၊ ၁၈၈၃

3 B. Lintner ၊ ဗမာ့ကွန်မြူနစ်ပါတီ၏ အောင်မြင်မှုနှင့် ကျရှုံးခန်း (The rise and fall of the Communist Party of Burma)၊ Southeast Asia Program Publications ၊ ၁၉၉၀

4 A. South ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားနိုင်ငံရေး - ပဋိပက္ခများနှင့် နိုင်ငံ (Ethnic politics in Burma: States of conflict)၊ Routledge ၊ ၂၀၀၈

5 မြန်မာ့တပ်မတော်တွင် အမျိုးသမီးအရာရှိများအား စတင်ခေါ်ယူခန့်ထားသည်မှာ ၁၉၅၄ ခုနှစ်တွင် ဖြစ်ပြီး ၁၉၆၃ ခုနှစ်နှင့် ၂၀၁၃ခုနှစ်ကြားတွင် ဆေးဘက်ဆိုင်ရာ အရာရှိများအဖြစ်သာ ခေါ်ယူခြင်း ဖြစ်ပါသည်။ M. Myoe ၊ တပ်မတော်အား တည် ဆောက်ခြင်း - ၁၉၄၈ ခုနှစ်မှ မြန်မာ့တပ်မတော်၊ International University of Japan ၊ ၂၀၀၉ နှင့် T. McLaughlin ၊ ပထမဆုံး အမျိုးသမီးစစ်ဘက်ဆိုင်ရာအရာရှိ၊ Myanmar Times ၊ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်၊ https://www.mmtimes.com/ national-news/11487-first-women-graduate-from-officer-training-school.html

ကျောက်စိမ်း) ကို ထုတ်ယူသုံးစွဲခွင့်ပေးခဲ့ပါသည်။[6] ဆယ်စုနှစ်များစွာ ကြာမြင့်လာသည့်ကာလအတွင်း လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်မှုများသည် တိုက်ထုတ်ခံရမှုကြောင့် နယ်စပ်ဒေသများသို့ ပို၍ပို၍ ရောက်ရှိလာခဲ့ပြီး ထိုဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများမှာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်လာပါသည်။ ထိုအချိန်တွင် ပြည်မတွင်မူ စစ်အုပ်ချုပ်ရေး၊ အာဏာရှင်စနစ်က ပို၍ ခိုင်မာအားကောင်းလာပြီး ဗမာဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာတို့အား တိုင်းရင်းသားဒေသများနှင့် လူမျိုးစုများထံသို့ ပြန့်ပွားစေရန် ရည်ရွယ်လုပ်ဆောင်လာခဲ့ရာ ယင်းကို တိုင်းရင်းသားလူနည်းစုများကြား 'ဗမာမှုပြုခြင်း' ဟု ခေါ်ဝေါ်လာကြပါသည်။[7] ၂၀၀၉ခုနှစ်မှစတင်၍ မြန်မာစစ်တပ် (တပ်မတော်) သည် အမျိုးသားများကြီးစိုးသည့် ထိုလက်နက်ကိုင်အုပ်စုများအား နယ်ခြားစောင့်တပ်များအတွင်း ပေါင်းစည်းထည့်သွင်းနိုင်အောင် ကြိုးပမ်းကာ ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင် ထားခဲ့ပါသည်။[8]

ထိုအချိန်တွင် အမျိုးသားရော၊ အမျိုးသမီးပါ အင်နှင့်အားနှင့်ပါဝင်လာသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ဒီမိုကရေစီလှုပ်ရှားမှုကြီးသည် ၁၉၈၈ ခုနှစ်တွင် အရှိန်အမြင့်ဆုံးဖြစ်လာခဲ့ပါသည်။ ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့သော်လည်း စစ်တပ်မှ အာဏာလွှဲပြောင်းပေးခြင်း မရှိခဲ့ပါ။ ထို့ပြင် ဒီမိုကရေစီလှုပ်ရှားမှုသည် အကြမ်းဖက်နှိမ်နင်းခံခဲ့ရပါသည်။ ၂၀၀၇ ခုနှစ် 'ရွှေဝါရောင်တော်လှန်ရေး' တွင်လည်း လူထုကြည်ညိုလေးစားသော သံဃာတော်များသည် အသက်အရွယ်စုံ အမျိုးသား၊ အမျိုးသမီးများနှင့် လက်တွဲကာ အပြောင်းအလဲကို တောင်းဆိုရင်း အစိုးရအား ဆန့်ကျင်ကြောင်း ပြသခဲ့ပြန်ပါသည်။ အဆိုပါလှုပ်ရှားမှုသည်လည်း စစ်တပ်၏ ရက်စက်စွာ နှိမ်နင်းခြင်းကို ခံခဲ့ရပြန်ပါသည်။[9] သို့သော် ပိုမိုဒီမိုကရေစီနည်းကျသော အစိုးရပုံစံသို့ တဖြည်းဖြည်းအသွင်ကူးပြောင်းမှု စတင်လာခဲ့ပါသည်။ ထိုကူးပြောင်းမှုသည် စစ်အစိုးရမှ ရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ခုနှစ်တွင် ဦးသိန်းစိန်၏ အရပ်သားအစိုးရအမည်ခံသော်လည်း စစ်ဘက်မှ ကြီးစိုးသည့် အစိုးရကို ဖွဲ့စည်းခြင်းဖြင့် စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်တွင် NLD သည် နောက်ထပ်တစ်ကြိမ် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့ပြီး နောက်တစ်နှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရ တက်လာခဲ့ပါသည်။ ထိုအချိန်မှစ၍ စစ်တပ်သည် အာဏာကို တရားဝင်လွှဲအပ်ပေးခဲ့ပါသည်။ သို့သော် အဓိကကျသော ဝန်ကြီးဌာနသုံးခု (ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန) ကို တိုက်ရိုက်ချုပ်ကိုင်ထားပြီး ပြည်ထောင်စု နှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်များရှိ လွှတ်တော်များတွင် ၂၅%နေရာယူထားခြင်းဖြင့်တိုင်းပြည်အုပ်ချုပ်ရေးတွင်ဆုံးဖြတ်ချက်ချမှုအခန်းကဏ္ဍအားဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းကဲ့သို့သော ကြီးမားသည့် အပြောင်းအလဲများအတွက် ထိရောက်သည့် ဗီတိုအာဏာကို ချုပ်ကိုင်ထားနိုင်ခဲ့ပါသည်။

၂၀၁၀ခုနှစ်မှစတင်၍ ယခင်အစိုးရနှင့် လက်ရှိအစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) အချို့နှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်ခဲ့ပြီး ၂၀၁၅ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ သို့သော် ဤလုပ်ငန်းစဉ်သည် အချို့နယ်ပယ်ကိုသာ လွှမ်းခြုံနိုင်ခဲ့သည်။ လက်နက်ကိုင် အဖွဲ့အစည်း ၂၁ ဖွဲ့အနက် ၈ ဖွဲ့က အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ကျန် ၂ ဖွဲ့က ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးပါသည်။ အရေးကြီးသည်မှာ ဤလုပ်ငန်းစဉ်တွင် အဓိကကျသော သက်ဆိုင်သည့် လုပ်ဆောင်သူများ ဖြစ်သည့် အချို့တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အမျိုးသမီးနှင့် လူငယ်များ ပါဝင်ရန် ကျန်ရှိနေသေးသည်။

၃၀%ပါဝင်မှုအတွက် အဓိကကျသောအကောင်အထည်ဖော်မှုယန္တရားများကို ဖော်ဆောင်နိုင်မှုမရှိသေးပါ။[10] သက်ဆိုင်

---

6 K. Woods၊ အပစ်အခတ်ရပ်စဲရေး အရင်းရှင်ဝါဒ - မြန်မာ-တရုတ်နယ်စပ်ရှိ စစ်ဘက်-ပုဂ္ဂလိက ပူးပေါင်းမှုများ၊ သယံဇာတများ ထုတ်ယူခွင့်ချပေးခြင်းများနှင့် စစ်တပ်-နိုင်ငံတည်ဆောက်ရေး၊ (Ceasefire capitalism: Military–private partnerships, resource concessions and military–state building in the Burma–China borderlands)၊ The Journal of Peasant Studies၊ 38:4 ၊ ၂၀၁၁၊ စာမျက်နှာ ၇၄၇-၇၇၀

7 M. Smith၊ ပဋိပက္ခတိုင်းပြည် - မြန်မာနိုင်ငံရှိ တိုင်းရင်းသားပဋိပက္ခများ (State of strife: The dynamics of ethnic conflict in Burma)၊ ၂၀၀၇

8 P. Keenan၊ လက်နက်အင်အားဖြင့် - မြန်မာနိုင်ငံရှိ လက်နက်ကိုင်တိုင်းရင်းသားအုပ်စုများ (By force of arms: Armed ethnic groups in Burma)၊ နယူးဒေလီ၊ Vij Books၊ ၂၀၁၃

9 ၂၀၀၈ခုနှစ်က Anders Østergaard ရိုက်ကူးသော ဒိန်းမတ်မှတ်တမ်းရုပ်ရှင် #2Burma VJ: Reporting from a closed country တွင် မှတ်တမ်းတင်ထားပါသည်။

10 AGIPP, If half the population mattered: A critique of the Myanmar Nationwide Ceasefire Agreement and Joint Monitoring Committee Frameward from a gender perspective, Policy Brief 4, Yangon, 2018

သည့် လုပ်ဆောင်သူများကြား နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်သည် တဖြည်းဖြည်း တိုးတက်ဖြစ်ပေါ် လျက်ရှိသည့်တိုင် "ဤလုပ်ငန်းစဉ်တွင် အရေးကြီးသည့်ချို့ယွင်းချက်များ ရှိနေသည်ဟု သံသယဖြစ်မှုများ အနည်းငယ်ရှိနေပါသည်။" [11] ထို့ကြောင့် လက်နက်ကိုင် အကြမ်းဖက်မှုများသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်များတွင် ဆက်လက်၍ အရှိန်မြင့် တက်နေပြီး ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်များတွင်လည်း ထိပ်တိုက်တွေ့မှုများ ဖြစ်ပွားနေသည့် အခြေအနေတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို အပြီးသတ်လက်မှတ် ရေးထိုးရန် ဖြစ်နိုင်ဖွယ်မရှိသေးသည့်ပုံ မြင်တွေ့ရပါသည်။ NCA လက်မှတ်ထိုးပြီးသည့်အချိန်မှစ၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ထိုးစစ်များ ကြောင့် အရပ်သား ၁၅၀,၀၀၀ ကျော်၊ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် တပ်မတော်ကြား တိုက်ပွဲများကြောင့် ၈,၅၀၀ နေရပ်စွန့်ခွာခဲ့ရပြီး လူပေါင်း ၇၀၀,၀၀၀ ကျော် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြပါသည်။[12] ၂၀၀၈ခုနှစ်တွင် Duffield က ဆယ်စုနှစ်နှင့်ချီသော ကာလရှည်ကြာ အရေးပေါ်အခြေအနေဖြစ်ပေါ်နေမှု၏ ပြည်သူများအပေါ် သက်ရောက်မှုအကြောင်း ရေးသားရာတွင် မြန်မာနိုင်ငံအား အောက်ပါအတိုင်း ပုံဖော်ထားပါသည် -

> *"ပြည်သူများ၏ တစ်ဦးထက်မကသော အုပ်ချုပ်သူများသည် ယုံကြည်မှုနှင့် လက်ခံမှု ရရှိစေရန် အပြိုင်အဆိုင် လုပ်ဆောင်နေကြသည့် နိုင်ငံတကာနှင့်ဆက်စပ်သော စစ်မြေပြင်တစ်ခု၊ အဆိုပါ သတ်မှတ်ချက်ဝင်ရိုးများအတွင်းနှင့် အနီးတစ်ဝိုက်တွင် အစိုးရဗျူရိုကရေစီအရာရှိများ၊ အပစ်အခတ်ရပ်စဲထားသော အုပ်စုများ၊ အပစ်အခတ်ရပ်စဲခြင်းမရှိသည့် အုပ်စုများ၊ အကူအညီပေးရေး အဖွဲ့အစည်းများနှင့် အလှူရှင်အစိုးရများဟူသည့် လုပ်ဆောင်သူမျိုးစုံ သောင်းပြောင်းစုံလင် ရှိနေပါသည်။ ၎င်းတို့သည် အကျပ်ကိုင်ရန်၊ အခွန်ကောက်ရန် သို့မဟုတ် ပြည်သူများကို ပိုင်ဆိုင်သည့်အရာများ လက်လွှတ်ဆုံးရှုံးအောင်လုပ်ရန် ကြိုးစားနေကြပြီး သို့မဟုတ်လျှင် ပြည်သူများအား ကာကွယ်စောင့်ရှောက်ရန်၊ ပညာပေးရန်နှင့် ဘဝများ တိုးတက်စေရန် ကြိုးပမ်းနေကြပါသည်။"* [13]

အဆိုပါဖော်ပြချက်များ နောက်ပိုင်း မြန်မာနိုင်ငံတွင် သိသာထင်ရှားသည့် နိုင်ငံရေးနှင့် စီးပွားရေး ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည့်တိုင် တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာ ပဋိပက္ခဒဏ်သင့်ပြည်နယ်များတွင် ထိုဖော်ပြချက်များသည် သင့်လျော်မှန်ကန်နေဆဲဖြစ်ပါသည်။

## ၁-၂။ အမျိုးသားများနှင့် ယောက်ျားပီသမှုလက္ခဏာများအကြောင်း လေ့လာရခြင်းအကြောင်းရင်း

၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလတွင် ချမှတ်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၌ ပဋိပက္ခဒဏ်သင့်သော အမျိုးသမီးများနှင့် မိန်းကလေးများ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးအား အတည်ပြုခဲ့ပြီး နိုင်ငံများနှင့် နိုင်ငံတကာ လုပ်ဆောင်သူများသည် ထိုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်၊ ကယ်ဆယ်ရေးအထောက်အပံ့များပေးရန်နှင့် အကြမ်းဖက်မှုကို တားဆီးကာကွယ်ပေးရန် တာဝန်ရှိကြောင်းလည်း သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုအချိန်မှစ၍ ပဋိပက္ခကို နားလည်သိရှိရန်နှင့် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ရာတွင် ဂျန်ဒါသည် အရေးကြီးကြောင်း နားလည်သိရှိမှုများ မြင့်မားလာခဲ့ပါသည်။[14] သုတေသနများအရလည်း ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများတွင် အမျိုးသမီးများ ထိရောက်

---

11 P. Keenan၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့် ယုတ်လျော့လာခြင်း - မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မျက်မှောက်အခြေအနေ၊ (Negotiation and attrition: The current state of the Myanmar peace process)၊ Background Paper No. 1/18၊ ယူရိုဘားမားရုံး (EBO)၊ ၂၀၁၈ ဧပြီလ

12 မြန်မာနိုင်ငံ၏ လမ်းဆုံးရောက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် - မြေယာကဏ္ဍအား လေ့လာခြင်း (Burma's dead-end peace negotiation process: A case study of the land sector)၊ Karen Peace Support Network မှ သတင်းဖော်ပြချက်၊ ၂၀၁၈ ဇူလိုင် ၅ ရက်၊ https://www.facebook.com/KPSN.karen/photos/pcb.2126340674309529/2126340437642886

13 M. Duffield၊ 'no man's land' ၏ အစွန်အဖျား - မြန်မာနိုင်ငံရှိ နာတာရှည် အရေးပေါ်အခြေအနေ (On the edge of 'no man's land': Chronic emergency in Myanmar)၊ Department of Politics ၊ University of Bristol ၊ ၂၀၀၈

14 UN Women, Wome's meaningful participation in negotiating peace and the implementation of peace agreements – Report of the Expert Group Meeting, 2018

စွာ ပါဝင်ဆောင်ရွက်မည်ဆိုလျှင် ငြိမ်းချမ်းရေးသဘောတူညီချက်အား အောင်မြင်စွာချုပ်ဆိုနိုင်သည့် အလား အလာနှင့် သဘောတူညီချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့် အလားအလာ ပိုမိုကြီးမားကြောင်း တွေ့ရှိထားပြီး ဖြစ်ပါသည်။[15] သို့သော် မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ ကျင်းပခဲ့သည့် မည်သည့်တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်မျှ အမျိုးသမီးများ၏ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် ဂျန်ဒါ ရှုထောင့်အား လုံလောက်စွာ ဘက်စုံထည့်သွင်းဆောင်ရွက်မှုကို မတွေ့ခဲ့ရပါ။ (အသေးစိတ်ကို အပိုင်း ၃.၄ တွင်ကြည့်ပါ)[16]

ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းနှင့် အကြမ်းဖက်မှုနှင့် ပဋိပက္ခ၏ အမျိုးသမီးများနှင့် မိန်းကလေးများ ဘဝအပေါ် သက်ရောက်မှုတို့ကို လျှော့ချခြင်းတို့အား ဆောင်ရွက်နိုင်ဖရန် ဂျန်ဒါစံသတ်မှတ်ချက်များ၊ လိင်ဝိသေသခံယူမှုများနှင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုနစ်မျိုးစလုံး၏ ကျားမအလိုက် တွေ့ကြုံခံစားရမှုများကို ပြည့်စုံစွာ အသေးစိတ်နားလည်သဘောပေါက်ရန် လိုအပ်ပါလိမ့်မည်။ တရားဝင်လုပ်ငန်းစဉ်များ၊ အခြေအနေများတွင် များသောအားဖြင့် အမျိုးသမီးများ မပါဝင်ဘဲ ရှိတတ်သောကြောင့် 'ဂျန်ဒါ' ဟုဆိုလျှင် များသောအားဖြင့် 'အမျိုးသမီးများနှင့် မိန်းကလေးများ' ကို ရည်ညွှန်းလေ့ရှိပါသည်။ သို့သော် 'ဂျန်ဒါ၏ အခြားမျက်နှာစာတစ်ဘက်' တွင် ရှိသည့် အမျိုးသားများနှင့် ယောက်ျားလေးများ၏ အတွေ့အကြုံများကို ကောင်းစွာနားလည်ခြင်း မရှိကြပါ။ မြန်မာနိုင်ငံတွင် ယနေ့အချိန်အထိ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်အတွင်း ဂျန်ဒါကို ပိုမိုထိရောက်စွာ ပေါင်းစပ်ထည့်သွင်းရန် အရေးကြီးသော အားထုတ်မှုအချို့ ပြုလုပ်ခဲ့ပြီးဖြစ်သည့်တိုင် ယောကျ်ားပီသမှုနှင့် ပဋိပက္ခ/ငြိမ်းချမ်းရေတည်ဆောက်မှုတို့ကြား အပြန်အလှန်ဆက်နွယ်သက် ရောက်နေမှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ဝေဖန်စစ်ကြောဆန်းစစ်မှုများကို တရားဝင်နှင့် အလွတ်သဘော ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများတွင် ယခုအချိန်အထိ မပြုလုပ်ကြသေးပါ။ ဤလေ့လာမှုတွင် မြန်မာနိုင်ငံရှိ အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လူမှုအသိုင်းအဝိုင်းမှ ထားရှိသော မျှော်လင့်ချက်များနှင့် ထိုမျှော်လင့်ချက်များသည် ပဋိပက္ခ၊ အကြမ်းဖက်မှု သို့မဟုတ် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ၎င်းတို့၏ ပါဝင်ပတ်သက် ဆောင်ရွက်မှုအား မည်သို့ တွန်းအားပေးသည် သို့မဟုတ် မည်သို့ အဟန့်အတားဖြစ်စေသည်ဆိုသည်ကို ပိုမိုနားလည် သိရှိစေရန် ကြိုးပမ်းထားပါသည်။

အခြားသောနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများ၊ မိန်းကလေးများနှင့် အခြားသောလိင်ဝိသေသခံယူမှုရှိသူများအပေါ် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ၏ သက်ရောက်ပုံများသည် မတူညီကြပါ။ အရင်းအမြစ်များကို လက်လှမ်းမီအသုံးပြုနိုင်မှု၊ အခွင့်အာဏာနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်မှုများသည် လူတစ်ဦး၏ ဂျန်ဒါ၊ အသက်အရွယ်၊ တိုင်းရင်းသားလူမျိုး၊ နေရာဒေသ၊ ကြွယ်ဝမှု၊ အိမ်ထောင်ရှိမှု/မရှိမှု၊ လိင်ပိုင်း ဆိုင်ရာ တိမ်းညွှတ်မှု သို့မဟုတ် မသန်စွမ်းမှုများပေါ် မူတည်ကာ များစွာ ကွာခြားသွားနိုင်ပါသည်။[17] အဆိုပါ ဝိသေသလက္ခဏာအမျိုးမျိုး ပေါင်းဆုံကာ ထိခိုက်လွယ်မှုများကို တိုးပွားစေသည့် အကြောင်းအချက်မျိုးစုံနှင့်အတူ လူတစ်ဦး၏ လုပ်ဆောင်နိုင်စွမ်းနှင့် အခွင့်အာဏာအပေါ် များစွာ သက်ရောက်နိုင်ပါသည်။ ထို့ကြောင့် ထုံးတမ်းစဉ်လာအရ အမျိုးသားများသည် အမျိုးသမီးများထက် ပိုမို အဆင့်မြင့်သော အနေအထားကို ပိုင်ဆိုင်နိုင်ကြသည်မှန်သော်လည်း မြို့ပြမှ ချမ်းသာကြွယ်ဝပြီး လူမျိုးကြီးဖြစ်သည့် ဗမာအမျိုးသမီးတစ်ဦးသည် ဝေးလံခေါင်ဖျား ပဋိပက္ခဒေသရှိ တိုင်းရင်းသားလူနည်းစုဝင် (၎င်း၏ လူမှုအသိုင်းအဝိုင်းက လက်နက်ကိုင်တပ်ဖွဲ့ထဲသို့ ဝင်ရောက်ရန် မျှော်လင့်ခြင်းခံရသည့်) လူငယ်လေးတစ်ဦးထက် အရင်းအမြစ်များနှင့် ဩဇာအာဏာကို ပိုမို လက်လှမ်းမီနိုင်ဖွယ်ရှိပါသည်။ အလားတူပင် ရန်ကုန်မြို့ရှိ အထက်တန်းလွှာ လိင်တူစုံမက်သူအမျိုးသားတစ်ဦးသည် အဆင့်အတန်းနိမ့်ကျသည့် ကျေးလက်မှ ရွှေ့ပြောင်းလာပြီး နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်နေသည့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူအမျိုးသမီးတစ်ဦးထက် သူ၏ လိင် ဝိသေသခံယူမှုနှင့်အညီ လွတ်လပ်စွာ နေထိုင်နိုင်ခွင့် ပိုမိုရရှိနိုင်ပြီး ထိုအမျိုးသမီးမှာမူ လူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့ ပြစ်တင် ရှုတ်ချမှုဒဏ်ကို များစွာရင်ဆိုင်ရနိုင်ပါသည်။

15 T. Paffenholz ၊ A. Potter Prentice နှင့် C. Buchanan၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများအား ထည့်သွင်းဆောင်ရွက်စေခြင်း၏ အရေအတွက်နှင့် အရည်အသွေးများအကြောင်း အချက်အလက်အသစ်များ (Fresh insights on the quantity and quality of women's inclusion in peace processes)၊ 'ပါဝင်ဆောင်ရွက်မှုကို တိုးတက်စေခြင်း' နှင့် 'အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု' စီမံချက်များမှ တွေ့ရှိချက်များအပေါ် ကျွမ်းကျင်ပညာရှင်များ၏ အမြင်များ၊ ဂျီနီဗာ၊ The Graduate Institute of Geneva and Crisis Management Initiative ၊ ၂၀၁၅

16 ရန်ကုန်ရှိ FGD များ၊ ၂၀၁၇၊ ဇူလိုင်လ၊

17 H. Myrttinen၊ J. El-Bushra နှင့် J. Naujoks၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ကျားမရေးရာကို ပြန်လည်စဉ်းစားသုံးသပ်ခြင်း (Re-thinking gender in peacebuilding)၊ လန်ဒန်၊ International Alert ၊ ၂၀၁၄၊ http://www.international-alert.org/resources/publications/rethinking-gender-peacebuilding

ယောက်ျားပီသရမည်ဟူသည့် မျှော်လင့်ချက်များ ထားရှိမှုသည် မကြာခဏဆိုသလို မျက်စိလျှမ်းတတ်သော (သို့မဟုတ် အလေးထားလေ့မရှိသော) ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို တွန်းအားပေးမောင်းနှင်သည့် အရာတစ်ခုဖြစ်ပါသည်။ သို့သော် ယင်းသည် ရုတ်တရက်ကြည့်လျှင် မဖြစ်နိုင်ဟု ထင်ရသော်လည်း အမျိုးသားများနှင့် ယောက်ျားလေးများအတွက် ထိခိုက်လွယ်မှုကို တိုးပွားစေသော အရေးကြီးသော အကြောင်းအချက်တစ်ခုလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ပဋိပက္ခဒဏ်သင့်သော သို့မဟုတ် ငြိမ်းချမ်းရေးကို တည်ဆောက်နေသော အခြေအနေတစ်ခုတွင် အမျိုးသားများနှင့် ယောက်ျားလေးများသည် အသက်အရွယ်၊ လူမှုအဆင့်အတန်း၊ တိုင်းရင်းသားလူမျိုး၊ စသည် အလိုက် ပြုမူလုပ်ဆောင်ပုံနှင့် ပြုမူလုပ်ဆောင်ရန် မျှော်လင့်ခံရပုံတို့ကို နားလည်သိရှိခြင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်သူများသည် အပြန်အလှန် ဆက်နွှယ်တုံ့ပြန်ပုံများကို ပိုမိုနားလည်သိရှိကာ မူဝါဒများနှင့် ကျင့်သုံးမှုများတွင် ထည့်သွင်းလုပ်ဆောင်နိုင်ပါသည်။ အမျိုးသားများနှင့် ယောက်ျားလေးများသည် တိုက်ခိုက်သူများ၊ ညှိနှိုင်းဆွေးနွေးသူများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများအဖြစ် ပါဝင်ပတ်သက်နေကြပါသည်။ ၎င်းတို့သည် နစ်နာသူများ၊ ကျူးလွန်သူများ၊ အကြမ်းဖက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းဒဏ်ခံရပြီး လွတ်မြောက်လာသူများ၊ ကာကွယ်စောင့်ရှောက်သူများနှင့် အကူအညီပေးသူများ၊ ထောက်ခံအားပေးသူများ၊ မီဒီယာ နှင့် ဘေးမှရပ်ကြည့်သူများ၊ ဖြစ်မြောက်အောင် ကူညီသူများ၊ ဖျက်ဆီးသူများနှင့် ကြားနေသူများ ဖြစ်ပါသည်။ မကြာခဏဆိုသလို ၎င်းတို့အပေါ် ထားရှိသော မျှော်လင့်ချက်များက အကြမ်းဖက်ပဋိပက္ခများကို ဆက်လက်ဖြစ်ပွားစေတတ်ပါသည်။ ထိုမျှသာမက အဆိုပါမျှော်လင့်ချက်များကြောင့်ပင် လူမှုအဖွဲ့အစည်းအတွင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများအား လက်အောက်ခံအဆင့်သို့ နှိမ့်ချကာ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှု (SGBV)များအပါအဝင် ပုဂ္ဂိုလ်ရေးဘဝများတွင်လည်း အကြမ်းဖက်မှုများကို ဖြစ်ပွားစေပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် ယင်းသည် အမျိုးသားများကိုယ်တိုင်အတွက်လည်း အကြမ်းဖက်မှုနှင့် ဖယ်ကြဉ်မှုများ ခံရနိုင်ခြေအား တိုးမြင့်စေပါသည်။ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အမျိုးသားများကိုယ်တိုင် ၎င်းတို့ကိုယ် ၎င်းတို့ အမျိုးသားများအဖြစ် လိင်ဝိသေသခံယူမှုမှ ဖြစ်ပေါ်လာသည့် ယောက်ျားပီသမှု ဟူသည့် ခံယူချက်သည် အခရာကျပြီး အတွေ့ရများလှသော်လည်း ယင်းသည် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအပေါ်၊ ကျားမ တန်းတူညီမျှမှုအပေါ် မည်သို့ သက်ရောက်မှုရှိကြောင်းကို ကမ္ဘာတစ်ဝှမ်းရှိ ငြိမ်းချမ်းရေးတည်ဆောက်မှု မူဝါဒများ၊ ကျင့်သုံးမှုများနှင့် သုတေသနများတွင် ဆွေးနွေးပြောဆိုခဲလှပါသည်။

သြဇာအာဏာရှိသူများက ယောက်ျားပီသမှုဆိုင်ရာ စံသတ်မှတ်ချက်များအား အသုံးပြုကာ သို့မဟုတ် ကြိုးကိုင်ခြယ်လှယ်ကာ အကြမ်းဖက်လုပ်ရပ်များအတွက် အသုံးချနိုင်သောကြောင့် ဤအချက်သည် အရေးကြီးပါသည်။ ဥပမာ အမျိုးသားများအား ပြင်ပမှ ခြိမ်းခြောက်မှုများအဖြစ် ရှုမြင်သည့် အန္တရာယ်များမှ မိမိတို့၏ရပ်ရွာကို ကာကွယ်စောင့်ရှောက်ပေးမည့်သူများအဖြစ် မျှော်လင့်ချက်ထားရှိမှုများကို နှိုးဆွကာ အသုံးပြုနိုင်ပါသည်။ ဂျန်ဒါနှင့်စပ်လျဉ်းသည့် ဤရှုထောင့်အား လျစ်လျူရှုသည့် ပဋိပက္ခဆန်းစစ်လေ့လာမှုနှင့် လုပ်ဆောင်မှုများသည် ပြည့်စုံခြင်းမရှိဘဲ ငြိမ်းချမ်းရေးအတွက် ဝင်ပေါက်များကို မျက်စိလျှမ်းသွားနိုင်သလို ၎င်းတို့၏ လုပ်ဆောင်ချက်များ၏ သက်ရောက်မှုများကိုလည်း အပြည့်အဝ နားလည်သိရှိနိုင်မည် မဟုတ်ပါ။ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းမှုများတွင် ဂျန်ဒါ စံသတ်မှတ်ချက်များ၏ ပဋိပက္ခအပေါ်သက်ရောက်မှုနှင့် ပဋိပက္ခ၏ လူမှုအသိုင်းအဝိုင်းအတွင်းရှိ ဂျန်ဒါ စံသတ်မှတ်ချက်များအပေါ် သက်ရောက်မှု နှစ်မျိုးစလုံးအား လေ့လာသည့် ပဋိပက္ခအခြေအနေဘက်စုံဆန်းစစ်လေ့လာမှုကို ပြုလုပ်မှသာလျှင် ပိုမိုထိရောက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ထိုသို့သော လေ့လာဆန်းစစ်မှုအား ယခုမှသာ စတင်ပြုလုပ်နိုင်ရန် ကြိုးပမ်းနေပါသည်။ ဥပမာ Hedstrom နှင့် Brenner တို့က ကချင်ပြည်နယ်တွင် သြဇာအာဏာရှိသူများသည် လိင်ဝိသေသခံယူမှုများအား အသုံးချပုံများကို လေ့လာဆန်းစစ်ခဲ့ပါသည်။[18]

18 J. Hedstroem၊ ကျားမရေးရာနှင့် မြန်မာနိုင်ငံ၏ကချင်ပဋိပက္ခ (Gender and Myanmar’s Kachin conflict)၊ နယူးမန္တလာ၊ ၂၀၁၅၊ http://www.newmandala.org/gender-and-myanmars-kachin-conflict; ၊ D. Brenner ၊ တော်လှန်သူအုပ်စုများရှိ လုပ်ပိုင်ခွင့်အာဏာ - ဝိသေသခံယူမှု၊ အသိအမှတ်ပြုမှုနှင့် တရားဝင်ဖြစ်မှုအတွက် ရုန်းကန်ခြင်းများ၊ (Authority in rebel groups: Identity, recognition and the struggle over legitimacy)၊ Contemporary Politics၊ 23(4)၊ ၂၀၁၇

## ၁-၃။ စီမံချက်၏ နောက်ခံအကြောင်းအရာ

ဤသုတေသနအား International Alert မှ ဖန်တီးအိမ် (PTE)၊ သင်္ဂဟ (TGO) တို့နှင့်ပူးပေါင်း၍ Paung Sie Facility (ယခင်က Peace Support Fund) ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ယေဘုယျပန်းတိုင်မှာ မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းမှုများတွင် ဂျန်ဒါအား ဘက်စုံချဉ်းကပ် ဆောင်ရွက်မှုများကို အောက်ပါနည်းလမ်းများဖြင့် ပေါင်းစပ်ထည့်သွင်းပေးခြင်းဖြင့် ပိုမိုအားကောင်းလာအောင် ကူညီပေးရန် ဖြစ်ပါသည် - ပဋိပက္ခဒဏ်သင့်သော အမျိုးသားများနှင့် ယောကျ်ားပီသမှုဆိုင်ရာ ခံယူချက်များကို ပိုမိုသိရှိနားလည်စေခြင်းနှင့် ဤနားလည်သိရှိမှုအား ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့် မတူကွဲပြားသော လုပ်ဆောင်သူများ၏ လုပ်ငန်းများအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်အောင် ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

## ၁-၄။ အသုံးပြုသော နည်းစနစ်နှင့် ကန့်သတ်ချက်များ

ဤသုတေသနတွင် အရည်အသွေးဆိုင်ရာ သုတေသနပြုလုပ်ခြင်းနည်းလမ်းကို အသုံးပြု၍ ရွေးချယ်ထားသော နေရာဒေသနှစ်ခုရှိ (တနင်္သာရီ နှင့် ရှမ်းတောင်ပိုင်း) ဂျန်ဒါ၊ ယောကျ်ားပီသမှု စရိုက်လက္ခဏာများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများအကြောင်း လေ့လာတင်ပြနိုင်ရန် ကြိုးပမ်းထားပါသည်။ မြန်မာနိုင်ငံတွင် နေရာဒေသများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူမှုစီးပွားအခြေအနေများ မတူညီလျှင် လုပ်ဆောင်သူများ၊ အနာဂတ်အလားအလာများနှင့် ပဋိပက္ခများလည်း များစွာကွဲပြားခြားနားသွားမည်ဖြစ်ကြောင်းကို သုတေသနပညာရှင်များက သိရှိထားပါသည်။ ထို့ကြောင့် ဤသုတေသနသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအား ကိုယ်စားပြုလိမ့်မည်ဟု မဆိုနိုင်ပါ။ သို့သော် ယောကျ်ားပီသမှု လက္ခဏာအမျိုးမျိုး၊ ပိုမိုကျယ်ပြန့်စွာဆိုရလျှင် မြန်မာနိုင်ငံရှိ ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများကို နားလည်သိရှိရန် လမ်းညွှန်တစ်ခုအဖြစ် အသုံးပြုနိုင်ရန် ရည်ရွယ် ပါသည်။

**ယောကျ်ားပီသမှု လက္ခဏာများ (Masculinities) ဆိုသည်မှာ လူမှုအဖွဲ့အစည်းက အမျိုးသားများအပေါ် အမျိုးသားများဖြစ်နေခြင်းကြောင့် မည်သို့မည်ပုံ ပြုမူဆောင်ရွက်သင့်သည်ဟု မျှော်လင့်ထားသော မျှော်လင့်ချက်များကို ရည်ညွှန်းပါသည်။ အဆိုပါ မျှော်လင့်ချက်များသည် အသက်အရွယ်၊ လူမှုစီးပွားနောက်ခံ အခြေအနေ၊ ကိုးကွယ်သည့်ဘာသာ၊ တိုင်းရင်းသားလူမျိုးစုနှင့် နေရာဒေသကဲ့သို့သော အခြားအကြောင်း အချက်အမျိုးမျိုးပေါ်တွင် မူတည်ကာ အမျိုးမျိုး ကွဲပြားသွားပါသည်။**

သုတေသနအဖွဲ့သည် ၂၀၁၇ခုနှစ်၊ ဇွန်လမှ နိုဝင်ဘာလကြားတွင် ရန်ကုန်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ဦးတည်အုပ်စုဆွေးနွေးပွဲ (FGDs) ၁၆ ခု နှင့် အဓိကသတင်းအချက်အလက်ပေးနိုင်သူများအား တွေ့ဆုံမေးမြန်းမှု (KIIs) ၈၅ ခု ပြုလုပ်ခဲ့ရာ အမျိုးသားပေါင်း ၁၆၂ ဦးနှင့် အမျိုးသမီးပေါင်း ၉၇ ဦးတို့ သုတေသနတွင် ပါဝင်ဖြေဆိုပေးခဲ့ကြပါသည်။ FGD များနှင့် KII များအား အောက်ပါအုပ်စုများနှင့် ဆောင်ရွက်ခဲ့ပါသည် - မြေယာအခွင့်အရေးနှင့် လူ့အခွင့်အရေးများအတွက် တက်ကြွလှုပ်ရှားသူများအပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့များ၊ လိင်တူချစ်သူအမျိုးသမီး၊ လိင်တူချစ်သူ အမျိုးသား၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံးချစ်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူနှင့် အင်္ဂါနှစ်မျိုးစလုံးပါသူ သို့မဟုတ် ဆန့်ကျင်ဘက်လိင်အား စိတ်မဝင်စားသူ (LGBTQ) အခွင့်အရေးများအတွက် ဆောင်ရွက်နေသော အဖွဲ့များ၊ ဒေသခံအာဏာပိုင်များနှင့် အစိုးရ အကျိုးသက်ဆိုင်သူများ၊ နိုင်ငံရေးပါတီများ၊ စစ်မှုထမ်းဟောင်းများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ယခင်က လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ ရှေ့နေများ၊ မီဒီယာများ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ဆောင်သူများနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ပဋိပက္ခဒဏ်သင့်သော လူမှုအသိုင်းအဝိုင်းများ ဖြစ်ပါသည်။ အသုံးပြုမည့်နည်းစနစ်အား ဒီဇိုင်းရေးဆွဲခြင်းနှင့် ဆန်းစစ်လေ့လာမှုများကို ပူးတွဲလုပ်ဆောင်ရာတွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာရှိ ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (GPS) ဆိုင်ရာ ထုတ်ဝေထားပြီး ဖြစ်သော စာရွက်စာတမ်း စာအုပ်များ လက်ရှိမူဝါဒဆွေး နွေးမှုများကို သုံးသပ်လေ့လာကာ ဆောင်ရွက်ပါသည်။

သုတေသနအား ရန်ကုန် (နိုင်ငံအဆင့်တွင် လုပ်ဆောင်နေသော အကျိုးသက်ဆိုင်သူများ၏ တစ်နိုင်ငံလုံးကို လွှမ်းခြုံသော ရှုထောင့်ကို ရရှိစေရန်နှင့် ကချင်ပြည်နယ်မှ ကျောင်းသား၊ ကျောင်းသူများကဲ့သို့ အခြားသော ပဋိပက္ခဒေသများမှ အကျိုးသက်ဆိုင်သူများ၏ ရှုထောင့်များကိုပါ ထည့်သွင်းနိုင်ရန်) နှင့် လေ့လာရန် ရွေးချယ်ထားသော ပဋိပက္ခဒဏ်သင့်ခဲ့သည့်နေရာနှစ်ခုဖြစ်သော ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါနေရာများအား ရွေးချယ်ခဲ့ခြင်းမှာ ပဋိပက္ခနှင့်စပ်လျဉ်းသည့် ၎င်းတို့၏အတွေ့အကြုံနှင့် ပဋိပက္ခနှင့်ထိတွေ့မှု အခြေအနေများအရသာမက သုတေသနအဖွဲ့အတွက် သွားလာရလွယ်ကူမှုနှင့် လုံခြုံမှုတို့ပေါ်မူတည်ကာ ရွေးချယ်ခဲ့ ခြင်း ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီးရှိ သုတေသနလုပ်ငန်းများအား PTE မှ ဦးဆောင်ကာ ထားဝယ်၊ ရေဖြူနှင့် လောင်းလုံမြို့နယ်များတွင် ဆောင်ရွက်ခဲ့ပြီး အဓိကအားဖြင့် ထားဝယ်လူမျိုးများ ပါဝင်ကာ KNU ဆက်ဆံရေးရုံးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ ကရင်အဖွဲ့ဝင်တို့လည်း ပါဝင်ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင်မူ TGO မှ ဦးဆောင်၍ တောင်ကြီးမြို့နှင့် ပအိုးဝ်တိုင်းရင်းသားများနှင့် ရှမ်းတိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာအချို့တွင် သုတေသနများကို ဆောင်ရွက်ခဲ့ပါသည်။ ထိုရွာများသည် ပအိုးဝ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (SAZ) နှင့် နီးသောရွာများ ဖြစ်ပါသည်။ သို့သော် ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းတွင်မူ သုတေသနကို ဆောင်ရွက်ခဲ့ခြင်း မရှိပါ။[19] သုတေသနတွင် ပါဝင်ဖြေဆိုပေးမည့်သူများအား စီမံချက်မိတ်ဖက်များက ချိတ်ဆက်ထားသည့် ကွန်ရက်များကို အခြေပြုကာ ၎င်းတို့၏ အတွေ့အကြုံများ၊ နားလည်ကျွမ်းကျင်မှုများပေါ်တွင် အခြေခံကာ ရွေးချယ်ပေးခဲ့ခြင်း ဖြစ်သည်။ သုတေသနတွင် ပါဝင်ဖြေဆိုသူများအတွက် လုံခြုံရေးနှင့် လျှို့ဝှက်ထိန်းသိမ်းပေးနိုင်ရေးအတွက် ရွာအမည်၊ အဖွဲ့အစည်းအမည် သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အမည်များကို ဖော်ပြခြင်းမပြုဘဲ ၎င်းတို့သည် မည်သည့်ပြည်နယ် သို့မဟုတ် မည်သည့် မြို့နယ်မှ ဆိုသည် ကိုသာ ရည်ညွှန်းဖော်ပြထားပါသည်။

19 ပါဝင်ဖြေဆိုပေးသူများအတွက် လျှို့ဝှက်ထိန်းသိမ်းပေးနိုင်စေရန် သုတေသနပြု လေ့လာခဲ့သည့် နေရာဒေသအတိအကျအား ဖော်ပြခြင်း ပြုမည်မဟုတ်ပါ။

# ၂။ မြန်မာနိုင်ငံရှိ ဂျန်ဒါ၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

## ၂-၁။ နိုင်ငံအကြောင်း ခြုံငုံတင်ပြချက်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာစကား မျိုးစုံရှိနေပြီး အပြန်အလှန်ချိတ်ဆက်နေသော အလွှာ အမျိုးမျိုးရှိသည့် ပဋိပက္ခလည်း ရှိပါသည်။ ပဋိပက္ခများသည် နိုင်ငံရေးအခြေအနေနှင့် တိုင်းရင်းသားဒေသအမျိုးမျိုး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်စပ်လျဉ်းသော နိုင်ငံအဆင့် တိုင်းရင်းသားနိုင်ငံရေးပဋိပက္ခများ[20] မှစ၍ လူပုဂ္ဂိုလ်များကြား၊ လူမှု အသိုင်းအဝိုင်းများကြား၊ ပုဂ္ဂလိကကဏ္ဍနှင့်အစိုးရများကြား မြေယာနှင့်စပ်လျဉ်းသော ပဋိပက္ခများအထိ အမျိုးမျိုး အပြားပြား ရှိနေသလို[21] ဖြစ်ပွားမှုနှုန်းမြင့်မားသည့် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ပုဂ္ဂိုလ်ရေးပဋိပက္ခနှင့် အကြမ်း ဖက်မှုများလည်း ရှိနေပါသည်။[22] NLD ဦးဆောင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသော တိုးတက်မှုများ ရရှိနေပါသည်။ သို့သော် ဖြေဆိုသူများက ထိုလုပ်ငန်းစဉ်တွင် အားလုံးပါဝင်နိုင်မှုမရှိဘဲ (NCA လက်မှတ်မထိုးထား သော အုပ်စုများ ပါဝင်နိုင်ခြင်းမရှိသလို အမျိုးသမီးများနှင့် လူငယ်များ၏ ကိုယ်စားပြုပါဝင်မှုမှာလည်း ရှိသင့်သလောက် မရှိသေး) ရှမ်းပြည်နယ်ရှိ နိုင်ငံရေးဆွေးနွေးပွဲများကဲ့သို့ နှောင့်နှေးမှုများ၊ အငြင်းပွားစရာများ ရှိနေသည်ဟု သုံးသပ်ကြ ပါသည်။[23]

ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တွင် အမျိုးသမီးများ ပါဝင်မှုအား ၃၀% ရရှိအောင် 'ကြိုးပမ်းဆောင်ရွက်ရမည်' ဟူသော အချက်နှင့် လူ့အခွင့်အရေးများနှင့် ဂျန်ဒါတန်းတူညီမျှရေးအပါအဝင် လူမှုရေးကိစ္စရပ်များကို အစည်းအဝေးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဆွေးနွေးရမည်ဟူသော အချက်တို့ ပါရှိပါ သည်။ သို့သော် ဂျန်ဒါကိစ္စရပ်များကို မည်သည့်အခါမျှ သီးခြားကိစ္စရပ်တစ်ခုအဖြစ် သီးသန့်ကိုင်တွယ်ဖြေ ရှင်းခြင်းမျိုး မပြုသင့်ပါ။[24] ဆွေးနွေးသည့်အကြောင်းအရာများအားလုံးထဲတွင် ဂျန်ဒါနှင့်စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရမည့် အချက် များ ပါဝင်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိစ္စရပ်တိုင်းသည် ကွဲပြားသည့် လိင်ဝိသေသ ခံယူမှုရှိသူများအပေါ် ကွဲပြားစွာ သက်ရောက်မှုရှိသောကြောင့် ဖြစ်ပါသည်။ ယင်းနှင့်ဆက်စပ်၍ဆိုရလျှင် ဂျန်ဒါနှင့် ယောက်ျားပီသမှုလက္ခဏာ များဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံရေးဆွေးနွေးပွဲများ၏ လုံခြုံရေး (SGBV၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများ၏ ပြန်လည်ပေါင်းစည်းရေး၊ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ (SSR) အပါ အဝင်)၊ မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်နေရာချထားပေးမှု (အထူးသဖြင့် ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ ပြောင်းသူများနှင့် နေရပ်ပြန်လာသောဒုက္ခသည်များအတွက်) အပိုင်းကဏ္ဍများနှင့် အထူးသက်ဆိုင်မှုရှိပါသည်။ အကြမ်းဖက်မှုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုများ၏ အမျိုးသားများနှင့် ယောက်ျားပီသမှုလက္ခဏာများအပေါ်

20 A. South ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားနိုင်ငံရေး - ပဋိပက္ခအခြေအနေများ (Ethnic politics in Burma: States of conflict)၊ ၂၀၀၈၊

21 Human Rights Watch ၊ 'တောင်သူလယ်သမားများသည် ရာဇဝတ်သားများ ဖြစ်လာကြသည်' – ကချင်ပြည်နယ်ရှိ လူ့အခွင့် အရေးများနှင့် မြေသိမ်းယူမှုများ (Human rights and land confiscation in Karen state)၊ ၂၀၁၆၊ တောင်သူလယ်သမားနှင့် အလုပ်သမားများ ကော်မတီသည် တိုင်ကြားစာပေါင်း ၄,၈၀၀ ကျော်ကို လက်ခံရရှိခဲ့သည်။ Eleven ၊ ၂၀၁၇ မေ ၁ ရက်၊ http://www.elevenmyanmar.com/local/7290; Transnational Institute၊ Access denied မြန်မာနိုင်ငံရှိ မြေယာအခွင့်အရေးများနှင့် တိုင်းရင်းသားပဋိပက္ခ (land rights and ethnic conflict in Burma)*၊ Burma Policy Briefing အမှတ် ၁၁၊ အမ်စတာဒမ်၊ ၂၀၁၃၊ N. Scurrah ၊ K. Woods နှင့် P. Hirsch ၊ မြန်မာနိုင်ငံရှိ မြေယာအုပ်ချုပ်မှု၏ နိုင်ငံရေးဘောဂဗေဒ၊ (The political economy of land governance in Myanmar)၊ ဗီယန်ကျန်း၊ Mekong Region Land Governance၊ ၂၀၁၅၊ နှင့် J. Naujoks ၊ R. Barclay et al ၊ သစ်တောဥပဒေစိုးမိုးရေး အုပ်ချုပ်မှုလုပ်ငန်းစဉ်နှင့် ကုန်သွယ်မှု - ပဋိပက္ခသတိပြုနားလည်မှု ဆန်းစစ်လေ့လာချက် (Forest law enforcement governance and trade – A conflict sensitivity analysis)၊ ရန်ကုန်၊ International Alert ၊ ၂၀၁၇၊

22 အစိုးရစစ်တမ်းတစ်ခုတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးငါးဦးတွင် တစ်ဦး (၂၀%) သည် အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားဖူး ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (MDHS)၊ ၂၀၁၅-၂၀၁၆၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ၂၀၁၇၊ Gender Equality Network၊ တိတ်ဆိတ်မှု၏ နောက်ကွယ် - အမျိုးသမီးများအား အကြမ်းဖက်ခြင်းနှင့် ၎င်းတို့၏ ရင်ဆိုင်ရုန်းထနိုင်စွမ်း၊ (Behind the silence – Violence against women and their resilience)၊ ရန်ကုန်၊ Gender Equality Network ၊ ၂၀၁၅၊

23 လူထုဆွေးနွေးပွဲအား ဖျက်သိမ်းပြီးနောက် ရှမ်းပြည်နယ် နိုင်ငံရေးဆွေးနွေးပွဲအပေါ် သံသယရှိ (Shan national dialogue in doubt after public consultation cancelled)၊ The Irrawaddy၊ ၂၀၁၈ ဇန်နဝါရီ ၅ ရက်၊ https://www.irrawaddy.com/ news/burma/shan-national-dialogue-doubt-public-consultation-cancelled.html

24 နိုင်ငံရေးဆွေးနွေးပွဲမူဘောင်၏ အလွတ်သဘောဘာသာပြန်ဆိုချက်၊ အခန်း ၂-ည၊ Ethnic Peace Resources စီမံချက်၊ ၂၀၁၅၊ ဒီဇင်ဘာ ၂၂ ရက်၊ http://www.eprpinformation.org/files/recent-events/the-framework-for-political-dialogue-unofficial-translation--22dec2015--eng.pdf

သက်ရောက်မှုများအပါအဝင် ဂျန်ဒါ ရှုထောင့်များအား အပြည့်အဝ နားလည်ခြင်း မရှိသေးပါ သို့မဟုတ် မြန်မာနိုင်ငံရှိ လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးတည်ဆောက်မှု စီမံချက်များတွင် ကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးပါ။[25] ယင်းသည် ဤသုတေသနမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်သော ကွာဟချက်တစ်ခု ဖြစ်ပါသည်။

လက်ရှိတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု၊ SSR သို့မဟုတ် လက်နက်ဖျက်သိမ်းခြင်း၊ တပ်အင်အားများလျှော့ချခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR)ကဲ့သို့သော ငြိမ်းချမ်းရေးတည်ဆောက်မှု၏ အဓိကကျသော နည်းလမ်းများတွင် ဂျန်ဒါနှင့်စပ်လျဉ်းသည့် အချက်များအား ပေါင်းစပ်ထည့်သွင်းစဉ်းစားခြင်းများသည် တစ်သမတ်တည်းမရှိကြောင်း တွေ့ရပါသည်။[26] ဥပမာ AGIPP က "၂၀၁၇ခုနှစ် မေလတွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) မှ လုံခြုံရေးကဏ္ဍမူဝါဒအဆိုပြုလွှာတွင် ဂျန်ဒါသာတူညီမျှမှုနှင့် အမျိုးသမီးများနှင့် ဆက်နွယ်သော ကိစ္စများ ပါဝင်ခြင်းမရှိ" ဟု ရှုမြင်သုံးသပ်ပါသည်။[27] အကောင်းဆုံးမျှော်လင့်နိုင်သည်မှာ အစည်းအဝေးများနှင့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏အရေအတွက်ကို တိုးမြှင့်နိုင်ရန် ကြိုးပမ်းအားထုတ်မှုများကိုသာ မျှော်လင့်နိုင်မည်ဖြစ်သည်။[28] သို့သော် အမျိုးသားကြီးစိုးမှုရှိပြီး ပုံစံကျနေသော ထိုလုပ်ငန်းစဉ်များ၏ ဂျန်ဒါသဘာဝရှိ အလွန်သိမ်မွေ့စွာ ကွဲလွဲနေသောအချက်များအား ယခုထက်ပို၍ နားလည်သိရှိခြင်း မရှိလျှင် အဆိုပါလုပ်ငန်းများ၏ ဂျန်ဒါ အသွင်ကူးပြောင်းမှုဆိုင်ရာ အကျိုးရလဒ်များမှာ နည်းပါးနေအုံးမည်သာ ဖြစ်သည်။ ယင်းသည် နိုင်ငံအဆင့်မှ တိုင်းဒေသကြီး/ပြည်နယ်အဆင့် (ကရင်နှင့် တနင်္သာရီကဲ့သို့) အထိ အဆင့်များအားလုံးရှိ ဆွေးနွေးပွဲများအတွက် အရေးကြီးပါသည်။ ထို့ပြင် NCA နှင့် ကြားကာလတွင် ဆောင်ရွက်ရမည့် အစီအစဉ်များအတွက် အရေးကြီးသလို အစိုးရလုပ်ဆောင်သူများနှင့် တိုင်းရင်းသားအုပ်စုများဘက်မှ လုပ်ဆောင်သူများအတွက်လည်း အရေးကြီးပါသည်။ ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် UPC သည် အချက်လေးချက်ကို သဘောတူသတ်မှတ်ခဲ့ပါသည်။ ယင်းတို့မှာ ဂျန်ဒါကွဲပြားမှုကို အခြေခံသည့် ခွဲခြားဆက်ဆံခြင်းများ (GBV)အား တားမြစ်ရန်၊ ဂျန်ဒါအခြေပြုအကြမ်းဖက်မှုအား တားဆီးကာကွယ်ရန်၊ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် ၃၀% ခွဲတမ်း သတ်မှတ်ရန်နှင့် ဂျန်ဒါတန်းတူညီမျှရေး ကူညီပံ့ပိုးရန်တို့ ဖြစ်ပါသည်။[29] အသုံးအနှုန်းမှာ ("အားပေးမြှင့်တင်ရန်" ဟူ၍) တိကျစွာ ဖော်ညွှန်းထားမှုမရှိပါ။ သို့သော် လက်တွေ့အကောင်အထည်ဖော်နိုင်ရေးသည်သာ အဓိကကျမည်ဖြစ်ပါသည်။

25 ရန်ကုန်မြို့တွင် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) မှ အကျိုးသက်ဆိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများယ ဇွန်လမှ အောက်တိုဘာလ ၂၀၁၇

26 Alliance for Gender Inclusion in the Peace Process နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ

27 Alliance for Gender Inclusion in the Peace Process (AGIPP)၊ မြန်မာနိုင်ငံ၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံး ဒုတိယအစည်းအဝေးအား ကျားမရေးရာရှုထောင့်မှ ဆန်းစစ်လေ့လာခြင်း၊ ၂၀၁၇၊ စာမျက်နှာ ၄၊https://www.agipp.org/sites/agipp.org/files/agipp_upc_analysis_paper.pdf

28 ရန်ကုန်တွင် အမျိုးသမီးအဖွဲ့အစည်းများနှင့် ကျင်းပပြုလုပ်သော FGD၊ ၂၀၁၇ခုနှစ်၊ ဇွန်လ

29 ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာ၊ စာမျက်နှာ ၆

## ၂-၂။ သုတေသန ဆောင်ရွက်ခဲ့သည့် နေရာများ

### မြေပုံ ၁ - သုတေသနဆောင်ရွက်ခဲ့သည့် နေရာများ



## မြေပုံ ၂ - ရှမ်းပြည်နယ် တောင်ပိုင်းမှ သုတေသနဆောင်ရွက်ခဲ့သည့် နေရာများ




ရှမ်းပြည်နယ်မြောက်ပိုင်းတွင် သုတေသနအား ပအိုးဝ်ကျေးရွာ နှစ်ရွာ၌ ဆောင်ရွက်ခဲ့ပါသည်။ ထိုကျေးရွာနှစ်ရွာသည် တိုင်းရင်းသားများ ရောနှောနေထိုင်သောတောင်ကြီးမြို့၏ Koban north ဟုခေါ်သော ဒေသရှိ ကျေးရွာများ ဖြစ်ပါသည်။ ထိုဒေသသည် ၁၉၉၁ ခုနှစ်က ပအိုးဝ်အမျိုးသားတပ်ဖွဲ့ (PNA၊ ပအိုးဝ်အမျိုးသားအစည်းအရုံး (PNO)၏ စစ်တပ်) နှင့် တပ်မတော်ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရခင်က တိုက်ပွဲများစွာ ဖြစ်ပွားခဲ့ပြီး ပဋိပက္ခ ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည့်ဒေသ ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီးနောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ခဲ့သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်စိတ်တစ်ပိုင်း ရရှိသည့်ဒေသ) သည် သုတေသနပြုလုပ်ခဲ့သည့် လူမှုအသိုင်းအဝိုင်းအနီးတွင် တည်ရှိပါသည်။ အပစ်အခတ်ရပ်စဲခဲ့သည့် အချိန်မှစ၍ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုများ မရှိတော့သော်လည်း ကပ်လျက်တည်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်မှ တိုက်ခိုက်မှုနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများ ဆက်လက်

ဖြစ်ပွားနေခဲ့ပြီး ထိုပဋိပက္ခက ရှမ်းပြည်နယ်တောင်ပိုင်းအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။[30] ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် ၂၀၁၅ခုနှစ်မှစ၍ ပဋိပက္ခနှင့်ဆက်နွှယ်သော တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာခဲ့ပြီး နှိပ်စက်ညှင်းပန်းခြင်း၊ အဓမ္မပြုကျင့်ခြင်းနှင့် သတ်ဖြတ်ခြင်းများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း ၁၀၀ ကျော်ကို တအောင်းအမျိုးသမီးအဖွဲ့မှ မှတ်တမ်းတင်ထားပါသည်။[31]

သုတေသနဆောင်ရွက်ခဲ့သည့် ဒေသသည် အစိုးရ၏ထိန်းချုပ်မှုတွင် တရားဝင်ရှိနေသော်လည်း အစိုးရ၏ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် လူမှုရေးဝန်ဆောင်မှုများကို ရောက်ရှိဝန်ဆောင်ပေးမှု မရှိသလောက် ဖြစ်ပါသည်။ ထိုအချိန်အတောအတွင်း PNO နှင့် အခြားEAOအဖွဲ့များသည် ကျေးရွာများတွင် အလွန်သြဇာလွှမ်းမိုးနိုင်ပြီး လူမှုရေးဆိုင်ရာ ဆက်နွှယ်တုံ့ပြန်ပြုမူမှုများပေါ်တွင်လည်း သြဇာကြီးမားပါသည်။[32] ထိုဒေသတွင် ဗဟိုအစိုးရအပေါ် ယုံကြည်အားကိုးမှုမှာလည်း နည်းပါးပါသည်။[33] ပဋိပက္ခများ ဆယ်စုနှစ်များစွာ ဖြစ်ပေါ်နေမှုနှင့် ကျေးလက်ဒေသများ၏ ဝေးလံခေါင်သီမှုများကြောင့် အလုပ်အကိုင်၊ ဝင်ငွေရရှိနိုင်မှုနှင့် ပညာရေးအခွင့်အလမ်းများမရှိဘဲ ထိုဒေသတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများက ထိုအခြေအနေများကို ပိုမို ဆိုးရွားစေခဲ့ပါသည်။ ထိုအကြောင်းအချက်များအားလုံး စုပေါင်းကာ လူငယ်များသည် အခြားနေရာဒေသများသို့ ရွှေ့ပြောင်းသွားလာမှုများ အလွန်များပြားပြီး မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် သုံးစွဲမှု ပြဿနာများလည်း ရှိနေပါသည်။[34]

ထိုဒေသတွင် နေထိုင်သော မျိုးဆက်အသီးသီးသည် ပဋိပက္ခ၏ အဆင့်အသီးသီး၏ ပုံသွင်းခြင်းကို ခံခဲ့ရပါသည်။ ၁၉၉၀ ပြည့်နှစ်မတိုင်မီ အရွယ်ရောက်လာသော မျိုးဆက်သည် တပ်မတော်နှင့် (PNA အပါအဝင်) EAO အမျိုးမျိုးကြား တိုက်ခိုက်မှုများနှင့် အကြမ်းဖက်မှုများ၏ ဒဏ်ကို ခံခဲ့ရပါသည်။[35] အပစ်အခတ်မရပ်စဲမီက ၎င်းတို့သည် အကြမ်းဖက်မှုကို တိုက်ရိုက်တွေ့ကြုံခံစားရခြင်း၊ အကြမ်းဖက်မှုကို မြင်တွေ့ရခြင်းနှင့် ဆုံးရှုံးမှုများကို ရင်ဆိုင်ရခြင်း၊ အထမ်းသမားများ သို့မဟုတ် လမ်းပြများအဖြစ် အတင်းအကြပ်စေခိုင်းခံရခြင်း၊ ပဋိပက္ခဒေသများသို့ ကျောင်းဆရာ/ဆရာမများ လာရောက်တာဝန်ထမ်းဆောင်ခြင်း မရှိကြသဖြင့် ပညာသင်ခွင့်မရခြင်းတို့ကို ရင်ဆိုင်ခဲ့ရပါသည်။ အချို့သူများသည် တပ်မတော်၊ ဗမာ့ကွန်မြူနစ်ပါတီ (၁၉၈၉ ခုနှစ်အထိ) နှင့် 'ဝ' ပြည် သွေးစည်း ညီညွတ်ရေးတပ်ဖွဲ့ (UWSA) ကဲ့သို့ ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများအတွက် ခြိမ်းခြောက်မှုများဟု ရှုမြင်သည့် အန္တရာယ်များမှ ကာကွယ် ပေးရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင်းသို့ မဖြစ်မနေ ဝင်ရောက်ကာ စစ်မှုထမ်းခဲ့ရပါသည်။[36] ယင်းသည် လူအများ အပြားအတွက် အလွန်နက်ရှိုင်းသော ဒဏ်ရာများကို ရရှိစေခဲ့သော အကြောင်းတစ်ခု ဖြစ်ခဲ့ပါသည်။

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း သို့မဟုတ် နောက်ပိုင်းတွင်မှ အရွယ်ရောက်လာသည့် ပိုမိုငယ်ရွယ်သော မျိုးဆက်မှာမူ ရှေ့မျိုးဆက်နှင့်မတူဘဲ ပေါ်ပေါ်ထင်ထင် အကြမ်းဖက်မှုများထက် ပဋိပက္ခလွန်ကာလ အထိမခံသော မရေရာသည့် အခြေအနေကို ကြုံတွေ့ရပါသည်။ ပဋိပက္ခ၏ အဓိကသက်ရောက်မှုများမှာ ဖယ်ကြဉ်ခံရခြင်း၊ ဆင်းရဲခြင်း၊ စီးပွားရေး နှင့် ပညာရေးအခွင့်အလမ်းများ မရှိခြင်းတို့ ဖြစ်ပါသည်။ ပအိုးဝ်လူမျိုးနှင့် ဗမာလူမျိုးကဲ့သို့ လူမျိုးမတူသူများကြား အိမ်ထောင်ပြုခြင်းကို လက်မခံသည့် လူမှုစံသတ်မှတ်ချက်များမှာ ယခုထိ ရှိနေဆဲ ဖြစ်ပါသည်။ တိုင်းရင်းသားအဖွဲ့အစည်းများသည် တရားမမှုများနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် သြဇာအာဏာ ကြီးမားစွာ ရှိနေဆဲ ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် လူထုအနေဖြင့် အချို့အရာများကို ရှင်းရှင်းလင်းလင်း မသိရှိကြပါ။ ဥပမာ တစ်စုံတစ်ဦး

30 တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားနေသောဒေသများမှ IDP များကို လက်ခံရခြင်းနှင့် ဒေသတွင် အကြမ်းဖက်ပဋိပက္ခရှိသည်ဟု သတင်း ရသောအခါ သွားလာနိုင်မှု နည်းပါးသွားခြင်းတို့ ပါဝင်ပါသည်။ ဥပမာ အချို့တွေ့ဆုံမေးမြန်းမှုများကို အချိန်ပြောင်းခဲ့ပါသည်။

31 တအောင်းအမျိုးသမီးများအဖွဲ့အစည်း၊ နှိပ်စက်ညှင်းပန်းရန် လေ့ကျင့်ပေးထား၊ ၂၀၁၆ ဇွန်လ၊ http://en.palaungwomen. com/index.php/82-reports/97-trained-to-torture

32 ပအိုးဝ်အမျိုးသားအစည်းအရုံး၏ သမိုင်းအကျဉ်းနှင့် ရင်းမြစ်များကို သိလိုလျှင် R. Christensen နှင့် K. Sann၊ ပအိုးဝ်ပုန်ကန်သူ များနှင့် ဒုက္ခသည်များ (The Pa-O: Rebels and refugees)၊ ဘန်ကောက်၊ Silkworm Books ၊ ၂၀၀၆၊

33 တောင်ကြီးတွင် သင်္ဂဟနှင့် International Alert တို့ စီစဉ်ကျင်းပသော 'ကျားမရေးရာသည် အမျိုးသားများအတွက် အရေးကြီးပါသလား၊ ကျားမရေးရာနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကြောင်း ပြောဆိုမှုများကို ကျယ်ပြန့်စေခြင်း' စားပွဲဝိုင်းဆွေးနွေးပွဲ၊ ၂၀၁၈ ဇန်နဝါရီ ၃၁ ရက်၊

34 အစီရင်ခံစာရေးသားသူများ ရှမ်းပြည်နယ်တွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ ဩဂုတ်လမှ စက်တင်ဘာလအတွင်း၊

35 လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်မှုများ သမိုင်း (History of armed opposition)၊ Burma Link ၊ https://www.burmalink .org/background/burma/dynamics-of-ethnic-conflict/history-of-armed-opposition

36 ရှမ်းပြည်နယ်တောင်ပိုင်းရှိ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ

သည် PNO ကလား သို့မဟုတ် PNA ကလား ဆိုသည်ကို ကွဲကွဲပြားပြား မသိကြပါ။[37] သုတေသနတွင် ဖြေဆိုပေးသူ အချို့၏ အဆိုအရ NCA လက်မှတ်ရေးထိုးထားသော်လည်း ထိုဒေသရှိ ရပ်ရွာလူမှုအသိုင်းအဝိုင်းများအဖို့ မြေသိမ်းခံရမှုများ၊ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်း ဆုံးရှုံးမှုများကို ရင်ဆိုင်ကြရသဖြင့် 'ငြိမ်းချမ်းသည်ဟု ခံစားရခြင်း မရှိ' ဟု သိရပါသည်။

ပဋိပက္ခလွန်အခြေအနေများတွင် လက်နက်ကိုင်တိုက်ခိုက်သူများအဖြစ် တာဝန်ထမ်းဆောင်ပေးမှုနှင့်စပ်လျဉ်း၍ ထားရှိသော မျှော်လင့်ချက်များသည် ပြောင်းလဲသွားဟန်တူပါသည်။ ယခင်က ခွန်အားရှိမှုနှင့် လိုအပ်လျှင် အကြမ်းဖက်မည်ဆိုသည်ကို ပြသခြင်းသည် 'ကာကွယ်စောင့်ရှောက်သူ' အဖြစ် ယောက်ျားပီသမှုကို ပြသခြင်းဖြစ်သည်ဟု ရှုမြင်ခဲ့ကြပါသည်။ သို့သော် လတ်တလော ခြိမ်းခြောက်နေသည့် အန္တရာယ်များ မရှိတော့သော အခြေအနေတွင် ထိုသို့ အာဏာပြမှု၊ ထိန်းချုပ်မှုများအား ကာကွယ်စောင့်ရှောက်မှုထက် အနိုင်ကျင့်မှု၊ ခေါင်းပုံဖြတ်မှုအဖြစ် တွေ့ဆုံမေးမြန်းခဲ့သူအချို့ က ပြောင်းလဲရှုမြင်လာကြပါသည်။ ထို့ကြောင့် 'လူကောင်း' တစ်ယောက်ဟု ယူဆသူတစ်ဦးအပေါ် ထားရှိသည့် ဂျန်ဒါနှင့်စပ်လျဉ်းသော မျှော်လင့်ချက်များ ပြောင်းလဲလာမှုအား အသုံးပြုကာ ငြိမ်းချမ်းရေးကို လိုလားသည့်၊ ကွဲပြားမှုများကို လက်ခံနိုင်သည့် သဘောထားခံယူချက်များ ဖြစ်လာအောင်အားပေးရန်၊ စီးပွားရေးအခက်အခဲများ ကြုံတွေ့ရသည့်၊ တရားဥပဒေစိုးမိုးမှုမရှိသည့်၊ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာများရှိသည့်အခြေအနေတွင် ရန်လိုခြင်း၊ အနိုင်ကျင့်ခြင်းနှင့် အကြမ်းဖက်ခြင်းများ ဖြစ်မလာအောင် တားဆီးရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်သူများအတွက် စိန်ခေါ်မှုတစ်ခု ဖြစ်လာပါလိမ့်မည်။ ထိုအတွက် နည်းလမ်းများကို ရှာဖွေရာတွင် သင့်တင့်သည့် ဝင်ငွေမရှိခြင်းနှင့် အဂတိလိုက်စားမှုများကဲ့သို့ ကြုံရာမရ ခံပြင်းဒေါသထွက်ခြင်းကို ဖြစ်စေသည့် အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းပေးခြင်းနှင့် တစ်ဘက်တွင် ဒေါသ၊ စိတ်ဖိစီးမှုနှင့် ယှဉ်ပြိုင်မှုများအား အပြုသဘောဆောင်၍ အကြမ်းမဖက်သော နည်းလမ်းများဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်အောင် ကူညီပေးခြင်း၊ အမျိုးသားများတွင် စိတ်ခံစားချက်ကို ထိန်းထိန်းသိမ်းသိမ်း ပြုမူဆောင်ရွက်နိုင်သည့် အရည်အချင်းအား တန်ဖိုးထားပျိုးထောင်ခြင်းတို့ကို ပေါင်းစပ်ကာ လုပ်ဆောင်နိုင်ပါသည်။

တွေ့ဆုံမေးမြန်းခဲ့သည့် ဖြေဆိုသူများက ၎င်းတို့၏ ရပ်ရွာရှိ အမျိုးသားများသည် ၎င်းတို့ ပတ်ဝန်းကျင်ရှိ လူပုဂ္ဂိုလ်အမျိုးမျိုး၊ လူအုပ်စုအမျိုးမျိုးဖြစ်ကြသော ရပ်မိရပ်ဖများနှင့် ရပ်ရွာလူကြီးများ၊ မိဘများနှင့် သက်တူရွယ်တူများထံမှ၊ အမျိုးသားများရော၊ အမျိုးသမီးများကပါ ၎င်းတို့အပေါ် ထားရှိသော မျှော်လင့်ချက်များ ပြောင်းလဲလာသည်ကို တွေ့မြင်ခဲ့ရသည် ဟု ဆိုပါသည်။ ၎င်းတို့၏ သားများအား လက်နက်ကိုင်တပ်ဖွဲ့တစ်ခုအတွင်းသို့ ဝင်ရောက်ရန် မျှော်လင့်နေဆဲဖြစ်သော မိဘများသည် သားများအား ရာထူးအဆင့်ဆင့် တိုးကာ အခွင့်အာဏာ ပိုမိုရရှိလာရန်နှင့် တစ်ဆက်တည်းတွင် မိသားစုအတွက် အကျိုးခံစားခွင့်များ ပိုရလာစေရန် မျှော်လင့်ကြပါသည်။ ဥပမာ အလှူငွေထည့်ဝင်ရန်မလိုဘဲ ကင်းလွတ်ခွင့်ရခြင်း သို့မဟုတ် သဘာဝသယံဇာတများအား တရားမဝင် ထုတ်ယူသုံးစွဲမှုနှင့် စပ်လျဉ်းသော စီးပွားရေးအခွင့်အလမ်းများ၊ စသည့် ပုံစံများဖြင့် အကျိုးခံစားခွင့်များ ရရှိရန် မျှော်လင့်ကြခြင်း ဖြစ်ပါသည်။[38]


**ဆုံးဖြတ်ချက်ချမှတ်မှု ပုံစံများ -** သုတေသနပြုလုပ်ခဲ့သော လူမှုအသိုင်းအဝိုင်းများရှိ ဒေသန္တရအဆင့် ဆုံးဖြတ်ချက်ချမှတ်မှုနှင့် အခွင့်အာဏာ ဖွဲ့စည်းပုံများတွင် အလွှာတစ်လွှာထက်မက ပါဝင်ကြောင်း တွေ့ပါသည်။ ယေဘုယျအားဖြင့် ထိုလူမှုအသိုင်းအဝိုင်းများတွင် အဓိက ကိုးကွယ်သော ဘာသာရေးအုပ်စုနှင့် လူမျိုးစုမှ အသက်အရွယ်ကြီးသော အမျိုးသားများက ကြီးစိုးပြီး လူမှုရေး၊ ဘာသာရေး၊ လူမှုရေးအခမ်းအနားများနှင့်သက်ဆိုင်သော ကိစ္စများကို ဆုံးဖြတ်ကြပါသည်။ ကျေးရွာနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက PNO ခေါင်းဆောင်များ လက်အောက်တွင် ကြားခံပေါင်းကူးပေးသည့် အာဏာပိုင်များအဖြစ် ဆောင်ရွက်ကြပါသည်။ လက်နက်ကိုင်သူများဖြစ်သည့်အတွက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာအောင် လုပ်ဆောင်နိုင်စွမ်းရှိမှုနှင့်ဆက်စပ်ကာ PNO သည် ကျေးရွာလူကြီးများအား အကြံဉာဏ်များ ပေးနိုင်ပြီး ဩဇာအာဏာကို ထိရောက်စွာ အသုံးပြုပါသည်။ သို့သော်လည်း အခွင့်အာဏာ လမ်းကြောင်းများနှင့် ရာထူးကြီးငယ်အလိုက် အဆင့်ဆင့်အုပ်ချုပ်မှုများသည် ရှုပ်ထွေးပြီး ပွင့်လင်းမြင်သာမှု မရှိပါ။

37 ကွင်းဆင်းဆောင်ရွက်သော ညှိနှိုင်းရေးမှူးများနှင့် ဆန်းစစ်လေ့လာဆွေးနွေးချက်၊ ၂၀၁၇ စက်တင်ဘာလ၊

38 ရှမ်းပြည်နယ်တောင်ပိုင်းရှိ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအထိ

ထိုအခြေအနေများသည် အရပ်သားများ၊ ရပ်ရွာမှ အမျိုးသားခေါင်းဆောင်များနှင့် အမျိုးသားများအတွက် နစ်နာမှုများ၊ ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အပေါ် လေးစားမှုမရှိဟု ခံစားရနိုင်ခြင်း သို့မဟုတ် ၎င်းတို့အား လုံလောက်စွာ တိုင်ပင်ဆွေးနွေးမှု မရှိခြင်းများကြောင့် ဖြစ်ပြီး ရပ်ရွာလူထုအနေဖြင့်လည်း ပြဿနာများ ပေါ်ပေါက်လာသောအခါ မည်သူ့ထံသို့ တိုင်ကြားရမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရှိခြင်းကြောင့်လည်း ဖြစ်ပါသည်။ ဖြေဆိုသူတစ်ဦး "တို့တွေမှာ အဖေခေါ်ရမယ့်သူတွေ အများကြီးပါ" ဟု ပြောခဲ့ပါသည်။[39] ထိုပြောကြားချက်တွင် အမျိုးသမီးများသည် မင်္ဂလာဆောင်၊ ပြုစုစောင့်ရှောက်မှု၊ နာရေးနှင့် ဘာသာရေးပွဲတော်များအတွက် ပြင်ဆင်ခြင်းကဲ့သို့သော ရပ်ရေးရွာရေး၊ လူမှုရေးအလုပ်များကို စီစဉ်ဆောင်ရွက်နေကြရသော်လည်း ဆုံးဖြတ်ချက်ချမှတ်မှုတွင် အများစုသည် ပါဝင်နေခြင်း မရှိသည့် အချက်ကိုလည်း မီးမောင်းထိုးပြလျက်ရှိပါသည်။ ယင်းအချက်သည် အခွင့်အာဏာနှင့် ယောကျ်ားပီသမှုလက္ခဏာများကြား အနိုင်အမာနီးနွှယ်ဆက်စပ်နေမှုကို ပြသနေပြီး အသက်အရွယ် ငယ်ငယ်ကြီးကြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ သင့်လျော်သည့် ပြုမူဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လူမှုအဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များကို ပုံသွင်းပေးပါသည်။

## မြေပုံ ၃ - တနင်္သာရီတိုင်းဒေသကြီးရှိ သုတေသနဆောင်ရွက်ခဲ့ရာ ဒေသများ




39 Ibid.

လေ့လာရန်အတွက် ဒုတိယနေရာအဖြစ် ရွေးချယ်ခဲ့သည့် တနင်္သာရီကမ်းရိုးတန်းဒေသသည် အလွန်ကွဲပြားသော အခြေအနေတွင် ရှိနေသော်လည်း မြေယာပဋိပက္ခ၊ ရွှေ့ပြောင်းသွားလာမှု၊ ဆင်းရဲမှုနှင့် ပဋိပက္ခ၏ သက်ရောက်မှုများ အချိန်ကြာမြင့်စွာ ချန်ရစ်ခဲ့သည့် အကြမ်းဖက်မှု သမိုင်းကြောင်းများနှင့်စပ်လျဥ်း၍မှု ဆင်တူသော ပြဿနာများကို တွေ့ရှိရပါသည်။ ထားဝယ်လူမျိုးများ အများစုနေထိုင်ကြသည့် ထားဝယ်နှင့် ရေဖြူမြို့များတွင် သုတေသနကို ဆောင်ရွက်ခဲ့ပါသည်။[40] NCA/ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ လုပ်ငန်းစဥ်တွင် ပါဝင်လုပ်ဆောင်နေသည့် အကြီးမားဆုံးသော တိုင်းရင်းသားအုပ်စုနှင့်စပ်လျဥ်း၍ နားလည်သိရှိစေရန်အတွက် ကရင်လူမျိုး အကျိုးသက်ဆိုင်သူများနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဤစာတမ်းနှင့် သက်ဆိုင်သည့် အပြန်အလှန်နီးနွယ်ချိတ်ဆက်လျက်ရှိသော အဓိက ပဋိပက္ခအခြေအနေနှစ်ခု ရှိပါသည် - ၎င်းတို့မှာ ၁) ဗဟိုအစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များကြား လက်နက်ကိုင်ပဋိပက္ခ (အထူးသဖြင့် တနင်္သာရီမြောက်ပိုင်း) နှင့် ၂) စစ်အာဏာရှင်စနစ်၏ ဖိနှိပ်ရမှုများ ဖြစ်ပါသည်။[41]

၁။ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNU/KNLA) နှင့် လွတ်လပ်ရေးရပြီးကာစ မြန်မာနိုင်ငံအစိုးရကြား လက်နက်ကိုင်ပဋိပက္ခများသည် ၁၉၇၄ ခုနှစ်တွင် KNU ကို ဖွဲ့စည်းပြီးနောက် မများမကြာမီ စတင်ဖြစ်ပွားခဲ့ပါသည်။[42] ထို့နောက်တွင် ဗဟိုစစ်အစိုးရနှင့် အခြားသော လက်နက်ကိုင်အုပ်စုများ (ဥပမာ မွန်ပြည်သစ်ပါတီ (NMSP)/ မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (MNLA) သို့မဟုတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး (ABDSF)) ကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလာခဲ့ပါသည်။ အဆိုပါပဋိပက္ခများကြောင့် အကြမ်းဖက်မှုများနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှုများ အများအပြား ဖြစ်ပွားခဲ့ပြီး တနင်္သာရီတွင် လူပေါင်း ၈၀,၀၀၀ ခန့် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်း သို့မဟုတ် ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခြင်းများ ရှိခဲ့ပြီး ထိုအထဲမှ အချို့မှာ ယခုအခါ နေရပ်သို့ ပြန်လာကြပြီဖြစ်သည်။[43] ၂၀၁၂ခုနှစ်တွင် KNU နှင့် တပ်မတော်ကြား အပစ်အခတ်ရပ်စဲပြီးနောက်တွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့ပါသည်။ နောက်ဆက်တွဲအဖြစ် KNU သည် ၂၀၁၅ခုနှစ်တွင် NCA ကို လက်မှတ်ရေးထိုးကာ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်တွင် ပါဝင်ခဲ့သည့် အကြီးမားဆုံးသော တိုင်းရင်းသားလက်နက်ကိုင်အုပ်စုဖြစ်ပါသည်။ သို့သော်လည်း ဤငြိမ်းချမ်းရေးလုပ်ငန်းစဥ်၏ ဦးတည်ချက်နှင့် အောင်မြင်မှုအပေါ် ကရင်လူမျိုး အကျိုးသက်ဆိုင်သူများကြား အပြင်းအထန် အခြေအတင် ငြင်းခုံဆွေးနွေးနေကြဆဲ ဖြစ်ပါသည်။[44]

၂။ တနင်္သာရီတိုင်းဒေသကြီး (အထူးသဖြင့် ထားဝယ်) ၌ ၁၉၈၈ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် အရှိန်အမြင့်ဆုံး ဖြစ်ခဲ့သည့် ဒီမိုကရေစီလှုပ်ရှားမှုသည် စစ်အစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုကို ခံခဲ့ရပါသည်။[45] ထားဝယ်တို့၏ ဒေသများတွင် ပြည်တွင်းစစ်ပြီးဆုံးခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ပြီး ယခုအခါ ဒေသသည် ငြိမ်းချမ်းနေပြီဖြစ်ပါသည်။[46] သို့သော်လည်း စစ်အစိုးရလက်ထက်တွင် ရက်စက်စွာ ဖိနှိပ်ခံခဲ့ရမှုများနှင့် အတင်းအကြပ် အလုပ်စေခိုင်းခံခဲ့ရမှုများကြောင့် နာကျင်ခံစားခဲ့ရသည့် ဒဏ်ရာဒဏ်ချက်များကို အမှတ်ရနေကြဆဲဖြစ်ပြီး

40 ထားဝယ်လူမျိုးများက ၎င်းတို့သည် သီးခြား တိုင်းရင်းသားမျိုးနွယ်စုဖြစ်သည်ဟု ယူဆပါသည်။ သို့သော် ဗဟိုအစိုးရက ယင်းကို အသိအမှတ်မပြုဘဲ ဗမာလူမျိုးစုငယ်တစ်စုအဖြစ် သတ်မှတ်ပါသည်။

41 မှတ်ချက် - သမိုင်းအစဥ်အဆက်ရှိခဲ့သော မြေသိမ်းမှုများ၊ လက်ရှိဖြစ်ပေါ်နေသော မြေသိမ်းမှုများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော ပဋိပက္ခများသည် တတိယအခြေအနေတစ်ရပ်ဖြစ်ပြီး ထိုအကြောင်းကို နောင်ထွက်လာမည့် အစီရင်ခံစာတွင် ဆွေးနွေးတင်ပြ မည်ဖြစ်သည်။

42 P. Keenan, Op. cit., ၂၀၁၃၊

43 K. Jolliffe ၊ အပစ်အခတ်ရပ်စဲမှုများ၊ အုပ်ချုပ်ရေးလုပ်ငန်းစဥ်နှင့် ဖွံ့ဖြိုးမှု - အပြောင်းအလဲကာလရှိ ကရင်အမျိုးသားအစည်း အရုံး၊ (Ceasefires, governance, and development: The Karen National Union in times of change)၊ အာရှဖောင်ဒေး ရှင်း၊ ၂၀၁၆၊ နှင့် စုမြတ်မွန်၊ ကရင်အဖွဲ့က သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်မှုစီမံကိန်းသည် ပြည်သူများ၏ အခွင့်အရေး များကို လျစ်လျူရှုထားကြောင်း ပြောပါသည်၊ Frontien ၂၀၁၈ မေ ၁၁ရက်၊ https://frontiermyanmar.net/en/karen-group-says-plan-to-protect-forests-ignores-peoples-rights

44 မွန်သတင်းဌာန၊ KNU အဖွဲ့ဝင်က ငြိမ်းချမ်းရေးလုပ်ငန်းစဥ်အား စေ့စေ့စပ်စပ် သုံးသပ်လေ့လာရန် တိုက်တွန်းပါသည်၊ ၂၀၁၇ ဖွန် ၈ ရက်၊ www.bnionline.net/en/news/mon-state/item/3132-knu-affiliate-calls-for-thorough-review-of-the-peace-process.html ၊ L. Weng ၊ တပ်မတော်သည် အသာစီးရရန်အတွက် အပစ်အခတ်ရပ်စဲရေးကို အသုံးပြုသည်ဟု KNLA ဒုတိယ အကြီးအကဲက ပြောကြားသည်၊ The Irrawaddy၊ ၂၀၁၈ မေ ၂၄ ရက်၊ https://www.irrawaddy.com/news/burma/ tatmadaw-using-ceasefire-to-gain-upper-hand-knla-deputy-chief-says.html

45 တနင်္သာရီတွင် ပြုလုပ်သော KII များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

46 တိုင်းဒေသကြီးလွှတ်တော်မှ ကိုယ်စားလှယ်နှင့် ပြုလုပ်သော KII ၊ ထားဝယ်၊ ၂၀၁၇ ဇူလိုင်လ၊

ဇပဟိုအစိုးရနှင့် တပ်မတော်အပေါ် မုန်းတီးမှုနှင့် မကျေနပ်မှုများမှာလည်း ကာလရှည်ကြာ ကျန်ရှိနေအုံးမည် ဖြစ်ပါသည်။[47]

**အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် ထားရှိသော မျှော်လင့်ချက်များ -** မျှော်လင့်ချက်များသည် မိသားစုများ၊ ရပ်ရွာ၊ လူမှုအဖွဲ့အစည်းထံမှ လာသကဲ့သို့ သက်တူရွယ်တူ၊ ဘဝတူများ၊ နိုင်ငံရေးသမားများ၊ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင်များထံမှလည်း လာပါသည်။ အမျိုးသားများအပေါ် အဓိကထားရှိသည့် မျှော်လင့်ချက်မှာ မိသားစုအား ငွေကြေးထောက်ပံ့ပေးရန် ဖြစ်ပြီး ထိုမျှော်လင့်ချက်ကြောင့် အလုပ်အကိုင်ရရှိရန် ရွှေ့ပြောင်းသွားလာရမှုများပို၍ လိုအပ်လာခဲ့ပါသည်။ သို့သော် မကြာသေးမီကာလများအတွင်း မိသားစုအား ငွေကြေးထောက်ပံ့ပေးရန် မျှော်လင့်ချက်များသည် သမီးများထံသို့ ပြောင်းလဲထားရှိလာကြောင်း ဖြေဆိုသူများက ထောက်ပြကြပါသည်။ အဘယ်ကြောင့်ဆိုသော် သမီးများသည် သားများထက် ပို၍ ယုံကြည်အားကိုးရသောကြောင့် ဖြစ်ပါသည်။ သားယောက်ျားလေးများသည် မူးယစ်ဆေးစွဲသည့် ပြဿနာပိုရှိနိုင်ပြီး မိသားစုနှင့်အဝေးသို့ ရောက်ရှိနေချိန်တွင် ပို၍ ပျက်စီးလွယ်သည်ဟု ယူဆလာကြသောကြောင့်ဖြစ်သည်။[48] မျှော်လင့်ချက်များ ထိုကဲ့သို့ ပြောင်းလဲသွားမှုသည် သင့်တော်သည်ဟု ထင်သည့် အလုပ်အကိုင်ကို မရှာနိုင်ခြင်းကြောင့် လူငယ်များကြား ခံပြင်းဒေါသထွက်မှုများကို ပို၍ ဆိုးရွားလာစေပြီး မူးယစ်ဆေးဝါးသုံးစွဲမှုများ ပိုမို မြင့်တက်လာကာ SGBV များလည်း တိုးပွားလာသည်ဟု ဆိုပါသည်။ ထိုပြဿနာနှစ်ခုစလုံးသည် ဖြေဆိုသူများအတွက် အဓိက စိုးရိမ်ပူပန်မှု ဖြစ်လာခဲ့ပါသည်။ လူငယ်များသည် 'ရင့်ကျက်သော လူကြီးများဖြစ်လာစေရန်' သင့်တော်သည့် မိန်းကလေးနှင့် အိမ်ထောင်ပြုရမည်ဟူသည့် သမားရိုးကျမျှော်လင့်ချက်များ ထားရှိကြပါသည်။ သို့သော် ငယ်ရွယ်စဉ် အိမ်ထောင်ပြုပြီး မကြာမီ အိမ်ထောင်ပြိုကွဲမှုများ သို့မဟုတ် စုံတွဲများ များပြားလာခြင်းသည် ပဋိပက္ခနှင့် အလုပ်အကိုင်မရှိခြင်းတို့ကြောင့်ဖြစ်သည်ဟု ယူဆကြပါသည်။[49] ထို့ကြောင့် လူမှုရေးအခန်းကဏ္ဍများ ပြောင်းလဲလာသော်လည်း လူမှုရေးစံများနှင့် မျှော်လင့်ချက်များမှာ မပြောင်းလဲသေးဘဲ ရှိနေခြင်းကြောင့် မျှော်လင့်ချက်များနှင့် လက်တွေ့ဘဝဖြစ်ရပ်မှန်များကြား ကွဲလွဲမှုများကို ဖြစ်ပေါ်လာစေပါသည်။ ယင်းသည် ကြံ့ရာမရ ခံပြင်းဒေါသများကို ဖြစ်ပေါ်စေပြီး ပဋိပက္ခအတွက် အသုံးပြုခြင်း ခံရနိုင်ပါသည်။

**အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် ပဋိပက္ခ၏ သက်ရောက်မှု -** ကရင်လူမျိုး ယောက်ျားလေးများနှင့် အမျိုးသားများအတွက် ပဋိပက္ခ၏ သက်ရောက်မှုများ (နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု၊ သမိုင်းအစဉ်အဆက် အကြမ်းဖက်မှု၊ စီးပွားရေးအခွင့်အလမ်းများ မရှိမှု) ကြောင့် ၎င်းတို့၏ လူမျိုးစုအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန် KNU သို့ ဝင်ရောက်ကာ စစ်ဘက်တွင်ဖြစ်စေ၊ လူမှုရေးလုပ်ဆောင်မှုများဘက်တွင် ဖြစ်စေ ပါဝင်ဆောင်ရွက်ကြပါသည်။ ထားဝယ်အမျိုးသားများအဖို့မူ 'ထားဝယ်တိုင်းရင်းသား' လက်နက်ကိုင်အဖွဲ့ဟူ၍ မရှိဘဲ အခြားတိုင်းရင်းသားအဖွဲ့အစည်းတွင်လည်း ၎င်းတို့ ဝင်ရောက်လုပ်ကိုင်ကြမည် မဟုတ်ပါ။

**အခွင့်အာဏာနှင့် ဆုံးဖြတ်ချက်ချမှု -** အမျိုးသမီးများသည် စီးပွားရေးတွင် အလွန်တက်ကြွစွာ စွမ်းဆောင်နိုင်ကြသော်လည်း ဆုံးဖြတ်ချက်အများစုအား အမျိုးသားများက ချမှတ်ပြီး အခွင့်အာဏာအများစုအား အမျိုးသားများက ချုပ်ကိုင်ထားပါသည်။ ယေဘုယျအားဖြင့် အမျိုးသမီးများသည် အမျိုးသားခေါင်းဆောင်များနောက်မှ လိုက်ပါရမည်ဟု လူမှုအဖွဲ့အစည်းက မျှော်လင့်ပြီး ပုံသေကားကျ စွဲကိုင်ထားသော ပြင်းထန်သည့် ဂျန်ဒါ ယူဆချက်များအရ ဦးဆောင်ရန်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အမျိုးသားများအပေါ်တွင်သာ ယုံကြည်မှု ပိုရှိကြပါသည်။[50] သို့သော် အနည်းငယ်မျှသော ထူးခြားသည့် အမျိုးသမီးများသည် အခွင့်အာဏာရှိသည့် နေရာများကို ရယူနိုင်ခဲ့ကြပါသည်။ ဥပမာ အမျိုးသမီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် ဒေါ်လဲ့လဲ့မော် ဖြစ်ပါသည်။[51] သို့သော် ဒေါ်လဲ့လဲ့မော်သည် အမျိုးသမီးတစ်ဦးဖြစ်နေသော်လည်း အမျိုးသမီးအဖွဲ့အစည်းများကို ထောက်ခံအားပေးသူတစ်ဦး သို့မဟုတ် ဂျန်ဒါကိစ္စရပ်များတွင် အခိုင်အမာ ရပ်တည်ပေးသူတစ်ဦးအဖြစ်မှု ယူဆခြင်း

47 KII တွင် တွေ့ဆုံမေးမြန်းခဲ့သူများက တပ်မတော်အား မုန်းတီးကြောင်း ပြောပြကြပြီး ထားဝယ်တွင် အခြေချသော တပ်မတော်စစ်မှုထမ်းဟောင်းများက ထားဝယ်လူမျိုးများ၏ ခွဲခြားဆက်ဆံမှုများကို ပြောပြပါသည်။ တနင်္သာရီတွင် ပြုလုပ်ခဲ့သော KII များနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

48 တနင်္သာရီတွင် ပြုလုပ်ခဲ့သည့် KII များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

49 တနင်္သာရီတွင် ပြုလုပ်ခဲ့သော KII များနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

50 Ibid.

51 MIMU နှင့် IFES၊ ၂၀၁၅၊ မြန်မာရွေးကောက်ပွဲမြေပုံများ ၂၀၁၀-၂၀၁၅

မခံရပါ။[52] အရပ်ဖက်လူမှုအဖွဲ့အစည်းမှ အမျိုးသားဖြေဆိုသူတစ်ဦးက အရည်အချင်းရှိသော အမျိုးသမီးများသည် အဆင့်မြင့်နေရာများသို့ ရောက်ရှိနိုင်ကြောင်းကို လက်ခံသဘောတူကြောင်း၊ သို့သော် မိသားစုနှင့် လူမှု အသိုင်းအဝိုင်း၏ ပံ့ပိုးကူညီမှုကြောင့်သာ ထိုနေရာများသို့ ရောက်ရှိခြင်း ဖြစ်ကြောင်း ပြောကြားပါသည်။[53]

ရပ်ရွာအဆင့်တွင် တွေ့ရလေ့ရှိသော သဘောထားအမြင်တစ်ခုမှာ များသောအားဖြင့် အမျိုးသားများသာ ဖြစ်လေ့ရှိသော အိမ်ထောင်ဦးစီးသည်သာလျှင် ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည်ဟု ယူဆခြင်းဖြစ်ပြီး ထိုနေရာအတွက် အမျိုးသမီးများ၏ ပါဝင်ယှဉ်ပြိုင်မှုကို အားမပေးကြပါ။ ထိုမျှသာမက ထိုရွေးကောက်ပွဲများတွင် အိမ်ထောင်ဦးစီးများသာ မဲပေးနိုင်သဖြင့် အမျိုးသမီးအများအပြားကို ဘေးဖယ်ထားသကဲ့သို့ ဖြစ်နေပါသည်။[54] ရန်ကုန်ရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းဝန်ထမ်းများက ယင်းကို ဥပဒေအရ ပြဋ္ဌာန်းထားခြင်း မဟုတ်သော်လည်း ကျေးလက်ဒေသများတွင် ထိုသဘောထားအမြင်က အမျိုးသမီးများအား ခေါင်းဆောင်မှုနေရာများသို့ မရောက်ရှိအောင် တားဆီးထားသည်ဟု ပြောပြကြပါသည်။[55] လက်ရှိတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးပေါင်း ၁၆,၈၈၈ ဦး ရှိသည့်အနက် ၈၇ ဦး (၁% ထက်လျော့နည်း) သာလျှင် အမျိုးသမီးများ ဖြစ်ပါသည်။[56] အမျိုးသားများသည် မိမိတို့၏ နေရပ်ဒေသများမှ ရွှေ့ပြောင်းသွားလာရခြင်းကြောင့် "မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အမျိုးသမီးဦးစီးသော အိမ်ထောင်စုအရေအတွက်(များ) တိုးလာသည်" ဟု ဆိုပါသည်။[57] အမျိုးသမီးဦးစီးသော အိမ်ထောင်စုများသည် မိခင်တစ်ဦးတည်းက ရုန်းကန်ပံ့ပိုးနေရသော အိမ်ထောင်စုများ ဖြစ်သည်က များသည့်အတွက် ထိုအိမ်ထောင်ဦးစီး အမျိုးသမီးများတွင် အိမ်ထောင်စုတာဝန်အပြင် အခြားတာဝန်တစ်ခုကို ထပ်ဆောင်း ထမ်းဆောင်ရန် အချိန်လုံလောက်စွာ ရှိဟန်မတူကြပါ။

52 ထားဝယ်ရှိ KII များ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

53 ထားဝယ်ရှိ KII ၊ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊

54 ရွေးကောက်တင်မြှောက်ခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည်လည်း ၎င်းတို့၏ ကျေးရွာ သို့မဟုတ် ရပ်ကွက်ထက် ၎င်းတို့ကို ဖယ်ရှားနိုင်သော GAD မှ ခန့်အပ်ထားသည့် (ထို့ကြောင့် စစ်တပ်မှ ထိန်းချုပ်ထားသည့်) မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ပို၍ တာဝန်ခံရနိုင်ပါသည်။ အောင်ခိုင်မင်းနှင့် ရဲမင်းနောင်၊ ပြည်သူဗဟိုပြုမှုပိုရှိသော အစိုးရသို့၊ မဇ္ဈိမ၊ ၂၀၁၈ခုနှစ်၊ မေလ ၁၈ ရက်၊ http://www.mizzima.com/news-opinion/toward-more-people-centered-government

55 USAID မှ ကျင်းပသော မြေယာနှင့် ကျားမရေးရာ အလုပ်ရုံဆွေးနွေးပွဲ၊ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၇-၈ ရက်၊ Green Hill Hotel ရန်ကုန်၊ မြန်မာ။

56 ထူးသန့်၊ အမျိုးသမီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများအတွက် သင်တန်း၊ မြန်မာတိုင်းမ်၊ ၂၀၁၇ခုနှစ်၊ မေလ ၂၂ ရက်၊ https://www.mmtimes.com/national-news/nay-pyi-taw/26085-training-for-women-ward-administrators.html

57 မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်နှင့် Peace Support Fund ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ၏ အခြေအနေ ဆန်းစစ်လေ့လာချက်၊ ရန်ကုန်၊ ၂၀၁၆။

# ၃။ လေ့လာသည့် အကြောင်းအရာအလိုက် အဓိကတွေ့ရှိချက်များ

## ၃-၁။ ဂျန်ဒါနှင့်စပ်လျဉ်းသော မျှော်လင့်ချက်များ

ယခင်က ဆောင်ရွက်ခဲ့သည့် လေ့လာမှုတွင် မြန်မာနိုင်ငံ၌ ဂျန်ဒါနှင့်စပ်လျဉ်းသော လူမှုရေးစံများနှင့် ဝါစဉ်များ ပြင်းထန်အားကောင်းမှုကို မှတ်တမ်းတင်ထားသည်နှင့်ကိုက်ညီစွာ[58] ယခုသုတေသနတွင် ပါဝင်ဖြေဆိုသူများက အမျိုးသားများအား အထက်အကြီးအမှူးဖြစ်ပြီး ပို၍ အရေးပါ၊ ပို၍ ပညာတတ်၊ ပို၍ ခေါင်းဆောင်နိုင်ပြီး ဆုံးဖြတ်ချက်ချနိုင်သူများအဖြစ် ရှုမြင်ကြသည့် ဝါစဉ်တစ်ခု အခိုင်အမာရှိနေခြင်းကို ထောက်ပြကြပါသည်။ မိသားစု၊ ရပ်ရွာနှင့် နိုင်ငံရေးတွင် ဦးဆောင်သူများအဖြစ် သတ်မှတ်သည့် အမျိုးသားအပေါ် ထားရှိသော ယေဘုယျ မျှော်လင့်ချက်များမှာ ကြံ့ခိုင်သန်မာ၍ အကြမ်းခံနိုင်ခြင်း၊ လေးစားထိုက်ခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ ရဲရင့်၍ အကြောက်တရားမရှိခြင်း တို့ ဖြစ်ပါသည်။[59] အမျိုးသားများသည် ငွေရှာနိုင်ပြီး အားကိုးထိုက်သူများဖြစ်သင့်ပါသည်။ ထို့ပြင် ရပ်ရွာကောင်းကျိုး အတွက် လုပ်ဆောင်နိုင်သူများ ဖြစ်ရမည်၊ အထူးသဖြင့် ဘာသာရေးအဖွဲ့အစည်းများနှင့် ရပ်ရွာထဲရှိ ပွဲလမ်းသဘင် အခမ်းအနားများအတွက် လှူဒါန်းပေးကမ်းခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ဖြစ်သင့်သည်ဟု မျှော်လင့်ကြပါသည်။ အမျိုးသမီး များထံမှ မိသားစု ပြုစုစောင့်ရှောက်ပြီး အိမ်ထောင်ကို ထိန်းသိမ်းရန် တာဝန်များအပြင် အထက်ဖော်ပြပါ အရည် အသွေးများကိုလည်း မျှော်လင့်ကြပါသည်။ သို့သော် အမျိုးသားများသည် အမျိုးသမီးများထက် လွတ်လပ်ခွင့် (သွားလာလှုပ်ရှားခွင့်) ပိုမို ရှိသူများအဖြစ် လက်ခံထားကြပါသည်။[60]

အမျိုးသားများသည် အထက်အဆင့်တွင် ရှိသည်၊ အကြီးအမှူးဖြစ်သည်ဟူသော ယဉ်ကျေးမှုအစဉ်အလာ ယူဆချက် သည် 'ဘုန်း' ဟူသော သဘောတရားတွင် အခိုင်အမာအမြစ်တွယ်နေပါသည်။ 'ဘုန်း' ဟူသည်မှာ 'ယောက်ျားတို့၏ အစွမ်းသတ္တိ' သို့မဟုတ် ဂုဏ်တစ်မျိုးဖြစ်ပြီး အမျိုးသမီးများ ရယူနိုင်ခြင်း မရှိဟု ယူဆထားသော အရာတစ်ခု ဖြစ်ပါ သည်။[61] ထိုယူဆချက်သည် တစ်စိတ်တစ်ပိုင်းအားဖြင့် အမျိုးသမီးများ၏ မီးယပ်သွေးသည် 'ညစ်ပတ်သည်' ဟူသော သိပ္ပံနည်းမကျသည့် ရှေးရိုးစဉ်လာယူဆချက်များနှင့်လည်း ဆက်နွှယ်နေပြီး ထိုအကြောင်းကြောင့် အမျိုးသမီးများ သည် အမျိုးသားများထက် နိမ့်ကျသည့် ဒုတိယတန်းစားအဆင့်သို့ နိမ့်ချခံထားခြင်း ဖြစ်ပါသည်။ ဤယူဆချက်မှ ဆင်းသက်လာသော ရှေးရိုးအစဉ်အလာအမျိုးမျိုးအား ယခုအချိန်အထိ ကျင့်သုံးဆဲဖြစ်ပြီး မြင့်မြတ်သော နေရာများနှင့် ဘုရားကျောင်းများရှိ အချို့နေရာများသို့ အမျိုးသမီးများကို သွားရောက်ခွင့်မပြုခြင်းနှင့် အဝတ်အစားများ လျှော်ဖွပ်ခြင်း နှင့်စပ်လျဉ်းသော တင်းကျပ်သည့် အလေ့အထများကဲ့သို့ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုများ ဆက်လက်ရှိနေ ပါသည်။[62]

Keeler ၏ ယောက်ျားပီသမှုလက္ခဏာများနှင့် မန္တလေးရှိ ဗုဒ္ဓဘာသာဘုန်းကြီးများအကြောင်း လေ့လာမှုတွင် ထိုအဆင့် အတန်းနှင့် ဝါစဉ်များကို အလေးပေးတင်ပြထားပါသည်။ "ယောက်ျားပီသမှုသည် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်၏ အမှတ်လက္ခဏာတစ်ခုဖြစ်ပြီး … တွယ်တာမှု၊ သံယောဇဉ်ကြီးမှုသည် မိန်းမဆန်ခြင်းနှင့် ယောက်ျားမပီသခြင်း၏ လက္ခဏာအဖြစ် ယူဆပါသည်။ ယင်းသည် တန်ဖိုးအားဖြင့် ပိုမို သေးငယ်သည်ဟု ယူဆသော်လည်း ကိုယ်ပိုင်

58 ဥပမာ Annami Löfving၊ အေးသီရိကျော်နှင့် မီမီသင်းအောင်၊ ကန့်လန့်ကာကို မတင်ခြင်း - မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုစံသတ် မှတ်ချက်များ၊ လူမှုရေးအစဉ်အလာအလေ့အထများနှင့် ကျားမတန်းတူညီမျှမှု (Raising the curtain: Cultural norms, social practices and gender equality in Myanmar)၊ ရန်ကုန်၊ Gender Equality Network ၊ ၂၀၁၅၊

59 ရန်ကုန်၊ ရှမ်းနှင့် တနင်္သာရီရှိ FGD များ၊ ၂၀၁၇ ဖွန်လမှ စက်တင်ဘာအတွင်း၊

60 Ibid.

61 F. MacGregor၊ ဩဇာအာဏာကြီးသော အမျိုးသမီးများ၏ စစ်စကတ်ပြဿနာ (Military skirts issue of powerful women)၊ မြန်မာတိုင်းမ်၊ ၂၀၁၅ အောက်တိုဘာ ၁၆၊ https://www.mmtimes.com/opinion/17047-military-skirts-issue-of-powerful-women.html

62 ထိုရိုးရာအစဉ်အလာများက အမျိုးသမီးများ၏ လုံချည်များ (စကတ်များ) သို့မဟုတ် အတွင်းခံများအား အမျိုးသားများ၏ အဝတ်အစားများနှင့် ရောနှောလျှော်ဖွပ်ခြင်းကို တားမြစ်ထားပြီး အဝတ်များလှန်းရာတွင်လည်း အမျိုးသမီးအဝတ်အစားများကို အမျိုးသားအဝတ်အစားများ၏ အောက်တွင်သာ လှန်းရန် သတ်မှတ်ထားပါသည်။ ဤမျှော်လင့်ချက်များက လျှော်ဖွပ်ရာတွင် အလုပ်ပိုစေပါသည်။ ရန်ကုန်တွင် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ ဖွန်လမှ စက်တင်ဘာလအတွင်း၊

ဆုံးဖြတ်လုပ်ပိုင်ခွင့်၏ မရှိမဖြစ် လိုအပ်သော ဆန့်ကျင်ဘက်အဖြည့်ခံတစ်ခုလည်း ဖြစ်နေပါသည်။"[63] ယင်း၏ အကျိုးဆက်အဖြစ် အမျိုးသားခေါင်းဆောင်များက အမျိုးသားများနှင့် သက်ဆိုင်သော ကိစ္စရပ်များ (စစ်ပွဲ၊ အကြမ်းဖက်မှု၊ နယ်မြေထိန်းချုပ်မှု) အား 'စစ်မှန်သော' သို့မဟုတ် 'ခက်ခဲကြမ်းတမ်းသော' ကိစ္စရပ်များအဖြစ် ရည်ညွှန်းပြောဆိုကြပြီး ထိုကိစ္စရပ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးကြီးပြီး အမျိုးသမီးများနှင့်သက်ဆိုင်သော 'နူးနူးညံ့ညံ့ကိုင်တွယ်လုပ်ဆောင်ရမည့်' ကိစ္စရပ်များ (ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စများ၊ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး) သည် အထက်ပါကိစ္စများလောက် အရေးမကြီးဟု ယူဆကြပါသည်။[64]

တပ်မတော်စစ်မှုထမ်းဟောင်းတစ်ဦး ပြောကြားခဲ့သော အောက်ပါစကားတွင် ဂျန်ဒါနှင့်စပ်လျဉ်းသည့် အမျိုးသားကြီးစိုးသော ဝါစဉ်အပေါ် ယုံကြည်လက်ခံမှုကိုသာမက စစ်သားလုပ်ခြင်းသည် မြင့်မြတ်ပြီး နတ်ဘုရားတစ်ပါး အလား ယူဆနိုင်လောက်သည်ဟူသော ယုံကြည်ချက်ကိုပင် တွေ့ရပါသည်။

*"ယောကျ်ားတွေက မိန်းမတွေထက် ပိုမြင့်မြတ်တယ်။ ဒါကြောင့် မိဘတွေက သားယောကျ်ားလေးပဲ လိုချင်တတ်ကြတယ်။ မြင့်မြတ်တဲ့ ယောကျ်ားတွေအတွက် ရွေးချယ်စရာ နှစ်ခု ရှိတယ် - ဘုရားဖြစ်ဖို့နဲ့၊ စစ်သားဖြစ်ဖို့ပဲ။" – တပ်မတော်စစ်မှုထမ်းဟောင်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု*

ပအိုးဝ်ဒေသတွင် အသက်အရွယ်ပိုကြီးသူများသည် အပစ်အခတ်မရပ်စဲမီက လက်နက်ကိုင် အကြမ်းဖက်ပဋိပက္ခများကို ကြုံတွေ့ခံစားခဲ့ရပြီး အမျိုးသားများအပေါ် အလားတူ မျှော်လင့်ချက်များ (ခက်ခဲကြမ်းတမ်းသည့်အလုပ်များကို လုပ်ကိုင်နိုင်သည့် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှု၊ ဦးဆောင်နိုင်မှု) ထားရှိသည်သာမက မိသားစုနှင့် မိမိ၏ မျိုးနွယ်စုအား ကာကွယ်စောင့်ရှောက်ရန်နှင့် လိုအပ်ပါက တိုက်ခိုက်ရင်း အသက်ကိုပင် ပေးဆပ်ရန် ဝန်မလေးဖို့ ဟူသော မျှော်လင့်ချက်များကို ထပ်ဆောင်းထားရှိကြပါသည်။ ထိုကဲ့သို့သော မျှော်လင့်ချက်များသည် ပဋိပက္ခကာလတွင် လူမှုအသိုင်းအဝိုင်းများမှ အမျိုးသားများအပေါ် ထားရှိနိုင်ခြေ ပိုများဟန်တူပြီး KNU နှင့်ဆက်နွယ်သော တွေ့ဆုံမေးမြန်းခဲ့သူများထံမှလည်း အလားတူ ပြောပြမှုများကို ကြားသိရပါသည်။

လေ့လာခဲ့သည့် နေရာနှစ်ခုစလုံးတွင် လူမှုရေးစံများနှင့် ဓလေ့ထုံးစံများအရ အမျိုးသားများအား ဇနီးမယားတစ်ယောက်ထက်မက ယူခြင်းကို တားမြစ်ထားပါသည်။ သို့သော် ဇနီးတစ်ယောက်ထက်မက ယူထားသူများ ရှိကြောင်းသိရပါသည်။ ပအိုးဝ်ဒေသ၌ EAOနှင့်အဆက်အသွယ်ရှိပြီး ချမ်းသာသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်တွင် ဇနီးသုံးယောက်ရှိသည်ဟူသော ကောလဟာလများ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၎င်း၏ ချမ်းသာကြွယ်ဝမှုနှင့် ဩဇာ အာဏာရှိသူများနှင့် အဆက်အသွယ်ရှိမှုကြောင့် ၎င်းအား လူမှုအသိုင်းအဝိုင်းမှ ကဲ့ရဲ့ပြစ်တင်မှုများ မရှိကြပါ။ ထို့ကြောင့် ကျားမရေးရာ လူမှုရေးစံများသည် အခြားသော ဝိသေသလက္ခဏာများ၊ အထူးသဖြင့် ချမ်းသာကြွယ်ဝမှုနှင့် အဆင့်အတန်းပေါ်မူတည်ကာ ပြောင်းလဲပုံသွင်းနိုင်ကြောင်းကို ဤအဖြစ်က ညွှန်ပြနေပါသည်။ ထို့ကြောင့် လိင်ဝိသေသခံယူမှုများနှင့် ဖော်ပြမှုများသည် လိင်တစ်ခုတည်းကသာမက ချမ်းသာသူနှင့် ဆင်းရဲသူအပေါ် ထားရှိသော ကွဲပြားသည့် မျှော်လင့်ချက်များ သို့မဟုတ် တိုင်းရင်းသားလူမျိုးစုနှင့် ကိုးကွယ်သည့်ဘာသာပေါ်မူတည်ကာ ရင်ဆိုင်ရသော အတားအဆီးများနှင့်အတူ လူမျိုးစုနှင့် အဆင့်အတန်းများကပါ ပုံသွင်းပေးနေခြင်း ဖြစ်ပါသည်။ ဥပမာ 'အမည်းရောင်' နယ်မြေများ[65] လာသူများသည် စစ်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခွင့်ကဲ့သို့ အချို့သော အခွင့်အရေးများကို ရယူခွင့်မရှိဘဲ ကန့်သတ်ခြင်း ခံရပါသည်။ လူမျိုးမတူခြင်းများက တိုင်းရင်းသားအုပ်စုများကြား (ဥပမာ ပအိုဝ်း-ဗမာ သို့မဟုတ် ထားဝယ်-ဗမာ) လက်ထပ်ခြင်းအတွက် ကြီးမားသော လူမှုရေးအတားအဆီး ဖြစ်ပါ

63 W. Keeler ၊ ဝါစဉ်များ - ဗုဒ္ဓဘာသာ မြန်မာနိုင်ငံရှိ ယောကျ်ားပီသမှုနှင့် အခြားဆက်စပ်နေသော အချက်များ (The traffic in hierarchy: Masculinity and its others in Buddhist Burma)၊ ဟိုနိုလူလူ၊ HA: University of Hawaii Press, 2017

64 ရန်ကုန်တွင် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ရန်ကုန်၊ ၂၀၁၇ ဖွန်လမှ အောက်တိုဘာလအတွင်း၊

65 တပ်မတော်၏ 'ဖြတ်လေးဖြတ်မဟာဗျူဟာ' ကျင့်သုံးခဲ့သော အချိန်ကာလကို ပြန်ကြည့်မည်ဆိုလျှင် သောင်းကျန်းသူများ ထိန်း ချုပ်ထားသော နယ်မြေများအား 'အမည်းရောင်' နယ်မြေ၊ သောင်းကျန်းသူနှင့် အစိုးရ ထိန်းချုပ်မှုများ ရောနှောနေသော နယ်မြေ များကို 'အညိုရောင်' နယ်မြေနှင့် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိသော နယ်မြေများအား 'အဖြူရောင်' နယ်မြေဟု ခေါ်ဝေါ် လေ့ရှိပါသည်။ သို့သော် လက်တွေ့တွင် အခြေအနေများသည် ပိုမို ရှုပ်ထွေးပါသည်။ ဥပမာ Joliffe က အခြေအနေခြောက်မျိုးကို သတ်မှတ်ဖော်ထုတ်ပေးထားပါသည်။ K. Joliffe ၊ မြန်မာနိုင်ငံရှိ အပြိုင်အဆိုင်ထိန်းချုပ်ရန် ကြိုးပမ်းနေသော ဒေသများရှိ တိုင်းရင်း သားပဋိပက္ခနှင့် လူမှုရေးဝန်ဆောင်မှုများ (Ethnic conflict and social services in Myanmar's contested regions)၊ ရန်ကုန်၊ The Asia Foundation ၊ ၂၀၁၄၊ စာမျက်နှာ ၁၂။

သည်။ မျိုးစောင့်ဥပဒေလေးခုအရလည်း ဘာသာမတူသူများ လက်ထပ်ခြင်းအတွက် ဥပဒေဆိုင်ရာ အတားအဆီးများ ရှိပါသည်။ ထိုဥပဒေများအား အမျိုးသမီးအဖွဲ့များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ညွန့်ပေါင်းအဖွဲ့က အပြင်း အထန်ကန့်ကွက်သော်လည်း ဗုဒ္ဓဘာသာဝင်အမျိုးသမီးများက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများ ရှိကြပါသည်။[66] ယင်းကြောင့် ဘာသာမတူသည့် စုံတွဲများ လက်ထပ်ရန် ကြိုးပမ်းသောအခါ သို့မဟုတ် ကလေးများအား မှတ်ပုံတင် သောအခါတွင် ကြီးမားသည့် ဗျူရိုကရေစီဆိုင်ရာ စိန်ခေါ်မှုများနှင့် ကဲ့ရဲ့ရှုတ်ချမှုများ ရင်ဆိုင်ရနိုင်ပါသည်။[67]

ရှမ်းပြည်နယ်တောင်ပိုင်းမှ FGD ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးသူများက လက်နက်ကိုင်များ၏ ဘုရားတည်ရန်နှင့် လမ်းဆောက်ရန် အလှူငွေ[68] ကောက်ခံမှုများနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများကို ဆွေးနွေးတင်ပြကြပါသည်။[69] အမျိုး သမီးဦးစီးသော အိမ်ထောင်စုများက အလှူငွေကို လျှော့ထည့်နိုင်ပြီး လူမှုရေးဝန်ဆောင်မှုများကို စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးသော ကျောင်းဆရာ/ဆရာမများနှင့် သက်ကြီးရွယ်အိုများ သို့မဟုတ် EAO များတွင် တာဝန်ထမ်း ဆောင်နေသူများ၏ မိသားစုများမှာ ကင်းလွတ်ခွင့်ရပါသည်။ ပဋိပက္ခကာလအတွင်းက EAO မိသားစုဝင်များကို ကင်းလွတ်ခွင့်ပေးခြင်းအား လူများက ကြည်ဖြူလက်ခံကြသော်လည်း အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်းမှစ၍ ထို ကင်းလွတ်ခွင့်များအပေါ် ရပ်ရွာလူထုမှ မကျေမချမ်းဖြစ်မှုများ ပို၍ပို၍ များပြားလာပါသည်။ ပဋိပက္ခကာလအတွင်း EAO သည် တိုင်းရင်းသားလူမျိုးစုအား ပြင်ပမှလာသည့် လတ်တလောခြိမ်းခြောက်မှုအန္တရာယ်မှ ကာကွယ်စောင့် ရှောက်သူများအဖြစ် အားကိုးကြရာမှ ဗဟိုအစိုးရသည် ၎င်းတို့အား ခြိမ်းခြောက်နေသော အန္တရာယ်တစ်ခုဟု ရှုမြင် ခြင်းမရှိတော့သည့် အခြေအနေသို့ရောက်ရှိလာသောအခါ EAO ၏ လူမှုအသိုင်းအဝိုင်းအား ကာကွယ်စောင့်ရှောက်မှု နှင့်စပ်လျဉ်းသည့် သဘောထားအမြင်များ ပြောင်းလဲလာခြင်းကြောင့် ဖြစ်ပါသည်။ သုတေသနတွင် ပါဝင်ဖြေဆိုကြ သူများက EAOအား အလှူငွေ[70] ကောက်ခံခြင်း၊ မြေသိမ်းခြင်းတို့နှင့်တွဲကာ မြင်လာခြင်းများ ပိုမိုများပြားလာပါသည်။[71]

သို့သော် အဆိုပါ ငွေရေးကြေးရေးဆိုင်ရာ မျှော်လင့်ချက်များကို ၎င်းတို့ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်အကြောင်းကို လူများက ပြောပြကြပါသည်။ ထည့်ဝင်ရမည့်အလှူငွေကို ထည့်ဝင်နိုင်ခြင်းမရှိလျှင် လူအများရှေ့တွင် အရှက်ရစေမှု (အများရှေ့တွင် နာရင်းအုပ်ခြင်း၊ ဆဲဆိုခြင်း) နှင့် ခြိမ်းခြောက်မှုများ ခံရပါသည်။[72] ထိုအခါမျိုးတွင် ဆင့်ခေါ်အပြစ်ပေး ခံရသူများမှာ အိမ်ထောင်စုမှ အမျိုးသားများဖြစ်ကြပြီး ကျေးရွာလူကြီးများမှာလည်း ရွာမှ စုစုပေါင်းထည့်ဝင်ရမည့် အလှူငွေ ပြည့်မီအောင် တာဝန်ယူရပါသည်။[73] ထိုအချက်ကိုကြည့်လျှင် အိမ်ထောင်စုအတွက်နှင့် ရပ်ရွာကောင်းကျိုး အတွက် ငွေကြေးထည့်ဝင်မှုများ ပြုလုပ်ရန် အမျိုးသားများအပေါ် ထားရှိသည့် မျှော်လင့်ချက်များကို တွေ့မြင်နိုင်မည် ဖြစ်သည်။ အဆိုပါမျှော်လင့်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိလျှင် ယောကျ်ားမပီသခြင်းဟု ယူဆခံရမှု ၏ နောက်ဆက်တွဲရိုက်ခတ်မှုများမှာ လူအများရှေ့တွင် အရိုက်ခံရခြင်းကဲ့သို့ အရှက်တကွဲဖြစ်ရသည့်အတွက် အိမ် ထောင်ဦးစီးတစ်ယောက် သို့မဟုတ် ရွာလူကြီးတစ်ယောက်အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်းရှိ ၎င်းတို့၏ အဆင့် အတန်းကို ထိခိုက်စေပါသည်။ ယင်းသည် လူမှုအသိုင်းအဝိုင်းမှ ပေးအပ်ထားသည့် ယောကျ်ားဟူသော ဂုဏ်ကို အသုံးပြုကာ အချို့လုပ်ရပ်များ (လုပ်အား သို့မဟုတ် အလှူငွေ ထည့်ဝင်ခြင်း) ကို လုပ်ဆောင်လာအောင် ခြယ်လှယ် ခြင်းပင် ဖြစ်ပါသည်။

66 M.J. Walton၊ M. McKay နှင့် မခင်မာမာကြည်၊ အမျိုးသမီးများနှင့် မြန်မာနိုင်ငံ၏ 'မျိုးစောင့်ဥပဒေများ' (Women and Myanmar's 'religious protection laws')၊ ဘာသာရေးယုံကြည်မှုနှင့် နိုင်ငံတကာရေးရာများ သုံးသပ်မှု (The Review of Faith & International Affairs)၊ Taylor & Francis ၊ ၂၀၁၅၊

67 ရန်ကုန်တွင် ပြုလုပ်သော KII ၊ ၂၀၁၇၊ ဇူလိုင်၊

68 အလှူငွေ ဆိုသည်မှာ ထည့်ဝင်လှူဒါန်းမှုများကို ဆိုလိုပါသည်။ သီအိုရီအရ ယင်းသည့် စေတနာရှိသလောက် ထည့်ဝင်ခြင်း ဖြစ်သော်လည်း လက်တွေ့တွင် အနိုင်အမာမျှော်လင့်ချက်များဖြင့် တောင်းခံခြင်း ဖြစ်တတ်ပါသည်။

69 ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပြုလုပ်သော FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

70 အဓိကအားဖြင့် တရားမဝင်အခွန်ကောက်ခြင်းဖြစ်သည့် အလှူငွေများကောက်ခံခြင်းသည် နိုင်ငံရှိ အခြားဒေသများတွင်လည်း ပြဿနာတစ်ခု ဖြစ်ပါသည်။ EAO များက စစ်အပြီးတွင် စီးပွားရေး ပြန်လည်ထူထောင်နေရသည့်အတွက် ၎င်းတို့၏ ရှင်သန် ရပ်တည်မှုအတွက် လိုအပ်၍ဟု ဆိုပါသည်။ စောမြတ်ဦးသာ၊ ပြည်သူများသည် ကျင့်ဝတ်ကို သိရှိဖို့ လိုအပ်သည်ဟု မွန် နယ်စပ်/ လုံခြုံရေး ဝန်ကြီးက ပြောပါသည်၊ ကရင်သတင်းဌာန၊ ၂၀၁၈ ဖေဖော်ဝါရီ ၂၂၊ www.bnionline.net/en/news/public-needs-know-code-conduct-says-mon-bordersecurity-minister

71 ဥပမာ ဟိုပုံးရှိ အိမ်ထောင်စုလေးစု၏ မြေများသည် EAO နှင့် မြန်မာအစိုးရ၏ သိမ်းယူခြင်းကို ခံခဲ့ရသည်ဟု ဆိုပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

72 ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

73 Ibid.

## သမားရိုးကျ ခွဲခြားသတ်မှတ်ထားသော အမျိုးသားနှင့်အမျိုးသားဟူသည့် အုပ်စုနှစ်စုထဲတွင် မပါဝင်သောအခါ

လတ်တလောတွင် မြန်မာနိုင်ငံ၌ မတူကွဲပြားသော လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုများနှင့် လိင်ဝိသေသခံယူမှုများ (SOGI)[74] အကြောင်း အများပြည်သူ၏ နားလည်သိရှိမှုမှာ နည်းပါးနေပါသေးသည်။ မြို့ကြီးများတွင် သိရှိမှု တဖြည်းဖြည်း မြင့်မားလာသော်လည်း ကျေးလက်ဒေသများတွင် နားလည်သိရှိမှု မရှိသလောက်ပင် ဖြစ်ပါသည်။ လူမှုယဉ်ကျေးမှုအရ မတူကွဲပြားသော SOGI များသည် အတိတ်ဘဝက မကောင်းမှုများ သို့မဟုတ် အကုသိုလ်ကံများကြောင့် အပြစ်ပေးခံရခြင်း ဖြစ်သည်ဟု ယူဆသည့်အတွက် လူအများက စက်ဆုပ်ရွံရှာကြပါသည်။[75] ယင်းသည် ခွဲခြားဆက်ဆံမှုများစွာကို ဖြစ်စေပြီး လိင်မတူသူများ လက်ထပ်ခြင်းသည်သာ စံအဖြစ်သတ်မှတ်သည့်အတွက် ထိုအတိုင်းသာ လုပ်ဆောင်သင့်သည်ဟူသော ဖိအားမှာလည်း အလွန်ကြီးမားပါသည်။ တနင်္သာရီတွင် အခြေစိုက်သော LGBTQ အဖွဲ့အစည်းတစ်ခုက မိဘများသည် ၎င်းတို့၏ သားအား 'ကန္စဲ့ကလျနိုင်သည်' ဟု ယူဆလျှင် ရိုက်နှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများ ပြုလုပ်ကြပြီး အခြားလက်သင့်ခံနိုင်လောက်သည့် ရွေးချယ်စရာနည်းလမ်းမရှိလျှင် ထိုသားအား အိမ်ထောင်ပြုခိုင်းခြင်း သို့မဟုတ် ဘုန်းကြီးဝတ်ခိုင်းခြင်း[76] များ ပြုလုပ်သည်ဟု ပြောပြခဲ့ပါသည်။ ကျောင်းများတွင်လည်း ဆရာ/ဆရာမများက သမားရိုးကျပုံစံနှင့် မကိုက်ညီသည့် ယောက်ျားလေးများအား ပြုမူပုံများ ပြောင်းလဲရန် ဖိအားများစွာ (၎င်းတို့၏ အမူအယာများကို ထောက်ပြပြောဆိုခြင်း၊ အဝတ်အစားများကို အတင်းအကြပ်လဲဝတ်ခိုင်းခြင်း) ပေးကြပါသည်။ ထို့ကြောင့် ထိုယောက်ျားလေးအများအပြားမှာ အထက်တန်းကျောင်းမပြီးခင် ကျောင်းထွက်ကြရာ နောက်ပိုင်း ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိနိုင်မှုအလားအလာများကို ထိခိုက်စေပါသည်။[77]

**ဂျန်ဒါဝိသေသ** - မိမိ၏ ဂျန်ဒါနှင့်စပ်လျဉ်း၍ လူတစ်ဦး၏ အတွင်းစိတ်ခံစားမှုနှင့် အတွေ့အကြုံများကို ရည်ညွှန်းပြီး ယင်းသည် မွေးရာပါ လိင် သို့မဟုတ် အမျိုးသားနှင့် အမျိုးသမီးဟူ၍ သမားရိုးကျခွဲထားသော အုပ်စုများနှင့် ကိုက်ညီချင်မှ ကိုက်ညီပေလိမ့်မည်။

**အပြန်အလှန်ဆက်နွယ်ချိတ်ဆက်မှု (Intersectionality)** - လူမှုရေးအုပ်စုများဖြစ်သော လူမျိုး၊ ဂျန်ဒါဝိသေသ၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ စွမ်းဆောင်နိုင်မှုနှင့် လူတန်းစားအလွှာကဲ့သို့သော အုပ်စုများ၏ အပြန်အလှန်ဆက်နွယ်ချိတ်ဆက်မှု သဘာဝကို ရည်ညွှန်းပြီး ယင်းတို့ ပေါင်းစပ်ကာ အပြန်အလှန် အမှီသဟဲပြုနေသော ခွဲခြားဆက်ဆံမှု သို့မဟုတ် ဖယ်ကြဉ်ထားမှု စနစ်များကို ဖန်တီးဖြစ်ပေါ်စေပါသည်။ ဤစကားလုံးအား စတင်တီထွင်အသုံးပြုခဲ့သူမှာ critical race သီအိုရီကို ဖော်ထုတ်သူ Kimberle Crenshaw ဖြစ်ပါသည်။

**LGBTQ** - လိင်တူချစ်သူ အမျိုးသမီး၊ လိင်တူချစ်သူ အမျိုးသား၊ လိင်တူလိင်ကွဲ နှစ်မျိုးစလုံးကို ချစ်နိုင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ၊ ဆန့်ကျင်ဘက်လိင်အား စိတ်မဝင်စားသူတို့ကို အတိုကောက်ခေါ်ဝေါ်သော စကားလုံးဖြစ်ပြီး အနောက် နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကာ နိုင်ငံတကာအဖွဲ့အစည်းအမျိုးမျိုးမှ လက်ခံအသုံးပြုကြပါသည်။ LGBT+ LGBT* နှင့် LGBTI ('I' သည် 'intersex' ကို ကိုယ်စားပြုပြီး လိင်အင်္ဂါနှစ်မျိုးစလုံးပါသူဖြစ်သည်) ကဲ့သို့ အခြားအတိုကောက်စကားလုံးများလည်း ရှိပါသည်။

**လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု** - လိင် သို့မဟုတ် ဂျန်ဒါတစ်မျိုးအပေါ် လူတစ်ဦး၏ စိတ်ခံစားချက်ပိုင်းဆိုင်ရာ၊ အချစ်ရေးဆိုင်ရာ နှင့်/သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု ဖြစ်ပါသည်။

**SOGI** - လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုနှင့် ဂျန်ဒါဝိသေသ SOGI ဆိုသည်မှာ ဂျန်ဒါနှင့် ဖိုမလက္ခဏာဆိုင်ရာ ကိစ္စရပ်များကို ရည်ညွှန်းရန်အတွက် အဖွဲ့အစည်းအမျိုးမျိုးနှင့် သုတေသနပညာရှင်အမျိုးမျိုးမှ အသုံးပြုသော အတိုကောက်စကားလုံးတစ်ခုဖြစ်သည်။ မည်သည့် လူအုပ်စုတစ်စုကိုမျှ မရည်ညွှန်းပါ။ အဘယ်ကြောင့်ဆိုသော် လူသားများအားလုံးတွင် လိင်ပိုင်းဆိုင်ရာ တမ်းညွှတ်မှုတစ်ခုနှင့် ဂျန်ဒါဝိသေသမျိုးစုံ ရှိနိုင်သောကြောင့် ဖြစ်ပါသည်။

74 SOGI သည် ကျားမရေးရာနှင့် ဖိုမလက္ခဏာ ကိစ္စရပ်များကို ရည်ညွှန်းရာတွင် အသုံးပြုသော အတိုကောက်ဝေါဟာရတစ်ခု ဖြစ်ပါ သည်။ လိင်ဝိသေသခံယူမှုဆိုသည်မှာ လူ၏ ကိုယ်ပိုင်ကျားမရေးရာနှင့်စပ်လျဉ်းသည့် အတွင်းစိတ်ခံစားမှုနှင့် အတွေ့အကြုံကို ရည် ညွှန်းပါသည်။ ယင်းသည် မွေးဖွားစဉ်က ပါလာသော လိင် သို့မဟုတ် သမားရိုးကျ အုပ်စုခွဲထားသော အမျိုးသားနှင့် အမျိုးသမီး ဟူသည့် အုပ်စုများနှင့် ကိုက်ညီကောင်း ကိုက်ညီနိုင်ပြီး မကိုက်ညီခြင်းလည်း ရှိနိုင်ပါသည်။

75 SGBV တားဆီးကာကွယ်ရေးတွင် International Alert နှင့် လက်တွဲဆောင်ရွက်ခဲ့သော ရန်ကုန်အခြေစိုက် LGBTQ အဖွဲ့ အစည်း၊ ၂၀၁၆၊

76 ထားဝယ်တွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၇၊ ဇူလိုင်လ ၅ ရက်၊

77 LGBTQ အဖွဲ့အစည်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ၂၀၁၇၊ အောက်တိုဘာ၊

နေရာဒေသ၊ လူမှုအဆင့်အတန်းအလွှာနှင့် တိုင်းရင်းသားလူမျိုးစုအပေါ် မူတည်ကာ လူမှုအသိုင်းအဝိုင်းမှ ခွဲခြားဆက်ဆံမှုများကို ဖြစ်စေသော အကြောင်းရင်းအမျိုးမျိုးသည် အပြန်အလှန်ဆက်နွယ်ချိတ်ဆက် (intersectional)[78] နေပါသည်။ လူမှုအဆင့်အတန်းအလွှာနှင့် စီးပွားရေးအခြေအနေများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး ချမ်းသာကြွယ်ဝသော အထက်တန်းလွှာမှ မတူကွဲပြားသော ရှိသူများသည် လူမှုအသိုင်းအဝိုင်း၏ လေးစားစွာ ဆက်ဆံမှုကို ပိုမိုရရှိပြီး ဆင်းရဲနွမ်းပါးသူများ၊ သာမန်လူတန်းစားများမှာ ခွဲခြားဆက်ဆံမှုများကို ပိုမို ရင်ဆိုင်ကြုံတွေ့ရပါသည်။[79] အလားတူပင် လူသိများ ကျော်ကြားသည့် လိင်တူချစ်သူ အမျိုးသား သို့မဟုတ် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူအမျိုးသမီးများသည် ဖက်ရှင်၊ မိတ်ကပ်သို့မဟုတ် အနုပညာလောကတွင် အောင်မြင်မှုများရရှိနေကြပါသည်။ ယေဘုယျအားဖြင့် မြို့ပြတွင် နေထိုင်သူများသည် ကျေးလက်ဒေသများထက် နားလည်သိရှိမှု ပိုမိုမြင့်မားပြီး ပိုမိုလက်ခံနိုင်ကြဟု ယူဆရပါသည်။ နေရာဒေသကွာခြားမှု၏ သက်ရောက်မှုကိုလည်း အထင်အရှားတွေ့ရပါသည်။ ထိုင်းမီဒီယာ၏ ဩဇာလွှမ်းမိုးမှုနှင့် မတူကွဲပြားသော SOGI များအား လူမှုအဖွဲ့အစည်းမှ လက်ခံမှု ပိုမိုမြင့်မားသော ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မှု များပြားခြင်းကြောင့် တနင်္သာရီဒေသတွင် SOGI အကြောင်း နားလည်သိရှိမှုနှင့် လက်ခံနိုင်မှုသည် အခြားနေရာဒေသများမှာထက် ပိုမိုမြင့်မားသည်ဟု တွေ့ဆုံမေးမြန်းခဲ့သူအချို့က ယူဆကြပါသည်။[80] သို့သော်လည်း LGBTQ အဖြစ် သတ်မှတ်ခံရသူများသည် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းအတွင်းတွင် ထိခိုက်အလွယ်ဆုံး နှင့် ခွဲခြားဆက်ဆံအခံရဆုံးသူများဖြစ်ပြီး နှုတ်ဖြင့် အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် နှောင့်ယှက်တိုက်ခိုက်မှုများကို ခံရကြောင်း တနင်္သာရီဒေသမှ တွေ့ဆုံမေးမြန်းခဲ့သူများက လက်ခံအသိအမှတ်ပြုကြပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် တွေ့ဆုံမေးမြန်းခဲ့သူများက ကျေးလက်ဒေသများတွင် မတူကွဲပြားသော SOGI များအား နားလည်သိရှိမှု အလွန်နည်းပါးကြောင်း ပြောပြကြပါသည်။ ရှမ်းပြည်နယ်တွင် သုတေသနပြုလုပ်ခဲ့သည့် ကျေးရွာမှ လိင်တူချစ်သူအမျိုးသားတစ်ဦးသည် အစပိုင်းတွင် ခွဲခြားဆက်ဆံခံရပြီး အတင်းအကြပ်ဖိအားပေးမှုကြောင့် အမျိုးသမီးတစ်ဦးကို လက်ထပ်ခဲ့ရပြီး ၎င်း၏ အိမ်ထောင်ရေး ပြိုကွဲသွားပြီးနောက်ပိုင်းမှသာ ၎င်း၏ လိင်သဘာဝကို လက်ခံကြသည်ဟု သိရပါသည်။[81] လိင်မတူသူချင်းသာ လက်ထပ်ရမည်ဟူသည့် စံသတ်မှတ်ချက်၏ ဖိအားမှာ ကြီးမားလှသည့်အတွက် အခြားသော သမားရိုးကျ ကျားနှင့်မ အုပ်စုနှစ်စု ခွဲခြားမှုနှင့် မကိုက်ညီသော အမျိုးသားများအတွက်လည်း မိမိ၏ တိမ်းညွှတ်မှု၊ ခံယူမှုအတိုင်း နေထိုင်နိုင်သည့်အတိုင်းအတာ နည်းပါးကြောင်း ညွှန်ပြနေပါသည်။ မြို့ပြမဟုတ်သော ဒေသများရှိ မတူကွဲပြားသော SOGI ရှိသူများ၏ တွေ့ကြုံခံစားရမှုများအကြောင်းကို များစွာ မသိရှိသေးသည့်အတွက် သုတေသနများ ဆက်လက်ပြုလုပ်ရန် လိုအပ်နေပြီး အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ပြုလုပ်ရန်လိုကြောင်း ပြသနေပါသည်။

တောင်ကြီးမြို့တွင် တွေ့ဆုံမေးမြန်းခဲ့သည့် လိင်တူချစ်သူအမျိုးသားတစ်ဦးက လူမှုအသိုင်းအဝိုင်းမှ ထားရှိသော မျှော်လင့်ချက်များနှင့် ကိုက်ညီအောင် နေထိုင်ရန် ဖိအားပေးခံရမှုများအကြောင်း ပြောပြသလို လက်ခံနိုင်မှုအတိုင်းအတာမှာ လူတစ်ဦးချင်းစီအလိုက် ကွဲပြားပုံကိုလည်း ပြောပြပါသည်။ ထိုသို့ ကွဲပြားသည့်အတွက် သူသည် "မိဘများထံ သို့မဟုတ် ဘာသာရေးနှင့်သက်ဆိုင်သော နေရာများသို့ သွားရောက်သောအခါတွင် (သမားရိုးကျစံသတ်မှတ်ထားသော) အမျိုးသားတစ်ဦးကဲ့သို့ ဝတ်စားပြုမူရသည်" ဟု သိရပါသည်။[82] သူ၏ အပြုအမူများအား သမားရိုးကျစံနှင့် ကိုက်ညီစေအောင် ပြောင်းလဲနိုင်ရန်ကြိုးစားရာတွင် သူ၏ မိသားစုသည် သူ့အပေါ် ကိုယ်နှုတ်ဖြင့် အကြမ်းဖက်မှုများ ပြုခဲ့ကြကြောင်း၊ သို့သော် ပရောဖက်ရှင်နယ် အလှဖန်တီးရှင်တစ်ဦး ဖြစ်လာပြီးနောက်တွင် ပြောင်းလဲသွားခဲ့ကြောင်း ပြောပြခဲ့ပါသည်။ ဝင်ငွေရှာနိုင်ခြင်း၊ လူမှုရေးကိစ္စများအတွက် လှူဒါန်းနိုင်ခြင်း (အလှူငွေ) (ဥပမာ ပြည်တွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ (IDPs) အတွက်) နှင့် သူ၏ ကျွမ်းကျင်မှုများကို လေးစားမှုတို့ကြောင့် လူကောင်းတစ်ဦးနှင့်

78 Intersectionality ဆိုသည်မှာ အပြန်အလှန်အမှီသဟဲပြုနေသည့် ခွဲခြားဆက်ဆံမှု သို့မဟုတ် အားနည်းချို့တဲ့စေမှု စနစ်များကို ဖန်တီးဖြစ်ပေါ်စေသော လူမျိုး၊ လိင်ဝိသေသခံယူမှုများ၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုများ၊ ကိုးကွယ်သည့်ဘာသာ၊ စွမ်းရည်နှင့် လူ တန်းစားအလွှာများကဲ့သို့သော လူမှုရေးအုပ်စုများကြား အပြန်အလှန်ဆက်နွယ်ချိတ်ဆက်မှုရှိသည့် သဘာဝကို ရည်ညွှန်းပါသည်။ ထိုဝေါဟာရအား မူလတီထွင်ခဲ့သူမှာ critical race သီအိုရီကို ဖော်ထုတ်သူ Kimberlé Crenshaw ဖြစ်ပါသည်။

79 Interview with LGBTQ organisation, Yangon, October 2017

80 ထားဝယ်ရှိ တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

81 ရှမ်းပြည်နယ်တောင်ပိုင်းရှိ တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

82 တောင်ကြီးတွင် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ

သားလိမ္မာတစ်ဦးဖြစ်ရန် လိုအပ်သည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသွားသည်ဟု ယူဆရပါသည်။[83]

ယောက်ျားပီသမှုအား ဤသို့ အဓိပ္ပါယ်ကောက်ယူမှုသည် တွေ့ဆုံမေးမြန်းမှုများမှ ထွက်ပေါ်လာသည့် နောက်ထပ် ဖြစ်စဉ်တစ်ခုနှင့်လည်း ကိုက်ညီနေသည်ဟု ယူဆနိုင်ပါသည်။ ထိုဖြစ်စဉ်မှာ လိင်တူချစ်သူအမျိုးသား၊ လိင်စိတ်ပြောင်း အမျိုးသားနှင့် လိင်စိတ်ပြောင်းအမျိုးသမီးများအပေါ် ဆက်ဆံသည့် ပုံစံများ မတူညီဘဲ ကွဲပြားခြင်းဖြစ်ပါသည်။ အရပ်ထဲတွင် 'ယောက်ျားလျာ' ဟု ခေါ်လေ့ရှိသော ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ အမျိုးသမီးများ သည် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူအမျိုးသားများထက် လူမှုအဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံ ခံရမှု၊ အနိုင်အထက်ပြုခံရမှုများ ပိုမိုနည်းပါးပြီး လောကထုံးတမ်းကို ဖောက်ဖျက်မှုသည် မပြင်းထန် လှသည့်အတွက် ပိုမိုလက်သင့်ခံနိုင်ဖွယ်ရှိသည်ဟု ယူဆကြပါသည်။[84] ထိုယူဆချက်ကြောင့် ၎င်းတို့သည် အစဉ်အလာအရ အမျိုးသား များသာ လုပ်ကိုင်သင့်သည်ဟု ယူဆသော အလုပ်များ (ဥပမာ တက္ကစီမောင်းခြင်း) ကို လုပ်ကိုင်နိုင်စွမ်းရှိကြပြီး ပို၍ လေးစားအသိအမှတ်ပြုခြင်း ခံကြရပါသည်။

နေရာအနံ့တွင် LGBTQ များအပေါ် ခွဲခြားဆက်ဆံမှုများသည် အသိပညာဗဟုသုတ မရှိခြင်းကြောင့် ဖြစ်သလို လူမှု အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေသောဆိုးကျိုးဖြစ်စေသည့် ယဉ်ကျေးမှုအစဉ်အလာများကြောင့်လည်းဖြစ်ပါသည်။ ဥပမာ အစဉ်အဆက်ခေတ်စားခဲ့သော ဟာသပြက်လုံးများ၊ ရုပ်ရှင်များနှင့် ဇာတ်သဘင်များတွင် LGBTQ ဇာတ်ကောင် များအား လိင်မှုဆိုးများ ရယ်စရာကောင်းသူများ၊ ဝမ်းနည်းကြေကွဲစရာကောင်းသူများ၊ မျှော်လင့်ချက်ကင်းမဲ့သူများ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်သူများ သို့မဟုတ် ရယ်ရွှင်စရာ ရာဇဝတ်ကောင်များအဖြစ် ပုံဖော်လေ့ရှိကြပါ သည်။ လူအများက SOGI အကြောင်းကို အမှန်တကယ်ပင် နားလည်ခြင်းမရှိကြပါ (အချို့က "ထိုသူများသည် တမင် သက်သက် "အရူးထနေခြင်းဖြစ်သည်" ဟု ထင်ကြပါသည်[85])။ ယင်းသည် LGBTQ ဟု ဝိသေသခံယူသူများတွင် မိမိကိုယ်မိမိ လေးစားမှု နည်းပါးခြင်းနှင့် စိတ်ကျန်းမာရေးပြဿနာများ ဖြစ်အောင် အထောက်အပံ့ပြုနေသော အကြောင်းအချက်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုတို့အတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းများမှ အားပေးကူညီရမည့် လူမှုရေးစံများ ပြောင်းလဲရေးတွင် ဂျန်ဒါ ညီမျှရေးနှင့်အတူ ဂျန်ဒါအရ မတူကွဲပြားမှုများကို လေးစားမှုတို့ ပါဝင်သင့်ပါသည်။ SOGI အရေးကိစ္စများသည် အနာဂတ်တွင် ဆောင်ရွက် မည့် နိုင်ငံရေးဆွေးနွေးပွဲ သို့မဟုတ် UPC များတွင် ပါဝင်သင့်ပြီး သို့မှသာ ထိုကိစ္စများကို ကိုင်တွယ်ဖြေရှင်း ပေးနိုင်မည် ဖြစ်သည်။

## ၃-၂။ ထားရှိသော မျှော်လင့်ချက်များနှင့် လက်တွေ့ဘဝအတွေ့အကြုံများကြား ကွာဟချက်

အမျိုးသားများအပေါ် တက်ကြွသည့်ခေါင်းဆောင်များ၊ ကာကွယ်စောင့်ရှောက်သူများနှင့် ရှာဖွေကျွေးမွေးသူများအဖြစ် မျှော်လင့်ချက်များ ထားရှိကြသော်လည်း စစ်အုပ်ချုပ်ရေးကာလ၊ တိုင်းရင်းသားနှင့် နိုင်ငံရေးပဋိပက္ခများ၊ ကာလရှည် ကြာဆင်းရဲမှုအခြေအနေတွင် အမျိုးသားအများအပြားအတွက် ထိုမျှော်လင့်ချက်များကို ပြည့်မီအောင် နေထိုင်နိုင်ရေး မှာ ခက်ခဲခဲ့ပါသည်။ လက်တစ်ဆုပ်စာ စစ်ဘက်နှင့် စီးပွားရေး (ယခုအခါ နိုင်ငံရေး) ဩဇာအာဏာရှိသူများ လွှမ်းမိုး ကြီးစိုးခဲ့သော ကာလတွင် မြန်မာနိုင်ငံမှ အမျိုးသားအများအပြားသည် ဦးစီးဦးဆောင်ပြုသည့် အားကောင်းမောင်းသန် ယောက်ျားများဟူသော စံနှင့် ကိုက်ညီမှုမရှိသည့် ထိခိုက်လွယ်မှုနှင့် အင်အားမဲ့၊ အစွမ်းအစမဲ့သည့် အခြေအနေ အမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရပါသည်။ အထူးသဖြင့် ပဋိပက္ခဒဏ်သင့်ရသည့်၊ အတင်းအကြပ်အလုပ်စေခိုင်းခံရသည့်၊ နေရပ်စွန့်ခွာထွက်ပြေးရသည့် အမျိုးသားများ သို့မဟုတ် နိုင်ငံရေးအကျဉ်းသားများမှာ ထိုသို့ တွေ့ဆုံခံစားကြရသည်။ မသန်စွမ်းသော အမျိုးသားများသည်လည်း ကျားမရေးရာနှင့်စပ်လျဉ်းသော၊ သီးခြားစိန်ခေါ်မှုများကို ရင်ဆိုင်ကြရပြီး ထိုအကြောင်းသည် ယခုအစီရင်ခံစာတွင် မပါရှိဘဲ အနာဂတ်တွင် လုပ်ဆောင်ရန်ရှိသည့် သုတေသနတွင် ထည့်သွင်း လေ့လာမည်ဖြစ်သည်။[86]

83 Ibid.

84 လူသိများကျော်ကြား၍ ချမ်းသာသော အလှဖန်တီးရှင်များနှင့် ဖက်ရှင်ဒီဇိုင်နာများ သို့မဟုတ် ချမ်းသာကြွယ်သော အထက်တန်း လွှာများမှလွဲ၍ လိင်ပြောင်းအမျိုးသမီးများသည် ခွဲခြားဆက်ဆံမှုအခံရဆုံးဟု ဆိုပါသည်။ ရန်ကုန်တွင် ပြုလုပ်ခဲ့သော KII ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ၊

85 LGBTQ အဖွဲ့အစည်းနှင့် အစည်းအဝေး၊ ရန်ကုန်၊ ၂၀၁၇၊

86 International Alert နှင့် ကချင်တို့မြေသုတေသနဌာန၊ ၂၀၁၈ ဒီဇင်ဘာတွင် ထွက်လာမည့် အစီရင်ခံစာ၊

ကျေးလက်တွင် နေထိုင်သူအများစုသည် ၎င်းတို့၏ မြေယာများပေါ်တွင် အလုပ်လုပ်ကာ (မြန်မာနိုင်ငံရှိ လုပ်သားအင်အားစု၏ ၇၀% ခန့်သည် စိုက်ပျိုးရေးပေါ်တွင် မှီခိုကြပါသည်[87]) သားသမီးများကို အေးအေးချမ်းချမ်း ပြုစုစောင့်ရှောက်ပေးလိုကြသော်လည်း ပဋိပက္ခ၏ ဆိုးကျိုးအမျိုးမျိုးကို ခံစားကြရရှာပါသည်။ အကြမ်းဖက်မှုများကို ကိုင်တိုင်ကြုံတွေ့ရခြင်း၊ မြင်တွေ့ရခြင်း၊ ကျူးလွန်ရန် အတင်းအကြပ်စေခိုင်းခံရခြင်း၊ အထမ်းသမားအဖြစ်၊ အလုပ်သမားအဖြစ် အတင်းအကြပ်စေခိုင်းခံရခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ အတင်းအကြပ် ဝင်ရောက်စေခြင်းတို့ ဖြစ်ပါသည်။ ထို့ပြင် ပဋိပက္ခ၏ သွယ်ဝိုက်အကျိုးသက်ရောက်မှုများကိုလည်း ရင်ဆိုင်ရပါသည်။ ၎င်းတို့မှာ ပဋိပက္ခ သို့မဟုတ် မြေသိမ်းမှုကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်း၊ ပညာရေးနှင့် စီးပွားရေးအခွင့်အလမ်းများ မရှိခြင်း၊ အခြားအခွင့်အလမ်းများ မရှိခြင်းကြောင့် ရွှေ့ပြောင်းအခြေချခြင်း သို့မဟုတ် မူးယစ်ဆေးဝါးအရောင်းအဝယ်များတွင် ပါဝင်ပတ်သက်ခြင်းတို့ ဖြစ်ပါသည်။  ယခုထက်တိုင် အမျိုးသားများသည် စစ်ဆေးရေးဂိတ်များတွင် အထူးရှာဖွေစစ်ဆေးခံရပြီး ဂိတ်ကြေးများ အကောက်ခံရခြင်းကဲ့သို့ ခွဲခြားဆက်ဆံမှုများကို ခံနေရဆဲဖြစ်ရာ စိုက်ပျိုးရေးသွင်းအားစုများကို ဝယ်ယူခြင်း သို့မဟုတ် စိုက်ပျိုးထွက်ကုန်များကို ရောင်းချခြင်းကဲ့သို့ နေ့တစ်ဒူဝ လုပ်ငန်းများမှာ ခက်ခဲနေရပါသည်။[88] IDP များအပါအဝင် အခြားဒေသမှ ရောက်လာသူများသည် ပိုမို သံသယဖြစ်ခံရပြီး ရှာဖွေစစ်ဆေးခံရပါသည်။ အထူးသဖြင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများဆိုလျှင် ပိုဆိုးပါသည်။

အများအားဖြင့် တွေ့ဆုံမေးမြန်းခဲ့သူများက အမျိုးသားများအား ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတွင် ဦးဆောင်မှုပြုသူများ၊ အချက်အလက်ဖြန့်ဝေပေးသူများ၊ တာဝန်ယူသူများနှင့် လက်နက်ကိုင်ပဋိပက္ခများတွင် ၎င်းတို့၏ ယုံကြည်ချက်များအတွက် အသက်ကိုပင် စတေးနိုင်သူများအဖြစ် ရှုမြင်ကြပါသည်။ ထိုအမြင်သည် အမျိုးသားများအား ပဋိပက္ခများနှင့် ပဋိပက္ခဖြေရှင်းမှုတွင် ပါဝင်ဆောင်ရွက်ရန်နှင့် ဦးဆောင်ဦးရွက်ပြုရန် 'သင့်တော်သူ' အဖြစ် လူမှုအဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များနှင့်လည်း ကိုက်ညီပါသည်။ ယင်းသည် တစ်စိတ်တစ်ဒေသအားဖြင့် အမျိုးသားများသည် အမျိုးသမီးများထက် ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမှု ပိုရှိပြီး နေအိမ်ပြင်ပ အတွေ့အကြုံပိုများသည်ဟု ရှုမြင်ခြင်းကြောင့် ဖြစ်ပါသည်။[89] မြေယာများကို ကာကွယ်စောင့်ရှောက်ခြင်း သို့မဟုတ် ပြန်လည်တောင်းဆိုခြင်းတွင် ပါဝင်ဆောင်ရွက်ကြသူများအား ယုံကြည်အားကိုးရသည့် သူရဲကောင်းများနှင့် စံပြပုဂ္ဂိုလ်များအဖြစ် ယူဆကြပြီး လူမှုအဖွဲ့အစည်းအတွင်း ပိုမိုမြင့်မားသောအဆင့်အတန်းကို ပေးအပ်ခြင်းခံရပါသည်။ အမျိုးသားများသည် ၎င်းတို့၏ မိသားစု၊ စီးပွားရေး သို့မဟုတ် သားသမီးများ၏ ပညာရေးကို ဦးစားပေးလိုသောကြောင့် ပဋိပက္ခများ သို့မဟုတ် လူမှုရေးကိစ္စ များတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုကြသည်ကိုတွေ့ရပြီး ငယ်ရွယ်သောအမျိုးသားများမှာမူ မိဘ၏ ခွင့်ပြုချက်မရသောကြောင့် ဖြစ်သည်။

ဆန့်ကျင်ဘက်အနေဖြင့် တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးအဖွဲ့အစည်းများက ပဋိပက္ခအတွင်းရှိ အမျိုးသားများ၏ အခန်းကဏ္ဍအား ပဋိပက္ခ၊ အိမ်တွင်းအကြမ်းဖက်မှု၊ လောင်းကစားနှင့် မူးယစ်ဆေးဝါးရောင်းချခြင်းတို့ကို အစပျိုးသူများ (ထို့ကြောင့် ခွဲခြားဆက်ဆံခံရခြင်း၊ ကဲ့ရဲ့ရှုတ်ချခံရခြင်းနှင့် မိသားစုတကွဲတပြားဖြစ်ခြင်းတို့ကို ဖြစ်ပေါ်စေသူများ) အဖြစ် ပုံဖော်ကြပါသည်။ ၎င်းတို့က ကျေးလက်ဒေသများတွင် အမျိုးသမီးများ ထမ်းဆောင်ရသည့် အိမ်မှုကိစ္စလုပ်ခြင်းနှင့် စီးပွားရှာခြင်း တာဝန်များ (များသောအားဖြင့် ကလေးများကို ပြုစုစောင့်ရှောက်ကာ အိမ်မှုကိစ္စများ လုပ်ရသည့်အပြင် အဓိကကျသော စိုက်ပျိုးရေးလုပ်သားများအဖြစ်လည်း လုပ်ကြရသည်) အား အမျိုးသားများ၏ တာဝန်များ (ရံဖန်ရံခါမှသာ လုပ်ရသည့် စိုက်ပျိုးမြေအား ခုတ်ထွင်ရှင်းလင်းခြင်းကဲ့သို့သော ပင်ပန်းသော အလုပ်များနှင့် အိမ်ဆောက်ခြင်း) နှင့် နှိုင်းယှဉ်ပြကြပါသည်။ ထို့ကြောင့် ကျေးလက်မှ အမျိုးသားများအား 'ဆန်ကုန်မြေလေး အမူးသမားများ' အဖြစ် ခေါ်ဝေါ်ကြကြောင်း ပြောပြသူအများအပြား ရှိရာ ထိုအမျိုးသားများတွင် လေးစားဖွယ်ကောင်းသည့် ပါဝင်ဆောင်ရွက်မှုနှင့် အခန်းကဏ္ဍများ မရှိခြင်းကို အထင်အရှားပြသနေပါသည်။[90] အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်ပတ်သက်ကြသော အမျိုးသားများအား ၎င်းတို့အပေါ်ထားရှိသော မျှော်လင့်ချက်များနှင့် ဆန့်ကျင်ဘက် 'ဓားသွားထက်တွင် လမ်းလျှောက်နေသည့်' မိုက်ရူးရဲဆန်သော ရာဇဝတ်ကောင်များ၊ မိသားစုဘဝကို

87 ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ မြန်မာ အကြောင်း တစေ့တစောင်း http://www.fao.org/myanmar/fao-in-myanmar/myanmar/en

88 FGDများ၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

89 FGD၊ ရန်ကုန်၊ ၂၀၁၇ ဇွန်လ

90 တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ရန်ကုန်၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

ဖျက်ဆီးသူများအဖြစ် အထင်အမြင်သေးကြပါသည်။[91]

အမျိုးသားများအပေါ် ထားရှိသည့် တင်းကျပ်သော မျှော်လင့်ချက်များ (ကာကွယ်ရန်၊ ရှာဖွေကျွေးမွေးရန်နှင့် ဦးဆောင်ရန်) သည် မြန်မာနိုင်ငံရှိ အမျိုးသားအများအပြား၏ လက်တွေ့ဘဝ အတွေ့အကြုံများနှင့် သိသိသာသာ ကွဲလွဲနေပါသည်။ ဥပမာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အချို့အမျိုးသားများသည် အကြမ်းဖက်မှုနှင့် အကြမ်းဖက်ခံရနိုင်သော အန္တရာယ်များကို ကြုံတွေ့ခဲ့ရပြီး အချို့နေရာများတွင် ကြုံတွေ့နေရဆဲဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးသည် ဆယ်စုနှစ်များစွာ လွဲမှားစွာ စီမံခန့်ခွဲမှု၊ တစ်သီးတစ်ခြားနေမှု၊ ပိတ်ဆို့မှုနှင့် ပဋိပက္ခများမှ ရုန်းထရန် ကြိုးစားနေဆဲဖြစ်ရာ အချို့မှာ နိုင်ငံနှင့်အဝှမ်း ရင်ဆိုင်နေရသည့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့ရပါသည်။ ဤဖြစ်စဉ်အား Chris Dolan က 'ယောကျ်ားပီသခွင့်မရခြင်း (thwarted masculinities)'[92] ဟု အမည်တပ်ခဲ့ပြီး အထူးသဖြင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုနှင့် ပဋိပက္ခအခြေအနေများတွင် ထိုဖြစ်စဉ်ကို တွေ့ရပါသည်။ နောက်ဆက်တွဲအကျိုးဆက်များထဲမှ တစ်ခုမှာ စိတ်ကျခြင်း၊ ပူပင်သောကများခြင်း၊ အထီးတည်းနေခြင်း သို့မဟုတ် မိမိကိုယ်ကို သတ်သေလိုခြင်းကဲ့သို့သော စိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာပါသည်။ ထိုပြဿနာများအား ၎င်းတို့ကိုယ်ကို အကြမ်းဖက်သည့် ပုံစံဖြင့်ဖြစ်စေ (မိုက်ရူးရဲဆန်စွာ ပြုမူခြင်း၊ အရက်သေစာ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မိမိကိုယ်ကို သတ်သေရန်ကြိုးပမ်းခြင်း)၊ အခြားသူများကို အကြမ်းဖက်သည့်ပုံစံဖြင့်ဖြစ်စေ (ဥပမာ အိမ်တွင်းအကြမ်းဖက်မှု) တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် စိတ်ကျရောဂါ ခံစားရသူပေါင်း နှစ်သန်းခန့်ရှိမည်ဟု ခန့်မှန်းထားရာ ထိုသူများထဲတွင် အမျိုးသမီးများ ပိုများပါသည်။ သို့သော် "အမျိုးသားများသည် မိမိ၏ မိသားစုကိုပင် ပျော့ညံ့မှုကို မပြသသင့်ဟူသော ယဉ်ကျေးမှုစံတစ်ခုကြောင့် ဆေးပညာရှင်များ၏ အကူအညီကို ရယူနိုင်ခြေ များစွာနည်းပါးပါသည်။"[93] ထိုအချက်သည် စိတ်ရောဂါသည်များအား ကဲ့ရဲ့အပြစ်ဆိုကြသည့် အစဉ်အလာနှင့်လည်း ကိုက်ညီနေပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မိမိကိုယ်ကို သတ်သေမှုနှုန်း အမြင့်ဆုံးဖြစ်သော နိုင်ငံတွင် စိတ်ရောဂါများ ဖြစ်ပွားခြင်းသည် "မကောင်းဆိုးဝါး ပြုစားခြင်း၊ အကျင့်စရိုက်အားနည်းခြင်း သို့မဟုတ် ဘိုးဘေးဘီဘင်များက အပြစ်ပေးခြင်း" ကြောင့်ဟု ယူဆကြပါသည်။[94] မိမိကိုယ်ကိုသတ်သေမှုသည် ကျားမရေးရာနှင့် ဆက်နွယ်နေပါသည်။ အစိုးရကိန်းဂဏန်းများအရ မြန်မာနိုင်ငံရှိ မိမိကိုယ်ကို သတ်သေမှုများ၏ ၇၀% ကျော်သည် အမျိုးသားများဖြစ်ပြီး အများစုမှာ သေလောက်အောင် ပြင်းထန်ပြီး မိမိကိုယ်ကို သတ်သေရန်ကြိုးပမ်းမှုများ၏၃၀% အောက်ကသာ အမျိုးသမီးများဖြစ်ကာထိုအထဲတွင် သုံးပုံတစ်ပုံလောက်ကသာ အသက်အန္တရာယ်ရှိပါသည်။[95]

နိုင်ငံနှင့်အဝှမ်းရှိ စိတ်-လူမှု အားပေးကူညီမှုများ လိုအပ်နေသည့် ပြဿနာသည် ကိုင်တွယ်ဖြေရှင်းသင့်သည့် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ အားပေးကူညီမှုများ ပံ့ပိုးရန် ကြိုးပမ်းရာတွင်လည်း အမျိုးသားများအား စိတ်-လူမှုအားပေးကူညီမှုများ ရယူရန်အဟန့်အတားဖြစ်နေသော ယောကျ်ားပီသမှုဟူသည့် ဂျန်ဒါ ပြဿနာများကို ကျော်လွှားနိုင်အောင် ကူညီဖို့လည်း လိုအပ်ပါသည်။ အမျိုးသားများအတွက် အပါအဝင် စိတ်ကျန်းမာရေးအတွက် အပြုသဘောဆောင်သည့် သဘောထားများနှင့် ကုစားပေးမှုများ ရရှိစေရန် လူထုကြား ဆွေးနွေးမှုများကို အသွင်ပြောင်းလဲလုပ်ဆောင်ဖို့ လိုအပ်မည်ဖြစ်သည်။ ဥပမာ ခံစားချက်များနှင့် စိတ်ဒဏ်ရာများကို ဖွင့်ဟပြောကြားလိုမှု၊ ဆင်ခြင်သုံးသပ်လိုမှုကို လူမှုအသိုင်းအဝိုင်းမှာ လက်ခံမှုများ တိုးပွားလာအောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ မတူကွဲပြားသော SOGI ရှိသူများနှင့် ပဋိပက္ခနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းများ၏ ဒဏ်ကို ခံစားခဲ့ရသူများအတွက်

91 တနသ်ာရီတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ တနသ်ာရီ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

92 C. Dolan ၊ ပြိုလဲနေသော ယောကျ်ားပီသမှုလက္ခဏာများနှင့် အားနည်းသော အခြေအနေများ - ယူဂန်ဒါနိုင်ငံမြောက်ပိုင်းအား လေ့လာခြင်း (Collapsing masculinities and weak states – A case study of northern Uganda)၊ F. Cleaver (တည်းဖြတ်သော) ယောကျ်ားပီသမှုလက္ခဏာများသည် အရေးပါသည်၊ အမျိုးသားများ၊ ကျားမရေးရာနှင့် ဖွံ့ဖြိုးတိုးတက်မှု (Masculinities matter! Men, gender and development)၊ လန်ဒန်၊ Zed Books၊ ၂၀၀၂၊ နှင့် C. Dolan ၊ လူမှုရေးနှိပ်စက်ညှဉ်းပန်းမှု - ယူဂန်ဒါနိုင်ငံမြောက်ပိုင်း၏ ဖြစ်ရပ် (Social torture: The case of northern Uganda)၊ ၁၉၈၆-၂၀၀၆၊ အောက်စ်ဖို့ဒ်၊ Berghahn Books၊ ၂၀၀၉၊

93 N. Baker ၊ မြန်မာနိုင်ငံရှိ ခွေးမည်း (The black dog in Myanmar)၊ မြန်မာတိုင်းမ်၊ ၂၀၁၇ ဧပြီလ ၇ ရက်၊ www.mmtimes. com/index.php/lifestyle/25638-the-black-dog-in-myanmar.html

94 Ibid.

95 Nyein Ei Ei Htwe and Myint Kay Thi, Suicide in Myanmar: The hanging question, Myanmar Times, 6 July 2018, https://www.mmtimes.com/news/suicide-myanmar-hanging-question.html#.W0GwDXJab5U.facebook

အထူးလိုအပ်ပါသည်။

## အတင်းအကြပ်အလုပ်ခိုင်းစေခြင်း

တနင်္သာရီတွင် တွေ့ဆုံမေးမြန်းခဲ့သူများက စစ်တပ်မှ အတင်းအကြပ် အလုပ်စေခိုင်းခြင်းကို ခံခဲ့ရသည့် အတွေ့အကြုံများအား ပြန်ပြောပြကြပါသည်။ အထူးသဖြင့် ၁၉၉၄ခုနှစ်နှင့် ၁၉၉၈ ခုနှစ်ကြား ထားဝယ်နှင့် ရေးကြားရှိ ၁၆၀ ကီလိုမီတာ ရှည်လျားသော မီးရထားလမ်းဆောက်လုပ်ရန်အတွက် ဖြစ်သည်။ တပ်မတော်မှ စစ်သားများက ရပ်ရွာရှိ လူကြီးများအား လုပ်အားမည်မျှလိုကြောင်း အသိပေးပြီး လူကြီးများက မည်သူတို့ကို စေလွှတ်မည်ဆိုသည်ကို ဆုံးဖြတ်ရပါသည်။ အိမ်ထောင်စုတိုင်းမှ လုပ်အား ပါဝင်ရပါသည်။ အချို့အိမ်ထောင်စုများသည် ငယ်ရွယ်သူများ သို့မဟုတ် သက်ရွယ်ကြီးသူများကို စေလွှတ်ရပြီး များသောအားဖြင့် အမျိုးသားများ ဖြစ်ပါသည်။ သို့သော် အမျိုးသား စေလွှတ်ရန်မရှိသော အိမ်ထောင်စုများသည် အမျိုးသမီးများကို စေလွှတ်ရပါသည်။[96] ထိုဖြစ်ရပ်ကြောင့် အကျိုးသက်ရောက်မှုတွင် အကြောင်းအချက်အမျိုးမျိုး ဆက်နွှယ်ချိတ်ဆက်နေပါသည်။ ချမ်းသာသောမိသားစုများက ငွေပေးကာ ၎င်းတို့ကိုယ်စား အခြားသူများကို သွားခိုင်းပါသည်။ ဆင်းရဲသော အမျိုးသားများမှာ မိသားစုကို ထောက်ပံ့ရန်အတွက် မဖြစ်မနေသွားကြရပါသည်။ မီးရထားလမ်းတည်ဆောက်မှုတွင် စားနပ်ရိက္ခာ၊ ရေနှင့် အမိုးအကာ မပြည့်မစုံဖြင့် အသက်အန္တရာယ်များသည့် အခြေအနေများတွင် ခါးကျိုးမတတ် ပင်ပန်းကြီးစွာ လုပ်ကိုင်ကြရပါသည်။[97] အတင်းအကြပ် အလုပ်စေခိုင်းမှုများတွင် မတော်တဆဖြစ်မှုများ၊ ငှက်ဖျားဖြစ်ပွားမှု၊ တောရိုင်းတိရစ္ဆာန်များနှင့် ရင်ဆိုင်ကြုံတွေ့ရမှုအပြင် တပ်မတော်နှင့် အလုပ်သမားခေါင်းများ၏ ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုနှင့် အဆက်မပြတ် ခြိမ်းခြောက်မှုများကြောင့် အသက်သေဆုံးမှုများ အများအပြား ရှိခဲ့ပါသည်။ အတင်းအကြပ် အလုပ်စေခိုင်းခံရခြင်းကြောင့် မိသားစု၏ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်အားလျော့သွားသည့်အတွက် မိသားစုဝင်ငွေလည်း လျော့သွားပါသည်။

အဆိုပါ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် လွန်ခဲ့သော ဆယ်စုနှစ်များက ဖြစ်ပွားခဲ့ခြင်း ဖြစ်သော်လည်း စိတ်ဒဏ်ရာများမှာ မပျောက်ကင်းနိုင်သေးဘဲ ယနေ့အချိန်အထိ အသိအမှတ်ပြုမှု သို့မဟုတ် ပေးလျော်မှုများ မရှိသေးသည့်အတွက် တပ်မတော်နှင့် ဗဟိုအစိုးရအပေါ် နာကြည်းမုန်းတီးမှုများမှာ အုံနှင့်ကျင်းနှင့် ဆက်လက်ကြီးထွားနေဆဲဖြစ်ပါသည်။ ထိုခံစားချက်များသည် အမျိုးသားများအနေဖြင့် အထက်ဖော်ပြပါ အတင်းအကြပ်အလုပ်စေခိုင်းခံရမှုမှ ၎င်းတို့၏ မိသားစုများ သို့မဟုတ် ၎င်းတို့ကိုယ်ကို ကာကွယ်ပေးနိုင်စွမ်းမရှိဟူသော အမြင်များနှင့်လည်း ဆက်နွှယ်နေပါသည်။ ယင်းသည် လူကောင်းတစ်ယောက်၊ လူတော်တစ်ယောက်အဖြစ် အမျိုးသားများအပေါ် ထားရှိသော မျှော်လင့်ချက်များနှင့် ဆန့်ကျင်ဘက် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

## နိုင်ငံရေးအကျဉ်းသားများ

မည်သည်ကိုမျှ မစွမ်းသာဘဲ အင်အားမဲ့ခဲ့ရသည့်အဖြစ်ကို ဥပမာပြပါဆိုလျှင် အထင်ရှားဆုံးဥပမာသည် နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများပင် ဖြစ်မည်ထင်ပါ။ နိုင်ငံရေးအကျဉ်းသားအများအပြားသည် အသက်ငယ်ရွယ်စဉ်အချိန်တွင် ဒီမိုကရေစီအရေး လှုပ်ရှားမှုအတွင်း ဖမ်းဆီးခံရသူများ ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများအဖြစ် ၎င်းတို့သည် အလွန်အမင်း ထိခိုက်လွယ်သူများ ဖြစ်ခဲ့ပါသည်။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့် မရှိခြင်း၊ ဝင်ငွေမရှာနိုင်ခြင်း၊ မိသားစုနှင့် တွေ့ခွင့် သို့မဟုတ် ဆက်သွယ်ခွင့်မရခြင်း၊ လုံခြုံမှုမရှိသော၊ ကျပ်ညပ်နေသော၊ အစားအစာ၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုမရှိသည့် အကျဉ်းထောင်အတွင်းတွင် အဆိုးရွားဆုံးသော ထိခိုက်လွယ်မှုများကို ခံစားခဲ့ရပြီး အနာဂတ်အတွက် မျှော်လင့်ချက်မှာမူ မရှိသလောက် ဖြစ်ပါသည်။[98] နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားများသည် အကျဉ်းထောင်စောင့်များ၏ 'အစဉ်အလာကဲ့သို့

96 တနင်္သာရီတွင် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

97 Ibid.

98 အမျိုးသားနှင့် အမျိုးသမီး နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့တို့နှင့် တွေ့ဆုံမေးမြန်းမှုများ၊ ရန်ကုန်နှင့် ထားဝယ်၊ ၂၀၁၇ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအတွင်း

ဖြစ်နေသော’ နှိပ်စက်ညှင်းပန်းမှုနှင့် ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုများကို ခံကြရပါသည်။[99] ထို့ပြင် အကျဉ်းသားများအား “ကြောက်ရွံ့မှု၊ စိတ်ဓာတ်ကျမှုနှင့် သိမ်ငယ်မှု” တို့ကို ခံစားရအောင် လုပ်ဆောင်ခြင်းဖြင့် စိတ်ဓာတ်ကို ရိုက်ချိုးရန် ရည်ရွယ်သည့် ပုံမှန်လုပ်ခိုင်းသည့်အရာတချို့လည်း ရှိပါသည်။[100] ဥပမာ အကျဉ်းသားများအား “သိက္ခာချရန်” နှင့် ၎င်းတို့၏ ယောကျ်ားမာန်ကို ချိုးနှိမ်ရန် ရည်ရွယ်၍ အမျိုးသမီးများအတွက် အသုံးအနှုန်းများကို (ရှင့် နှင့် မ) အတင်းအကြပ် ခေါ်ဝေါ်သုံးနှုန်းစေခဲ့ပါသည်။[101]

ထောင်မှလွတ်လာပြီးနောက်တွင်လည်း ၎င်းတို့ရင်ဆိုင်ရသည့် စိန်ခေါ်မှုများမှာ မပြီးဆုံးသေးပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တကွ MP များ၊ NLD ပါတီဝင်များထဲမှ လူသိများ ကျော်ကြားသည့် နိုင်ငံရေးအကျဉ်းသားဟောင်း ၁၀၀ ကျော် ရှိသည့်တိုင် သာမန်ပြည်သူများသည် နိုင်ငံရေးအကျဉ်းသားများနှင့် ပြစ်မှုကြောင့် အကျဉ်းကျသူများကြား ကွာခြားမှုကို နားလည်သိရှိခြင်း မရှိကြပါ။ နိုင်ငံရေးအကျဉ်းသမားဟောင်းများသည် စားဝတ်နေရေးအတွက် ရုန်းကန်ရပြီး မိမိတို့၏ ဘဝကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းကြရပါသည်။[102] ထိုအခါတွင် ၎င်းတို့ ခံစားရန် မထိုက်တန်သည့် လူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့မှု၊ ရာဇဝတ်ကောင်များကဲ့သို့ နာမည်ဖျက်မှုတို့ကို ခံကြရသလို အလုပ်ရှင်များ၏ ခွဲခြားဆက်ဆံမှုကို ခံရပြီး မကြာခဏဆိုသလို လုပ်ခလစာ အနည်းငယ်သာ ရရှိကြပါသည်။ ထို့ပြင် အကျဉ်းထောင်တွင်း အဆိုးရွားဆုံးအခြေအနေများတွင် နေထိုင်ခဲ့ရခြင်းကြောင့် ကျန်းမာရေးပြဿနာများလည်း ဖြစ်ပေါ်လာပါသည်။[103] နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများမှာလည်း အမျိုးသားများဖြစ်သော နိုင်ငံရေးအကျဉ်းသားများ၏ ဝင်ငွေမရှိခြင်း၊ လူမှုအသိုင်းအဝိုင်းနှင့် အစိုးရ၏ ဝိုင်းပယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများကို ခံရသော ထိခိုက်နစ်နာကြရပါသည်။

အချို့သော တွေ့ဆုံမေးမြန်းခဲ့သူများက “အမျိုးသားများသည် မိသားစုအပေါ် တွယ်တာမှုနည်းပြီး နိုင်ငံရေးလုပ်ပြီဆိုလျှင်မိသားစုကို သံယောဇဉ်ဖြတ်နိုင်သူများ” ဖြစ်ကြသော်လည်း အမျိုးသားနိုင်ငံရေးအကျဉ်းသား အများစုသည် မိသားစု၏ ပံ့ပိုးမှုကို ရရှိကြသည်ဟု ထင်မြင်ကြောင်း၊ တစ်ဖက်တွင်မူ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများမှာ မိသားစုနှင့် တကွဲတပြားဖြစ်နေချိန်တွင် ဒုက္ခပိုရောက်ကြသော်လည်း မိသားစု၏ နားလည်မှု၊ ပံ့ပိုးမှု ရရှိခြင်း နည်းပါးသည်ဟု ထင်ကြောင်း ပြောပြကြပါသည်။[104] ယင်းသည် ဂျန်ဒါနှင့်စပ်လျဉ်း၍ ထုံးတမ်းစဉ်လာ ထားရှိသော မျှော်လင့် ချက်များကို ညွှန်ပြနေခြင်းလည်းဖြစ်ပါသည်။ ထိုမျှော်လင့်ချက်များကြောင့် အမျိုးသားများသည် ခက်ခဲသောအခြေအနေများတွင်ပင် ၎င်းတို့၏ ခံစားချက်ကို ထုတ်ဖော်ပြသနိုင်စွမ်း နည်းပါးကြပါသည်။ သို့သော် ထိုတွေ့ဆုံမေးမြန်း ခဲ့သူကပင် မိသားစုအပေါ်၊ မိသားစုနှင့် တကွဲတပြားဖြစ်ရခြင်းအပေါ် အမှန်တကယ် အလေးထားသော အမျိုးသား အချို့ ရှိကြောင်းကိုမူ လက်ခံအသိအမှတ်ပြုခဲ့ပါသည်။[105]

စစ်အစိုးရလက်ထက် အဆိုးရွားဆုံးသော နှိပ်စက်ညှင်းပန်းမှုများသည် အတိတ်ကာလတွင် ကျန်ခဲ့ပြီဟု ဆိုနိုင်မည်ဖြစ်သော်လည်း နိုင်ငံရေးအကျဉ်းသားများ၏ အရေးကိစ္စသည် ယခုအချိန်တွင် အရေးတကြီးဖြေရှင်းရမည့် ကိစ္စတစ်ခုအဖြစ် ကျန်ရှိနေဆဲ ဖြစ်ပါသည်။ Amnesty International က “နိုင်ငံရေးအကြောင်းပြချက်ဖြင့် ဖမ်းဆီးမှုနှင့် ထောင်ချမှုများ ထိတ်လန့်ဖွယ်ရာ မြင့်မားလာကြောင်း” မှတ်တမ်းတင်ထားပါသည်။[106] ၂၀၁၈ခုနှစ်၊ မတ်လတွင် နိုင်ငံရေးအကျဉ်းသား ၁၂၈ ဦးသည် အကျဉ်းထောင်ထဲတွင် ရှိနေဆဲ သို့မဟုတ် တရားစီရင်မှုအတွက် စောင့်ဆိုင်းနေဆဲ ဖြစ်ပါ

99 Amnesty International၊ ထုတ်ဖော်ချက်အသစ်များနှင့် ဖိနှိပ်မှုအဟောင်းများ တွေ့ဆုံခြင်း - မြန်မာနိုင်ငံမှ နိုင်ငံရေးဖမ်းဆီးမှု သံသရာ အဆုံးသတ်စေရေး (New expression meets old repression – Ending the cycle of political arrests in Myanmar)၊ လန်ဒန်၊ ၂၀၁၆၊ စာမျက်နှာ ၁၂

100 ဝင်းနိုင်ဦး၊ အင်းစိန်မှ ငိုသံများ (Cries from Insein)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ၁၉၉၆၊ စာမျက်နှာ ၆။

101 Ibid., စာမျက်နှာ ၁၅

102 အမျိုးသားနှင့် အမျိုးသမီး နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့တို့နှင့် တွေ့ဆုံမေးမြန်းမှုများ၊ ရန်ကုန်နှင့် ထားဝယ်၊ ၂၀၁၇ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအတွင်း

103 Ibid.

104 နိုင်ငံရေးအကျဉ်းသမားဟောင်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ

105 Ibid.

106 Amnesty International၊ မြန်မာ - နိုင်ငံရေးအကျဉ်းချမှုအရေအတွက်များ (Political imprisonment in numbers)၊ ၂၀၁၆ ခုနှစ်၊ မတ်လ၊ https://www.amnesty.org/en/latest/news/2016/03/myanmar-political-imprisonment-in-numbers

သည်။[107] နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့က လူ့အခွင့်အရေးချိုးဖောက်မှုများ ပပျောက်စေရန် အတွက် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးအား အစောတလျင် ဆောင်ရွက်ပေးရန် တိုက်တွန်းလျက်ရှိပါသည်။ သို့သော်လည်း အကျဉ်းထောင်တွင်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများသည် အများပြည်သူ မျက်ကွယ်တွင် ဖြစ်ပွား နေပြီး အကျဉ်းသားများသည် ပိုမိုကောင်းမွန်သော အခြေအနေများ သို့မဟုတ် ပံ့ပိုးကူညီမှုများ ရထိုက်ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများ၏ စာနာမှုကို မရရှိသလောက် ဖြစ်နေပါသည်။[108]

## ၃-၃။ ယောကျ်ားပီသမှု လက္ခဏာများနှင့် လက်နက်ကိုင်အဖွဲ့များ - မဖြစ်မနေ စစ်မှုထမ်းစေခြင်း၊ အကျပ်ကိုင်ခြင်း၊ စစ်မှုထမ်းစဉ်ကာလနှင့် စစ်မှုထမ်းဟောင်းဘဝ

အကြမ်းဖက်ပဋိပက္ခနှင့် လုံခြုံရေးအကြောင်း ပြောသည်နှင့်တစ်ပြိုင်နက် သေနတ်များ ကိုင်ဆောင်ထားသော အမျိုးသား စစ်သားများကို မျက်လုံးထဲ ချက်ချင်းပေါ်လာတတ်ပါသည်။ ယင်းသည် ပဋိပက္ခအတွင်း မိမိနိုင်ငံ သို့မဟုတ် လူမျိုးစုကို ကာကွယ်ရန်ဖြစ်စေ၊ 'ရန်သူ' ကို ခြိမ်းခြောက်သည့်ပုံစံတစ်ခုအဖြစ်ဖြစ်စေ အကြမ်းဖက်မှုနှင့် ချိတ်ဆက်နေ သည့် စံပြုလောက်သော ယောကျ်ားပီသမှု ပုံရိပ်တစ်ခုပင် ဖြစ်ပါသည်။ ဤသုတေသနတွင် လူများသည် လက်နက် ကိုင်တပ်ဖွဲ့များသို့ မည်သို့မည်ပုံ ဝင်ရောက်ဖြစ်သည်၊ မည်သည့်အကြောင်းကြောင့် ဝင်ရောက်ကြသည်၊ အမျိုးသား များ၏ စစ်မှုထမ်းစဉ်ကာလ အတွေ့အကြုံ၊ စစ်မှုထမ်းဟောင်းဘဝ အတွေ့အကြုံများကို ပိုမိုနားလည်သိရှိနိုင်ရန် ရည်ရွယ်လေ့လာခဲ့ပါသည်။ ဤအပိုင်းတွင် တိုင်းရင်းသားနှင့် အခြားလက်နက်ကိုင်အဖွဲ့များဆိုင်ရာ ရှုထောင့်များကို စတင်တင်ပြထားပြီး ဒုတိယပိုင်းတွင် တပ်မတော်အကြောင်းကို အဓိကထား ဆွေးနွေးထားပါသည်။

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း

### လက်နက်ကိုင်တပ်ဖွဲ့များသို့ဝင်ရောက်ခြင်းနှင့် မဖြစ်မနေစစ်မှုထမ်းစေခြင်း

အကြမ်းဖက်ပဋိပက္ခအတွင်းနှင့် အပစ်အခတ်ရပ်စဲမှု မတိုင်မီက ရှမ်း၊ ပအိုးဝ်နှင့် ကရင်လူမျိုး ဖြေဆိုသူများက EAO များအား အကြမ်းဖက်ခေါင်းပုံဖြတ်သော ဗဟိုစစ်အစိုးရထံမှ မိမိတို့၏ တိုင်းရင်းသားလူမျိုးစုကို ကာကွယ်စောင့်ရှောက် ပေးသူများအဖြစ် ရှုမြင်ခဲ့ကြသည်ဟု ဆိုပါသည်။ EAO အဖွဲ့ဝင်တစ်ယောက် ဖြစ်ရခြင်းကြောင့် တိုင်းရင်းသားများ၏ အမြင်တွင် ကဲ့ရဲ့ပြစ်တင်စရာမဟုတ်သည့်အပြင် လူမျိုးကို ကာကွယ်စောင့်ရှောက်ရန် 'တာဝန်အား ထမ်းဆောင် နေခြင်း' ဖြစ်၍ လေးစားရမည့်သူများပင် ဖြစ်နေပါသည်။[109] အချို့သော တပ်သားစုဆောင်းမှုများသည် မိမိသဘော ဆန္ဒအလျောက် ဝင်ရောက်လိုသူများကို ခေါ်ယူခြင်းဖြစ်သော်လည်း မဖြစ်မနေ စစ်မှုထမ်းရန် သတ်မှတ်ပြဋ္ဌာန်းမှုများ အဖြစ်များပြီး လက်နက်ကိုင်အဖွဲ့မှ သတ်မှတ်သည့် အရေအတွက်ကို ရရှိရန် အိမ်ထောင်ဦးစီး သို့မဟုတ် ရပ်ရွာ လူကြီးများက စေလွှတ်ကြခြင်း ဖြစ်ပါသည်။[110] ပဋိပက္ခများ၊ တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားနေစဉ်ကာလက PNA သည် များသောအားဖြင့် ပအိုးဝ် ကျေးရွာကောင်စီအား တပ်သားမည်မျှ လိုအပ်ကြောင်းအကြောင်းကြားလိုက်ပြီး လိုအပ်သော အမျိုးသားအရေအတွက်ကို ရွေးချယ်စေလွှတ်ရန်မှာ ကောင်စီ၏ တာဝန်ဖြစ်ပါသည်။

ရပ်ရွာလူထုသည် တပ်သားရွေးချယ်စေလွှတ်သည့် လုပ်ငန်းစဉ်အား အမြဲတမ်း ရှင်းရှင်းလင်းလင်း သိရှိခွင့်မရခဲ့ပါ။ သို့သော် ယောကျ်ားပီသမှုနှင့်စပ်လျဉ်းသည့် မျှော်လင့်ချက်များနှင့်အညီ 'ကာကွယ်စောင့်ရှောက်သူ' ဖြစ်ရမည်ဟူသော ခံယူချက်ကြောင့် များသောအားဖြင့် ဖခင်များနှင့် လူငယ်များသည် ၎င်းတို့၏ ကျေးရွာကို ကာကွယ်စောင့်ရှောက်

107 နိုင်ငံရေးလှုပ်ရှားမှုများဖြင့် စွဲချက်တင်ခံရသူ နောက်ထပ် ၁၂၀ ဦးသည့် အကျဉ်းထောင်ပြင်ပတွင် တရားစီရင်မှုကို စောင့်ဆိုင်း နေဆဲဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့၏ လက်ရှိ နိုင်ငံရေးအကျဉ်းသားများစာရင်း၊ ၂၀၁၈၊ မတ် အား သုံးသပ်လေ့လာခြင်း၊ http://aappb.org/2018/04/aapp-monthly-chronology-of-march-2018-and-current-political-prisoners-list

108 နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံရှိ အကျဉ်းထောင်များ၏ အခြေအနေနှင့် အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး အလားအလာ (Prison conditions in Burma and the potential for prison reform)၊ AAPP ၊ ရန်ကုန်၊ ၂၀၁၆

109 ဆန်းစစ်လေ့လာမှုအလုပ်ရုံဆွေးနွေးပွဲတွင် ကွင်းဆင်းဆောင်ရွက်ကြသည့် တာဝန်ခံများနှင့် ဆွေးနွေးခြင်း၊ ရန်ကုန်၊ ၂၀၀၇၊

110 ရှမ်းနှင့် တနင်္သာရီမှ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

ရန်အတွက် ရွေးချယ်စေလွှတ်ခံရပါသည်။[111] သုတေသနပြုခဲ့သည့် ကျေးရွာများတွင် အမျိုးသားများကိုသာ လက်နက်ကိုင်တပ်ဖွဲ့အတွင်းသို့ ဝင်ရောက်စေခဲ့ပါသည်။ အမျိုးသားများသည် ၎င်းတို့၏ ကျေးရွာကို ကာကွယ်ရန် ဝင်ရောက်ခဲ့သော်လည်း များသောအားဖြင့် အခြားဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြရပါသည်။ စစ်မှုထမ်းရသည့်ဘဝ၏ အန္တရာယ်များနှင့် ပင်ပန်းဆင်းရဲသည့် အခြေအနေများကြောင့် အချို့လူငယ်များသည် တပ်သားစုဆောင်းသူများ ရောက်လာလျှင် ရွာများမှ ထွက်ပြေးပုန်းရှောင်ကြပါသည်။ ချမ်းသာသည့် အိမ်ထောင်စုများက လူရွေးသောအခါတွင် ၎င်းတို့အစား အခြားသူများ အစားသွားရောက်ပေးရန် ငွေပေးကြသည်ဟု သိရပါသည်။ ဝင်ငွေအဆင့်အတန်းသည် လက်နက်ကိုင်အကြမ်းဖက်မှုများတွင် ပါဝင်မှုနှင့် ကြုံတွေ့ရမှုအပေါ် မည်မျှ ဩဇာသက်ရောက်နိုင်ကြောင်း ပြသနေပါသည်။[112] ဆင်းရဲသောအမျိုးသားများသည် အိမ်တွင်ကျန်ခဲ့သော မိသားစုကို ထောက်ပံ့ရန်အတွက် ငွေယူကာ လူစားဝင်ရောက်ပေးပြီး အကြမ်းဖက်မှုနှင့် အသက်အန္တရာယ်တို့ကို ရင်ဆိုင်ကြရပါသည်။ လက်နက်ကိုင်တိုက်ခိုက်ရသူများအနေဖြင့် ၎င်းတို့သည် တိုက်ပွဲများတွင် မည်သည့်သုံ့ပန်းကိုမျှ အရှင်ဖမ်းဆီးခြင်း မရှိဘဲ ဒဏ်ရာရသူများသည် ရန်သူ၏သတ်ဖြတ်ခြင်းကို ခံကြရသည့် 'ကိုယ်က သတ်လျှင်သတ်၊ မသတ်လျှင် သူများသတ်တာ ခံရမည့်' အခြေအနေကို ရင်ဆိုင်ခဲ့ရပါသည်။[113]

အပစ်အခတ်ရပ်စဲမှု မတိုင်မီက သုတေသနပြုခဲ့သည့် ပအိုးဝ်ဒေသသည် EAO များအချင်းချင်းကြား တိုက်ခိုက်ခဲ့သည့် တိုက်ပွဲများကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ ဥပမာ SSA နှင့် PNA ကြား တိုက်ပွဲများ ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူများက အဆိုပါတိုက်ပွဲများအတွင်းတွင် ရန်လိုမုန်းတီးမှုများသည် EAO များကြားရှိ စစ်မြေပြင်တွင်သာ ကျန်ရစ်ခဲ့သည်ဟု ဆိုပါသည်။ ဆိုလိုသည်မှာ လက်နက်ကိုင်တိုက်ခိုက်သူများအချင်းချင်းကြားတွင်သာ မုန်းတီးမှုများ ရှိကြပြီး တိုင်းရင်းသားလူမျိုးစုများ သို့မဟုတ် ကျေးရွာများကြားတွင် အချင်းချင်း ရန်လိုမုန်းတီးမှုများ မရှိကြဟု ဆိုပါသည်။ ထို EAO တပ်ဖွဲ့ဝင်များ ရွာများသို့ ပြန်ရောက်သောအခါ လယ်သီးချင်းများအဖြစ် အလုပ်လုပ်နိုင်ကြပြီး ပြဿနာ သို့မဟုတ် အကြမ်းဖက်မှုတစ်စုံတစ်ရာ မရှိဘဲ အချင်းချင်းလည်း တွေ့ဆုံနိုင်ကြပါသည်။[114] ထို့ကြောင့် ပဋိပက္ခနှင့် အကြမ်းဖက်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားတွင်သာရှိပြီး တိုင်းရင်းသားကျေးရွာများကြားတွင် မရှိဟု ရှုမြင်ကြပါသည်။

အပစ်အခတ်ရပ်စဲပြီးသည့်အချိန်မှစ၍ ထိုနေရာဒေသနှစ်ခုစလုံးရှိ ပဋိပက္ခနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ အခြေအနေများသည် ပြောင်းလဲလာခဲ့ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ သုတေသနပြုရာ နေရာတွင် လူငယ်များသည် ပညာရေး၊ အလုပ်အကိုင်၊ စီးပွားရေးအခွင့်အလမ်းများ သို့မဟုတ် အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အလုပ်လုပ်ရန် ပိုမို စိတ်ဝင်စားလာကြသဖြင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် မိမိသဘောဆန္ဒအလျောက် ရွေးချယ်တာဝန်ထမ်းဆောင်မှုများ လျော့နည်းလာပါသည်။ အတင်းအကြပ်တပ်သားစုဆောင်းခြင်းများ မရှိတော့ဟု သိရသော်လည်း အချို့မိဘများသည် ၎င်းတို့၏ သားသမီးများအား မထိန်းနိုင်လျှင် (ဥပမာ မူးယစ်ဆေးဝါးသုံးစွဲခြင်း) လက်နက်ကိုင်တပ်ဖွဲ့များသို့ 'ပို့ပစ်သည်' ဟု ဆိုကြရပါသည်။[115] ယင်းသည် ဝါစဉ်အလိုက် မိဘများက အရွယ်ရောက်သောသားများအပေါ် ဩဇာလွှမ်းမိုးနိုင်မှု ဆက်လက်ရှိနေသေးခြင်းကို ပြသနေပါသည် (ယဉ်ကျေးမှုအစဉ်အလာအရ သားသမီးများသည် အသက်အရွယ်မည်မျှပင်ရှိရှိ၊ အိမ်ထောင်မကျသေးလျှင် မိဘများ၏ ထိန်းချုပ်မှုအောက်တွင် နေရမည်ဟု ယူဆကြပါသည်)။

## အတင်းအကြပ်အလုပ်စေခိုင်းခြင်း

သုတေသနပြုလုပ်ခဲ့သည့် နေရာနှစ်နေရာစလုံးတွင် ယခင်က တပ်မတော်မှ လမ်းပြများ သို့မဟုတ် အထမ်းသမားများအဖြစ် အတင်းအကြပ်စေခိုင်းခဲ့သည်များ ရှိခဲ့သည်ကို အမှတ်ရနေကြပါသည်။ သို့သော် အပစ်အခတ်ရပ်စဲပြီး

111 ရှမ်းပြည်နယ်တောင်ပိုင်းမှ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

112 ရှမ်းနှင့် တနင်္သာရီမှ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

113 ရှမ်းပြည်နယ်တောင်ပိုင်းမှ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

114 Ibid.

115 Ibid.

နောက်ပိုင်းတွင် ထိုအဖြစ်များ မရှိတော့ပါ။[116] ယခင်က အဓိကအားဖြင့် တပ်မတော်မှ ရွာသားများ (များသောအားဖြင့် အသက် ၁၅ နှစ်အထက် အမျိုးသားများ) အား အထမ်းသမားများ၊ အလုပ်သမားများ သို့မဟုတ် တပ်များရှေ့မှ သွားရသည့် 'လူဒိုင်းကာများ' အဖြစ် အတင်းအကြပ်စေခိုင်းခဲ့ခြင်းကို ရှမ်းရွာက ပြန်ပြောပြခဲ့ပါသည်။[117] နယ်မြေကျွမ်းကျင်မှု၊ ဖြတ်လမ်းများကို သိရှိမှုကြောင့်လည်း EAO စခန်းများနှင့် အပစ်အခတ်များကို ရှောင်ရှားရန်အတွက် လမ်းပြများအဖြစ်လည်း လုပ်ခိုင်းကြပါသည်။ ထိုသို့ အတင်းအကြပ်စေခိုင်းခံရသည်မှာ စစ်စခန်းများ၊ ဗျူဟာကျသည့် နေရာများအနီးတွင် ရှိသော ကျေးရွာများတွင် ပိုမို များပြားပြီး ဝေးလံခေါင်ဖျားဒေသမှ ကျေးရွာများတွင် နည်းပါးပါသည်။ EAO မှ အထမ်းသမားများ သို့မဟုတ် လမ်းပြများအဖြစ် အတင်းအကြပ်စေခိုင်းသည်ဟု ပြောပြသူ မရှိပါ။ ၎င်းတို့ဒေသကို ဖြတ်သွားပါက အစားအစာနှင့် နားခိုစရာ တောင်းဆိုခြင်းသာ ရှိသည်ဟု ဆိုပါသည်။ အထမ်းသမား/လမ်းပြများအဖြစ် အတင်းအကြပ်စေခိုင်းခံရသူများ သို့မဟုတ် EAO တွင် ဝင်ရောက်တိုက်ခိုက်ခဲ့သူများ နေရပ်သို့ ပြန်လာသောအခါ ကဲ့ရဲ့ပြစ်တင်မှုများ မရှိဟု သိရပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် ရွေးချယ်စရာမရှိသည်ကို အများက နားလည်သဘောပေါက်ကြပါသည်။[118] သို့သော် မကြာသေးမီအချိန်အတွင်းက ပဋိပက္ခများ ဆက်လက်ဖြစ်ပွားလျက်ရှိသည့် အခြားဒေသများတွင် အထမ်းသမားများအဖြစ် အတင်းအကြပ်စေခိုင်းမှုများ ရှိခဲ့သည်[119] ဟု ကြားသိရပြီး လူရွေးချယ်ရာတွင် အလားတူပုံစံများအတိုင်း ရွေးချယ်သည်ဟု ယူဆရပါသည်။

**အချုပ်အားဖြင့်ဆိုရလျှင် လက်နက်ကိုင်အဖွဲ့များသို့ ဝင်ရောက်ရသည့် အကြောင်းရင်းများသည် ဂျန်ဒါနှင့် ဆက်နွယ်နေကြောင်း၊ ထိုအကြောင်းရင်းများသည် ပဋိပက္ခအခြေအနေပေါ် မူတည်ကာ ပြောင်းလဲနေကြောင်း တွေ့ရှိနိုင်ပါသည်။**

## စစ်မှုထမ်းခြင်း

တပ်မတော်တွင်ဖြစ်စေ၊ အခြားသော လက်နက်ကိုင်အဖွဲ့များတွင်ဖြစ်စေ ရှေ့တန်းတွင် စစ်မှုထမ်းရသော အမျိုးသားများတွင် တူညီသော အတွေ့အကြုံများကို တွေ့ကြုံခံစားကြရပါသည် - အလွန်အမင်း ပင်ပန်းဆင်းရဲမှုများ၊ စားနပ်ရိက္ခာနှင့် သက်တောင့်သက်သာ မရှိမှု၊ မိသားစု၊ ဇနီးမယားများနှင့် အဆက်အသွယ်မရှိမှု၊ အကြမ်းဖက်မှုများအား တွေ့ကြုံရမှု၊ မြင်တွေ့ရမှုနှင့် လုပ်ဆောင်ရမှုတို့ ဖြစ်ပါသည်။ အသက်အန္တရာယ်နှင့် အကြမ်းဖက်မှုများကို စဉ်ဆက်မပြတ် ကြုံတွေ့ရမှုသည် စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးပိုင်းဆိုင်ရာ သက်ရောက်မှုများ စွဲမြဲကျန်ရစ်ခဲ့သော်လည်း ထိုအတွက် ပံ့ပိုးကူညီမှုများ မရရှိသလောက်ပင် ဖြစ်ပါသည်။[120] တပ်မတော်နှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များမှ စစ်သားများအားလုံးသည် ၎င်းတို့၏ ရပ်ရွာမှ ဝေးရာတွင် စစ်မှုထမ်းကြရပြီး မိသားစုများနှင့် ဇနီးမယားများကို မတွေ့ကြရပါ။ မိုဘိုင်းဖုန်းများနှင့် ဆက်သွယ်နိုင်သည့်ခေတ်မတိုင်မီက စစ်မှုထမ်းခဲ့ရသော စစ်မှုထမ်းဟောင်းများကို မေးမြန်းခဲ့ရာတွင် ၎င်းတို့က ထိုခေတ်အခါက စာတစ်စောင် ရောက်လာဖို့ လပေါင်းများစွာ ကြာမြင့်ပြီး ဖုန်းလိုင်းများမှာ ရှားပါး၍ ဈေးကြီးပြီး လွတ်လပ်စွာ ပြောဆိုနိုင်ခြင်းလည်း မရှိဟု ပြောပြကြပါသည်။[121] စစ်သားများသည် ၎င်းတို့၏ အထက်အရာရှိများအား ကြောက်ရွံ့မှု၊ ပူပင်သောကရောက်မှု ခံစားချက်များကို ပြောပြနိုင်ခြင်း မရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ရာထူးတိုးမြှင့်ခံရဖို့အတွက် စွမ်းဆောင်ရည်ရှိပြီး အရည်အချင်းပြည့်မီသည့် ပုံပေါ်လွင်စေချင်သောကြောင့်ဖြစ်သည်။ တပ်သားအချင်းချင်းကြားတွင်လည်း ရာထူးအတွက် ယှဉ်ပြိုင်ကြရသောကြောင့် အကြမ်းဖက်မှုများ၊ အသက်အန္တရာယ်များနှင့်စပ်လျဉ်းသည့် စိတ်ခံစားချက်များကို ဖွင့်ဟခွင့် မရှိသည်ကို တွေ့ရပါသည်။ ယင်းသည် 'အလွန်ခက်ခဲသည်' ဟု ဆိုကြပါသည်။[122] ထိုကဲ့သို့သောစိတ်ဒဏ်ရာများ၏ ရေရှည်အကျိုးဆက်များကို ဤစီမံချက်တွင် လေ့လာဆန်းစစ်ထားခြင်း မရှိသော်လည်း ယင်းဒဏ်ရာများသည် အိမ်ထောင်ဖက်များ၊ သားသမီးများနှင့်

116 သုတေသနအတွက် ရွေးချယ်ထားသော ရှမ်းနှင့်တနသ်ာရီရွာများတွင် ပြုလုပ်ခဲ့သည့် FGD များနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

117 ရှမ်းပြည်နယ်တောင်ပိုင်းမှ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

118 Ibid.

119 စာရေးသူမှ ကချင်တွင် တွေ့ဆုံမေးမြန်းခဲ့မှု၊ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ၊ http://www.theborderconsortium.org/news/ conflict-and-abuse-in-southern-shan-state/ နှင့် http://www.mizzima.com/news-domestic/six-shan-ni-farmers-missing-after-clashes-kachin-state တို့တွင်လည်း ကြည့်ပါရန်

120 စစ်မှုထမ်းဟောင်းများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ တောင်ကြီးနှင့်ထားဝယ်၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

121 စစ်မှုထမ်းဟောင်းများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ တနသ်ာရီနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဇူလိုင်လမှ စက်တင်ဘာလ အတွင်း

122 စစ်မှုထမ်းဟောင်းများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ တောင်ကြီးနှင့်ထားဝယ်၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

ဆက်ဆံရေးများအပေါ်တွင်ပါ ထိခိုက်မှုရှိခဲ့လိမ့်မည်ဟု ကောက်ချက်ချနိုင်ပါသည်။[123] ထိုစိတ်ဒဏ်ရာများကြောင့် စိတ်ကျရောဂါအပါအဝင် စိတ်ကျန်းမာရေးပြဿနာအမျိုးမျိုး ဖြစ်လာနိုင်ပြီး ဆုံးဖြတ်ချက်ချနိုင်မှုစွမ်းရည်၊ အခြားသော အမျိုးသားများနှင့်သာမက ပိုမိုကျယ်ပြန့်သော လူမှုအဖွဲ့အစည်းနှင့် နေ့စဉ်ဆက်ဆံရေးများအပေါ်တွင်ပါ သက်ရောက်မှုများမှာ နစ်ပေါင်းများစွာ ရှိနေနိုင်ပါသည်။

## စစ်မှုထမ်းဟောင်းဘဝ

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများသည် ယေဘုယျအားဖြင့် ရပ်ရွာအတွက် ၎င်းတို့၏ ပေးဆပ်မှုကြောင့် သို့မဟုတ် EAO ခေါင်းဆောင်ပိုင်းနှင့် အဆက်အသွယ်များ ရှိနေသေးခြင်းကြောင့် လေးစားခံကြရပြီး ပဋိပက္ခဆိုင်ရာ ကိစ္စများကို ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးကြပါသည်။ ထို့ကြောင့် ၎င်းတို့သည် လူမှုရေးနှင့် နိုင်ငံရေး အရင်းအနှီးများကို ထိန်းသိမ်းထားနိုင်ကြပါသည်။ ၎င်းတို့ကဲ့သို့ တာဝန်ထမ်းဆောင်ခဲ့ခြင်း မရှိသော အမျိုးသားများတွင် ထိုကဲ့သို့သော လူမှုရေးအရင်းအနှီးများ မရှိကြဘဲ ရပ်ရွာထဲရှိ ပွဲလမ်းသဘင်အခမ်းအနားများကို စီစဉ်ကျင်းပရန် သို့မဟုတ် ဦးဆောင်ရန် အခွင့်အလမ်း ပိုမို နည်းပါးကြပါသည်။ သို့သော် တွေ့ဆုံမေးမြန်းခဲ့သူများအဆိုအရ ထိုအမျိုးသားများကို အထူးတလည်ကဲ့ရဲ့ပြစ်တင်ခြင်းမျိုးတော့ မရှိဟု သိရပါသည်။။ သုတေသနပြုခဲ့သည့် ပအိုးဝ်ကျေးရွာတွင် အများကြည်ညိုလေးစားသည့် PNLA ကို တည်ထောင်ခဲ့သူတစ်ဦး နေထိုင်သည့်အတွက် ထိုသူသည် လူငယ်များ၏ စံနမူနာပြပုဂ္ဂိုလ်တစ်ဦးအဖြစ် ၎င်း၏ အတွေ့အကြုံများကို မျှဝေပေးကာ လူငယ်များအား ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် မိမိ၏ ရပ်ရွာကို ကာကွယ်စောင့်ရှောက်ရန် အားပေးတိုက်တွန်းသည့်အတွက် ထိုရွာသည် လုံခြုံမှုပိုရှိသည်ဟု ယူဆခြင်း ခံရသည့် နေရာတစ်ခု ဖြစ်ပါသည်။[124] EAO ခေါင်းဆောင်များသည် ရိုးသားဖြောင့်မတ်ပြီး အကျင့်စာရိတ္တ အရာတွင် စံနမူနပြပုဂ္ဂိုလ်များဖြစ်ရန် မျှော်လင့်ကြပါသည်။ ဥပမာ "၎င်းတို့သည် ဇနီးနှစ်ယောက် မယူသင့်ပါ" အဘယ်ကြောင့်ဆိုသော် ယင်းသည် ကျင့်ဝတ်နှင့်မညီသော အပြုအမူတစ်ခုဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများသည် ၎င်းတို့၏ လူမှုရေးအရင်းအနှီးများအပြင် တရားဝင်ပေးအပ် သည့် ပင်စင်လစာ သို့မဟုတ် အကျိုးခံစားခွင့် အနည်းငယ်ကိုလည်း ရရှိပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူများက အထူး ကူညီထောက်ပံ့မှုလိုအပ်သည့် မသန်စွမ်းသော စစ်မှုထမ်းဟောင်းများ မရှိဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ဒဏ်ရာရသော စစ်သားများသည် များသောအားဖြင့် အသက်မရှင်ကြသောကြောင့် ဖြစ်သည်။[125]

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသူများကြားတွင် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များ များပြားနိုင်ပါသည်။ သို့သော် ထိုအကြောင်းကို များစွာ ဆွေးနွေးခြင်း မရှိကြပါ။ တိုက်ပွဲတွင် ကျသွားသောသူများနှင့်စပ်လျဉ်း၍ "သူတို့တာဝန်ပြီးဆုံးသွားခဲ့ပြီ" ဟူသည်ကလွဲ၍ ၎င်းတို့အကြောင်း အလွန်ပြောခဲပါသည်။"[126] အကျိုးဆက်အနေဖြင့် အသက်ရှင်ကျန်သော စစ်သားဟောင်းများမှာ ရဲဘော်ရဲဘက်များ ဆုံးရှုံးရမှု သို့မဟုတ် အကြမ်းဖက်မှု၊ ကိုယ်တိုင်အသက်အန္တရာယ် ကြုံတွေ့ခဲ့ရမှုများအကြောင်း နှုတ်မှ ဖွင့်ဟပြောရန် သို့မဟုတ် စိတ်ခံစားမှုကို ပြသရန် အခွင့်အရေး နည်းပါးပါသည်။ ယင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ၎င်းတို့၏ ရပ်ရွာလူမှု အသိုင်းအဝိုင်းများကို ပြန်လည်တည်ဆောက်ရာတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုအပေါ် ထိခိုက်နိုင်ပြီး ၎င်းတို့၏ သားသမီးများထံ လက်ဆင့်ကမ်းမည့် ယောက်ျားပီသမှု ပုံစံပေါ်တွင်လည်း သက်ရောက်မှု ရှိနိုင်ပါသည်။

NCA လက်မှတ်ထိုးပြီးနောက်တွင် အချို့သော PNA အဖွဲ့ဝင်များသည် အစိုးရ၏ စစ်ဘက်ဆိုင်ရာ သင်တန်းကျောင်းများတွင် နည်းပညာသင်တန်းများ တက်ရောက်ခွင့် ရခဲ့ကြပါသည်။ ထိုအတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက

123 ကြောက်မက်ဖွယ်အဖြစ်များ ကြုံတွေ့ခဲ့ရခြင်းကြောင့် ဖြစ်ပေါ်လာသည့် စိတ်ကျန်းမာရေးပြဿနာတစ်ခုဖြစ်သော post-traumatic stress disorder (PTSD) အကြောင်းကို US Department of Veteran Affairs ၏ PTSD များ မည်မျှ အဖြစ်များသနည်း (How common is PTSD) https://www.ptsd.va.gov/public/ptsd-overview/basics/how-common-is-ptsd.asp နှင့် S.L. Ray နှင့် M. Vanstone၊ စစ်မှုထမ်းဟောင်းများ၏ မိသားစုဆက်ဆံရေးအပေါ် PTSD ၏ သက်ရောက်မှု - ဖြစ်စဉ်အား စုံစမ်းလေ့လာအဓိပ္ပါယ်ကောက်ယူခြင်း (The impact of PTSD on veterans' family relationships: An interpretative phenomenological inquiry)၊ International Journal of Nursing Studies၊ 46(6) ၊ ၂၀၀၉၊ စာမျက်နှာ ၈၃၈-၈၄၇ တွင်လည်း ကြည့်ပါရန်၊

124 ရှမ်းပြည်နယ်တောင်ပိုင်းမှ တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

125 ရှမ်းပြည်နယ်တောင်ပိုင်းမှ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

126 Ibid.

ငွေကြေးထောက်ပံ့ကြပါသည်။ ယနေ့ခေတ်တွင် လူငယ်များသည် ပညာပိုတတ်ကြပြီး ပဋိပက္ခများ ပြင်းထန်နေစဉ်က အသက်အရွယ်ပိုကြီးသော အမျိုးသားများ လက်လှမ်းမမီနိုင်ခဲ့သည့် အရည်အချင်းများ ရှိကြသည့်အတွက် EAO တွင် ပိုမိုအဆင့်မြင့်သော ရာထူးများကို ရလာကြပါသည်။ ထိုအပြောင်းအလဲသည် EAO အတွင်းရှိ အမျိုးသားများကြား အသက်အရွယ်ဝါစဉ်အလိုက် အခွင့်အာဏာရှိသည့် ထုံးတမ်းအစဉ်အလာကို ထိခိုက်စေနိုင်ပြီး ငြိမ်းချမ်းရေး၏ အကျိုးရလဒ်အပေါ် တပ်ဖွဲ့ဝင်ဟောင်းများ၏ ခံစားချက်ကို ထိခိုက်နိုင်ပါသည်။ အသက်အရွယ်ကြီးသူများ (အမှုထမ်းဆဲဖြစ်စေ၊ မထမ်းတော့လျှင်ဖြစ်စေ) ၎င်းတို့၏ နှစ်ပေါင်းများစွာ အမှုထမ်းခဲ့မှုနှင့် စွန့်လွှတ်အနစ်နာခံမှုများကို လုံလောက်စွာ အသိအမှတ်ပြုခြင်းမခံရဟု ခံစားရပါက ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖျက်လိုဖျက်ဆီးပြုမည့်သူများ ဖြစ်လာနိုင်ပါသည်။ ဥပမာ လူငယ်လေးများနှင့် စကားပြောသောအခါ အကြမ်းဖက်မှုနှင့် ပဋိပက္ခများအား အမွှမ်းတင်ပြောဆိုကာ အနာဂတ်အတွက် အကြမ်းဖက်မှုမျိုးစေ့ကို ချပေးခြင်း သို့မဟုတ် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများတွင် လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ၏ ပါဝင်ဆောင်ရွက်မှုကို အားလျော့စေခြင်းတို့ ပြုလုပ်နိုင်ပါသည်။

## တပ်မတော်

### တပ်မတော်သို့ ဝင်ရောက်ရခြင်း အကြောင်းရင်းများ

တွေ့ဆုံမေးမြန်းခဲ့သူများက တပ်မတော်သို့ ဝင်ရောက်ရခြင်းနှင့်စပ်လျဉ်း၍ အနည်းငယ်မျှသာ ကွဲပြားသည့် အကြောင်းရင်းများကို ပြောပြကြပါသည်။ အချို့က 'ကာကွယ်စောင့်ရှောက်သူ' ဟူသော အတွေးအခေါ်နှင့်အညီ (သို့သော် ခြိမ်းခြောက်နေသည့်အန္တရာယ်များ ရှိနေ၍ မဟုတ်) ဂုဏ်ရှိဖို့နှင့် တိုင်းပြည်ကို အလုပ်အကျွေးပြုရန်အတွက် ဝင်ရောက်ကြခြင်းဖြစ်သည်။ အချို့က တပ်မတော်သို့ ဝင်ရောက်ခြင်းမှာ စီးပွားရေးနှင့် ပို၍ သက်ဆိုင်ပါသည်။ မိသားစုကို ထောက်ပံ့ရန်၊ အကျိုးခံစားခွင့်များ (ဝင်ငွေ၊ အိမ်၊ ပင်စင်၊ ကျန်းမာရေးစောင့်ရှောက်မှု) နှင့်အတူ အလုပ်တစ်ခု ရရန်၊[127] စီးပွားရေးအခွင့်အလမ်းများ နည်းပါးနေသည့် ဆယ်စုနှစ်များအတွင်း အသက်မွေးမှုအလုပ်အကိုင် သို့မဟုတ် ပညာရေး အခွင့်အလမ်းအတွက် ဖြစ်ပါသည်။ ဥပမာ ထားဝယ်တွင် တွေ့ဆုံမေးမြန်းခဲ့သည့် မကြာသေးမီကမှ အငြိမ်းစားယူခဲ့သည့် စစ်မှုထမ်းဟောင်းတစ်ဦးက မျိုးချစ်စိတ်ကို ဖော်ကျူးသည့် စစ်ကားများကြည့်ကာ စိတ်အားထက်သန်လာပြီး အလုပ်အကိုင်တစ်ခုနှင့် အဆင့်အတန်းတစ်ခု ရရှိရန်အတွက် တပ်မတော်သို့ မိမိသဘောဆန္ဒအလျောက် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြပါသည်။ သူသည် မိသားစု၏ ဆန္ဒကို ဆန့်ကျင်ကာ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ သူ့မိသားစုက တပ်မတော်သည် ဒီမိုကရေစီလှုပ်ရှားမှုများကို ဖိနှိပ်ခဲ့သည်ဟု ယူဆပြီး သူ၏ အသက်အန္တရာယ်အတွက်လည်း စိုးရိမ်ခဲ့ကြသည်ဟု ဆိုပါသည်။[128] အလားတူပင် တနင်္သာရီတွင် တွေ့ဆုံမေးမြန်းခဲ့သည့်သူများက တပ်မတော်သို့ ဝင်ရောက်မှုများသည် ယခင်က များပြားခဲ့သော်လည်း ၁၉၈၈ အရေးအခင်းနှင့် နောက်ပိုင်းကာလ ဒီမိုကရေစီလှုပ်ရှားမှုများအား အကြမ်းဖက်နှိမ်နင်းခဲ့ပြီးနောက် ပြောင်းလဲသွားခဲ့သည်ဟု ဆိုပါသည်။ တိုင်းရင်းသားဒေသများတွင် 'လူများက တပ်မတော်ကို မုန်းတီးကြသည်' ထို့ကြောင့် တပ်မတော်သို့ ဝင်ရောက်လိုခြင်း မရှိကြတော့ဟု ဆိုပါသည်။[129]

တပ်မတော်၏ သမိုင်းကြောင်းနှင့် နည်းဗျူဟာအား ယခင်က စာရွက်စာတမ်းစာအုပ်များတွင် အများအပြား ရေးသားထားခဲ့ကြပြီဖြစ်သည့်အတွက် ဤနေရာတွင် ထပ်မံဖော်ပြတော့မည် မဟုတ်ပါ။[130] သို့သော် အဖွဲ့အစည်းတစ်ခု အနေဖြင့် တပ်မတော်၏ အဓိကသွင်ပြင်လက္ခဏာများသည် လေ့လာခဲ့သည့် နေရာဒေသများရှိ ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များ၊ စံသတ်မှတ်ချက်များကို ပုံသွင်းမှု သို့မဟုတ် ပုံသွင်းခံရမှုတို့နှင့် ကိုက်ညီမှု ရှိသည်ကို တွေ့ရပါသည်။ ပထမဦးစွာ တပ်မတော်သည် အများ၏ လက်ခံမှုကို ရရှိရန်အတွက် ပြည်ထောင်စုကြီး မပြိုကွဲစေရန် ဆောင်ရွက်ခဲ့သည့် အခန်းကဏ္ဍကို အသုံးချခဲ့ပြီး လွတ်လပ်ရေးရပြီးကာစ အားနည်းသည်ဟု ယူဆရသည့် ဒီမိုကရေစီ

127 "ကျွန်တော်တို့ စားစရာမရှိလို့ စစ်တပ်ထဲဝင်ခဲ့တာ" ဟူသောစကားကို ဖော်ပြထားသည်မှာ A. Kirkham, Listening to voices: Perspectives from the Tatmadaw's rank and file၊ Centre for Peace and Conflict Studies၊ ၂၀၁၅၊ စာမျက်နှာ ၃၉ တွင် ဖြစ်ပါသည်။

128 လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ

129 တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ တနင်္သာရီ၊ ၂၀၁၇ ဇူလိုင်လမှ စက်တင်ဘာလအတွင်း

130 P. Keenan, Op. cit., 2013; M. Callahan၊ ရန်သူဖွဲ့ခြင်း - မြန်မာနိုင်ငံရှိ စစ်ပွဲနှင့် နိုင်ငံတည်ဆောက်ခြင်း (Making enemies: War and state building in Burma)၊ Ithaca and London: Cornell University Press, 2003; နှင့် A. Kirkham, Op. cit., ၂၀၁၅။

အဖွဲ့အစည်းများထက် ပိုမိုအရေးပါသော အခန်းကဏ္ဍကို ရရှိအောင် ဆောင်ရွက်ခဲ့ပါသည်။ တပ်မတော်သည် ကိုလိုနီခေတ်နောက်ပိုင်း နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာဘာသာစကား အသုံးပြုသည့် ဗုဒ္ဓဘာသာနိုင်ငံကို တစ်ပေါင်းတစ်စည်းတည်းဖြစ်အောင် တည်ဆောက်ရေး အလေးပေးကာ ဆောင်ရွက်ခဲ့ပါသည်။ [131] ထို့ကြောင့် တပ်မတော်တွင် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းကာလများမှစ၍ တရားဝင်ပြဋ္ဌာန်းထားခြင်း မရှိ သော်လည်း "ဗုဒ္ဓဘာသာ မဟုတ်သော တပ်မတော်အရာရှိများ သို့မဟုတ် ဗုဒ္ဓဘာသာမဟုတ်သော ဇနီးများရှိသည့် တပ်မတော်အရာရှိများသည် ဗိုလ်မှူးအဆင့်ထက် ရာထူးထပ်မတက်နိုင်တော့ပါ။"[132] အဆိုပါပန်းတိုင် ပြည့်မြောက် စေရေးအတွက် တပ်မတော်သည် အသက်အရွယ်၊ ကျား/မ မရွေး အရပ်သားများအပါအဝင် နိုင်ငံရေးအတိုက်အခံ များနှင့် တိုင်းရင်းသားလူနည်းစုအုပ်စုများအပေါ် အင်အားသုံးရန် ဝန်မလေးမှုအား ထပ်ခါတလဲလဲ ပြသခဲ့ပါသည်။ မတူကွဲပြားသည့် ဘာသာစကားများ၊ ဘာသာတရားများနှင့် တိုင်းရင်းသားလူမျိုးများ ရှိနေသည့် တိုင်းပြည်ဖြစ်သော် လည်း အဆိုပါလုပ်ဆောင်မှုက တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကားများနှင့် ဘာသာတရားများကို ဖယ်ကြဉ်ထား ခဲ့ပါသည်။[133]

တွေ့ဆုံမေးမြန်းမှုများတွင် ဖြေဆိုသူများ၏ တပ်မတော်အပေါ် အမြင်များသည် တစ်ခုနှင့်တစ်ခု များစွာ ကွာခြားမှု ရှိနေသည်ကို ကြည့်လျှင် အများပြည်သူ၏ အမြင်များလည်း အမျိုးမျိုးကွဲပြားနေမည်ဆိုသည်ကို ညွှန်ပြနေပါသည်။ ယေဘုယျအားဖြင့် တပ်မတော်၏ ပုံရိပ်နှင့် တပ်မတော်အပေါ် လူထု၏ လေးစားမှုသည် အချိန်ကာလနှင့်အတူ ပြောင်းလဲလာဟန်တူပါသည် - လွတ်လပ်ရေးကို ရယူပေးခဲ့သော သူရဲကောင်းများမှ စစ်အာဏာသိမ်းခဲ့သူများ၊ ဒီမိုကရေစီလှုပ်ရှားမှုအား အကြမ်းဖက်နှိမ်နင်းခဲ့သူများအဖြစ်သို့ ပြောင်းလဲသွားပါသည်။ ၁၉၈၈ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်က လက်နက်မပါသည့် ဒီမိုကရေစီအရေးဆန္ဒပြသူများ (လူကြီးလူငယ်၊ ကျောင်းသားကျောင်းသူများနှင့် ရဟန်း သံဃာများ အပါအဝင်) အား ပစ်ခတ်ခဲ့မှုသည် ဗမာလူမျိုးများနေထိုင်သည့် ဒေသများတွင်ပင် လူထုကြားရှိ တပ်မတော်၏ ပုံရိပ်ကို အောက်ဆုံးသို့ ထိုးကျသွားစေခဲ့ပါသည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းတွင် စစ်ခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင်များ၏ အစ္စလာမ်ဘာသာနှင့် ဆက်နွယ်သော အစွန်းရောက်အကြမ်းဖက်မှုများအကြောင်း ထုတ်ဖော်ပြောကြားလာမှုများနှင့်အတူ တပ်မတော်အား ပြည်တွင်းပြည်ပရန်စွယ်များမှ နိုင်ငံအား ကာကွယ်စောင့် ရှောက်ပေးသူများအဖြစ် ထောက်ခံမှုများ သိသိသာသာ ပြန်လည်မြင့်တက်လာခဲ့ပါသည်။[134] အစီရင်ခံစာတစ်စောင်တွင် "၂၀၁၁ခုနှစ် ... မှစ၍ မြန်မာနိုင်ငံတွင် အစွန်းရောက် ဗုဒ္ဓဘာသာ မျိုးချစ်ဝါဒ၊ မွတ်စလင်ဆန့်ကျင်ရေး အမုန်းစကားများနှင့် အကြမ်းဖက်မှုများက ရခိုင်ပြည်နယ်တွင် သာမက တစ်နိုင်ငံလုံးအား ဒုက္ခရောက်စေခဲ့ပါသည်" ဟု ရေးသားထားပါသည်။[135] မကြာသေးမီကာလအတွင်း တပ်မတော်ကို ထောက်ခံသည့် လူထုစည်းဝေးပွဲများ ရန်ကုန်နှင့် အခြားနေရာများတွင် ပြုလုပ်ခဲ့သည်ကို တွေ့ရပြီး "တပ်မတော်သည် ပြည်သူများ၏ အသက်ကို ကာကွယ်စောင့်ရှောက်ပေးနေကြောင်း" ဟောပြောသူများက ပြောကြားကြပါသည်။[136] ထို့ကြောင့် တပ်မတော်သည် ပြည်သူ့များကြားတွင် ကာကွယ်စောင့်ရှောက်သူဟူသည့် စံသတ်မှတ်ချက်နှင့် ကိုက်ညီသူများအဖြစ်သို့ ပြန်လည်ရောက်ရှိလာပါသည်။ ယင်းသည်အနည်းဆုံးအနေဖြင့် ဗမာလူမျိုးအများစု နေထိုင်ရာ ဒေသများနှင့် ရခိုင်ပြည်နယ်တွင် အတိုင်းအတာတစ်ခုအထိ တွေ့ရမည်ဖြစ်ပါသည်။[137] တိုင်းရင်းသားဒေသများတွင်မူ လက်ရှိသို့မဟုတ် ယခင်က ကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှုများကြောင့် အမြင်များမှာ များစွာပြောင်းလဲဟန် မတူပါ။[138]

131 P. Keenan, Op. cit., ၂၀၁၃

132 ထိုအချိန်မတိုင်မီက ရာထူးတိုးမြှင့်ခြင်းများတွင် လူမျိုး သို့မဟုတ် ကိုးကွယ်သည့်ဘာသာပေါ်တွင် အခြေခံကာ ခွဲခြားဆက်ဆံခဲ့ သည့် သက်သေအထောက်အထား မရှိပါ။ ခရစ်ယာန်ဘာသာ ကိုးကွယ်သော အကြီးတန်းအရာရှိများ ရှိပြီး အချို့ ကရင်၊ ကချင်နှင့် ချင်း အရာရှိများသည် ဗိုလ်မှူးချုပ်များအဖြစ် ရာထူးတိုးမြှင့်ခံရသည်များ ရှိခဲ့ပါသည်။ M. Myoe, Op. cit., ၂၀၀၉၊ စာမျက်နှာ ၁၉၉။

133 P. Keenan, Op. cit., ၂၀၁၃

134 ရန်ကုန်တွင် ပြုလုပ်သော အရပ်ဖက်အဖွဲ့အစည်းများ အစည်းအဝေး ဆွေးနွေးချက်များ၊ ၂၀၁၇ ဇွန်လ မှ ဒီဇင်ဘာလအတွင်း

135 International Crisis Group၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓဝါဒနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ (Buddhism and state power in Myanmar)၊ အာရှအစီရင်ခံစာ အမှတ် ၂၉၀၊ ဘရပ်စဲလ်၊ ၂၀၁၇၊ စာမျက်နှာ i

136 မျိုးထက်ပိုင်၊ လူထုဆွေးနွေးပွဲက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဖျက်ဆီးရန် ကြိုးပမ်းမှုကို ကန့်ကွက်ရှုတ်ချ (Rally denounces attempts to break peace process)၊ Eleven၊ ၂၀၁၈ မေ ၂ ရက်၊ www.elevenmyanmar.com/politics/13345

137 ရခိုင်တွင် သဘောထားအမြင်များမှာ ရှုပ်ထွေးနေပါသည်။ တပ်မတော်အား အစ္စလာမ်အကြမ်းဖက်သမားများရန်မှ ကာကွယ် စောင့်ရှောက်ပေးသူများအဖြစ် ရှုမြင်ကြသလို တစ်ဖက်တွင်လည်း ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလက မြောက်ဦးတွင် ဆန္ဒပြမှုအား ရဲက အကြမ်းဖက်နှိမ်နင်းမှုကြောင့် ဆန္ဒပြသူခုနစ်ဦး သေဆုံးခဲ့ရခြင်းကြောင့် ရခိုင်တိုင်းရင်းသားများနှင့် မြန်မာအစိုးရကြား တင်းမာမှုများ ရှိနေဆဲဖြစ်ပါသည်။

138 တောင်ကြီး၊ ရန်ကုန်၊ ထားဝယ်နှင့် မြစ်ကြီးနားရှိ တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ်၊ ဇွန်လမှ စက်တင်ဘာလအတွင်း၊

## စစ်မှုထမ်းခြင်း

ရှေ့ပိုင်းတွင် အရိပ်အမြွက်ဆိုခဲ့ပြီးဖြစ်သကဲ့သို့ တပ်မတော်သားများ၏ ရှေ့တန်းတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများတွင် ပင်ပန်းဆင်းရဲမှု၊ သွားလာခွင့်နှင့် လွတ်လပ်ခွင့်များ ချုပ်ချယ်ကန့်သတ်ခံရမှု၊ အကြမ်းဖက်မှုကို တွေ့ကြုံရမှုနှင့် ကျူးလွန်ရမှုများအပါအဝင် တူညီသည့် စိန်ခေါ်မှုများကို တွေ့ရပါသည်။ ကျွန်ုပ်တို့သည် တာဝန်ထမ်းဆောင်နေဆဲ တပ်မတော်သားများအား တွေ့ဆုံမေးမြန်းနိုင်ခဲ့ခြင်း မရှိသော်လည်း CPCS အစီရင်ခံစာ[139] အရ တပ်မတော်သားများသည် ငြိမ်းချမ်းရေးကိုလိုလားသော၊ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သံသယရှိနေသော သဘောထားများ ရှိနေသည်ကို သိရှိရပါသည်။ စစ်သားအများစုသည် တိုက်ခိုက်မှုများကို ရပ်တန့်ကာ ငြိမ်းချမ်းစွာ နေလိုကြပြီး ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ကြဉ်းပေးလာနိုင်မည်ဟုလည်း မျှော်လင့်ကြပါသည်။ စစ်သားတစ်ဦးက "တစ်နိုင်ငံလုံး ငြိမ်းချမ်းသွားမယ်ဆိုရင် ကျွန်တော်တို့တွေ ကိုယ့်လူမျိုးကို ကိုယ်ပြန်သတ်နေစရာ မလိုတော့ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ပြီး လုပ်နိုင်မှာပဲ" [140] ဟု ဆိုပါသည်။ စစ်သားများသည် ငြိမ်းချမ်းရေးရခဲ့လျှင် စစ်သားဆက်လုပ်/မလုပ်ဟူသည်နှင့် စပ်လျဉ်း၍ သဘောထားကွဲပြားကြသော်လည်း စစ်တပ်မှထွက်လျှင် ပိုမိုမြင့်မားသော လစာနှင့် စီးပွားရေးလုပ်ကိုင်နိုင် အောင် ပံ့ပိုးမှုများ တောင်းဆိုလိုမှုတွင်မူ တညီတညွတ်တည်း ရှိကြပါသည်။ နိုင်ငံအနှံ့ဖြစ်ပေါ်နေသော ဆင်းရဲမှုနှင့် ဖယ်ကြဉ်ထားမှုများသည် ပဋိပက္ခ၏ အကြောင်းရင်းများဖြစ်ကြောင်း စစ်သားများက သိရှိကြပြီး ယင်းတို့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အဓိကဖြေရှင်းရမည့် ကိစ္စရပ်များဖြစ်သည်ဟု ဆိုပါသည်။ ၎င်းတို့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ များစွာမသိကြပါ။ သို့သော် တိုင်းရင်းသားများ၏ လူမျိုးရေးဝါဒက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေခြင်းအပေါ် စိုးရိမ်ပူပန်မှုများ ရှိကြပြီး ၎င်းတို့ မိသားစုများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ၊ ယင်းနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ကြောက်ရွံ့မှုများအကြောင်းကို ပြောပြကြပါသည်။ ၎င်းတို့အားလုံးက အမိန့်များကို နာခံရန် တာဝန်ရှိကြောင်း သဘောတူကြပြီး အမိန့်များကို နာခံခဲ့ရခြင်းသည် ရေရှည်သက်ရောက်မှုရှိသည့် အတွေ့အကြုံတစ်ခုဖြစ်ပြီးစစ်တပ်မှ ထွက်ပြီးနောက်ပိုင်းသဘောထားခံယူချက်များနှင့်အမူအကျင့်များကိုပုံသွင်းပေးခဲ့ပါသည်။

## စစ်မှုထမ်းဟောင်းဘဝ

စစ်မှုထမ်းခဲ့ပြီးနောက် စစ်မှုထမ်းဟောင်းဘဝတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုမှာ သာမာန်အရပ်သားဘဝနှင့် အသက်မွေးမှုလုပ်ငန်းများအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရေးပင် ဖြစ်ပါသည်။ ထားဝယ်တွင် တပ်မတော်စစ်မှုထမ်းဟောင်းများနှင့် ပြုလုပ်ခဲ့သော ဦးတည်အုပ်စုဆွေးနွေးပွဲ၌ စစ်မှုထမ်းဟောင်းများက ၎င်းတို့သည် ပင်စင်လစာနှင့် စစ်မှုထမ်းဟောင်းအဖွဲ့မှ ကူညီပံ့ပိုးမှုအချို့ ရရှိကြောင်း၊ သို့သော် တပ်မတော်သည် ၎င်းတို့အတွက် မြေယာလုပ်ကိုင်ခွင့်ရအောင် စီစဉ်ပေးစေလိုပြီး လက်ရှိလူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ရန်အတွက် ပင်စင်လစာ တိုးမြှင့်ပေးစေလိုကြပါသည်။ [141] စစ်မှုထမ်းဟောင်းများအား ပံ့ပိုးကူညီသည့် ပမာဏများသည် တပ်ရင်းမှူးများပေါ်တွင် မူတည်ကာ အမျိုးမျိုး ကွဲပြားသည်ကို တွေ့ရပါသည်။ မသန်စွမ်းသော စစ်သားများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ခြေတု[142] နှင့် အစိုးရအိမ်ရာများ ရရှိကြပါသည်။ သို့သော် ရာထူးအဆင့်နိမ့်သည့် စစ်မှုထမ်းဟောင်းများအတွက် ပင်စင်လစာသည် မည်သို့မျှ မလောက်ငနိုင်ပါ။[143] မသန်စွမ်းသော တပ်မတော်အရာရှိဟောင်းများမှာမူ ၎င်းတို့၏ ပညာအရည်အချင်း ပေါ်မူတည်ကာ ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရရှိကြပါသည်။ စီးပွားရေးဦးပိုင်လီမိတက်ကဲ့သို့ လစာပိုကောင်းသော အုပ်ချုပ်ရေးရာထူးနေရာများတွင် ခန့်အပ်ခြင်း ခံရနိုင်ပါသည်။[144] ယေဘုယျအားဖြင့် ရာထူးအဆင့်ကိုလိုက်ကာ အတွေ့အကြုံများမှာ ကွဲပြားပါသည်။ ရာထူးအဆင့်မြင့်သော တပ်မတော်အရာရှိများသည် စောစီးစွာ အနားယူနိုင်ပြီး

139 A. Kirkham, Op. cit., ၂၀၁၅

140 Ibid. – စစ်သားများ၏ ပြောစကားများကို ကိုးကားချက်များ၊ စာမျက်နှာ ၂၉

141 စစ်မှုထမ်းဟောင်းများနှင့်ပြုလုပ်သော FGD၊ တနင်္သာရီ၊ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ

142 စစ်မှုထမ်းဟောင်းအဖွဲ့နှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

143 ထက်ကောင်းလင်း၊ လူမှုအဖွဲ့အစည်း၏ အစွန်အဖျားများတွင် တပ်မတော်စစ်မှုထမ်းဟောင်းများသည် ဆင်းရဲတွင်းနက်လျက်ရှိ သည်၊ (On society's fringes, disabled Tatmadaw veterans languish in poverty, Myanmar Times, 11 October 2016)၊ မြန်မာတိုင်းမ် ၊ အင်္ဂါနေ့၊ ၂၀၁၆ အောက်တိုဘာ ၁၁ ရက်၊ http://www.mmtimes.com/index.php/national-news/23003-on-society-s-fringes-disabled-tatmadaw-veterans-languish-in-poverty.html

144 Ibid.

အခြားသော ဝန်ကြီးဌာနများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ကြပြီး ရာထူးနိမ့်သူများသည် အသက် ၆၀ အထိ တာဝန်ထမ်းဆောင်ရပါသည်။ တွေ့ဆုံမေးမြန်းခဲ့သော အချို့တပ်မတော်စစ်မှုထမ်းဟောင်းများသည် ပုဂ္ဂလိကကဏ္ဍတွင် အလုပ်ရကြပြီး အချို့မှာ မရကြဘဲ အခြားမိသားစုဝင်များ၏ ဝင်ငွေများအပေါ် မှီခိုကြရပါသည်။ ထို့ကြောင့် စစ်တပ်မှ အငြိမ်းစားယူခြင်းသည် ၎င်းတို့အတွက် နစ်ခါပြန်အလဲထိုးခံရသကဲ့သို့ ဖြစ်ပါသည်။ ကာကွယ်စောင့်ရှောက်သူအနေဖြင့်သာမက မိသားစုအား ကျွေးမွေးထောက်ပံ့သူအဖြစ်ပါ ၎င်းတို့၏ အခန်းကဏ္ဍနှင့် အဆင့်အတန်းများမှာ တစ်ခန်းရပ်သွားခဲ့ပါသည်။[145]

*တပ်မတော်ဆောင်ပုဒ်များ - "ငြိမ်းချမ်းရေးမရှိ" "မရပ်မနားတိုက်၊ မရပ်မနားပစ်" "ရန်သူကို ဘယ်တော့မှ အခွင့်အရေးမပေးနဲ့" – တပ်မတော်သား စစ်မှုထမ်းဟောင်းများ FGD၊ ထားဝယ်၊ ၂၀၁၇၊ ဩဂုတ်*

စစ်တပ်တွင် လေ့ကျင့်ပေးခဲ့မှုများနှင့် ခံယူချက်များ၏ အဓိကသွင်ပြင်လက္ခဏာ အချို့မှာ စွဲစွဲမြဲမြဲကျန်ရစ်နေဆဲဖြစ်ပါသည်။ စစ်မှုထမ်းဟောင်းများအားလုံးသည် တပ်မတော်ကွန်ရက်များနှင့် ချိတ်ဆက်မှုများ၊ ယခင်က လုပ်ဖော် ကိုင်ဖက်များနှင့် ဆက်သွယ်မှုများ ရှိနေဆဲဖြစ်ပါသည်။ အဆင့်ဆင့် အမိန့်ပေးအုပ်ချုပ်သည့် ပုံစံမှာလည်း မပျက်မယွင်း ရှိနေဆဲဖြစ်သည်။ FGD တွင် ပါဝင်ဆွေးနွေးကြသည့် စစ်မှုထမ်းများအားလုံးသည် တူညီသည့် လုံချည်ကို ဝတ်ဆင်ကာ မေးခွန်းများကို ဖြေကြားရာတွင်လည်း ရာထူးအဆင့်အလိုက် အလှည့်ကျ ဖြေကြားကြပါသည်။ ယေဘုယျအားဖြင့် စစ်မှုထမ်းဟောင်းများသည် စစ်သားများဖြစ်ခဲ့ရသည့် သူတို့၏ဘဝကို ကျေနပ်ဂုဏ်ယူသည်ဟုဆိုပါသည်။ စစ်သင်တန်းများနှင့် စစ်မှုထမ်းစဉ်က သင်ယူခဲ့ရသော ဆောင်ပုဒ်များက ၎င်းတို့အား လမ်းညွှန်ပေးနေဆဲ ဖြစ်ကြောင်း ပြောကြားကြပြီး ထိုဆောင်ပုဒ်များကိုလည်း အားတက်သရောရှင်းပြခဲ့ပါသည် (ဇယားကွက်တွင် ကြည့်ပါရန်)။ ယင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ၎င်းတို့၏ သဘောထားအမြင်များအပေါ် ကြီးမားသည့် ဩဇာသက်ရောက်မှု ရှိပါသည်။ ၎င်းတို့က ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အယုံအကြည်မရှိကြဘဲ တပ်မတော်သည် မည်သည့်အခါမျှ တိုက်ခိုက်မှုကို မရပ်တန့်သင့်ဟု ယူဆကြပါသည်။ ဆွေးနွေးညှိနှိုင်းမှုများသည် ရန်သူကို အင်အားကြီးထွားလာအောင် အခွင့်အရေးပေးခြင်းဖြစ်သဖြင့် မပြုလုပ်သင့်ဟုလည်း ၎င်းတို့က ထင်ကြပါသည်။ "ရန်သူမရှိရင် ငြိမ်းချမ်းမှာပဲ။ ဒါကြောင့် ငြိမ်းချမ်းရေးရဖို့အတွက် ရန်သူတွေအားလုံးကို သတ်ပစ်ရမယ်"[146] ဟု ဆိုပါသည်။ စစ်မှုထမ်းဟောင်းများ သည် ဒေသန္တရအဆင့်နှင့် နိုင်ငံအဆင့်များရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဖျက်လိုဖျက်ဆီးလုပ်လာနိုင်သည့် အလားအလာရှိသောကြောင့် ငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းချက်များအား ဒီဇိုင်းရေးဆွဲ၊ အကောင်အထည်ဖော်ရာတွင် အဆိုပါ စစ်သွေးစစ်မာန်တက်ကြွအောင် ရိုက်သွင်းခံထားသော သဘောထားခံယူချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

၎င်းတို့၏ စစ်မှုထမ်းခဲ့မှုနှင့် အနစ်နာခံပေးဆပ်ခဲ့မှုများအတွက် ဂုဏ်နှင့် အသိအမှတ်ပြုမှုတို့ကို မျှော်လင့်သော စစ်မှုထမ်းဟောင်းများသည် ထိုအဆင့်အတန်းကို မရရှိသည့် အခြေအနေများတွင် အန္တရာယ်ပို၍ ကြီးပါသည်။ ဥပမာ တပ်မတော်အပေါ် ကွဲပြားသော အမြင်များရှိသည့် တိုင်းရင်းသားလူမျိုးစုများရှိသည့် နေရာဒေသများတွင် နေထိုင်သူများဖြစ်ပါသည်။ အချို့က တပ်မတော်အား မြေသိမ်းခြင်း၊ စားနပ်ရိက္ခာနှင့် အမိုးအကာများ သိမ်းယူခြင်း သို့မဟုတ် လူသတ်ခြင်းများနှင့်တွဲကာ မြင်ကြပါသည်။ သို့သော် EAO များကိုမူ တိုင်းရင်းသားလူမျိုးစုအား ကာကွယ်စောင့်ရှောက်သူများအဖြစ် မြင်ကြပါသည်။[147] EAO (KNU နှင့် MNSP) တပ်ဖွဲ့ဝင်များသည် တိုက်ပွဲများ ပြန်သောအခါ တစ်ခါတစ်ရံ ပန်းစည်းများဖြင့် ကြိုဆိုခြင်း ခံရပါသည်။ တပ်မတော်သားများမှာ ထိုသို့ ကြိုဆိုခံရခြင်း မရှိပါ။[148] တစ်ခါတစ်ရံ ဒေသတွင် အခြေချသော လက်ရှိတပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲ စစ်သားများနှင့် စစ်မှုထမ်းဟောင်းများသည် ဒေသခံပြည်သူများနှင့် တစ်ပေါင်းတစ်စည်းတည်း နေထိုင်နိုင်မှု မရှိကြပါ။ ဒီမိုကရေစီလှုပ်ရှားမှုအား ရက်စက်စွာ နှိမ်နင်းခဲ့မှုနှင့် မီးရထားလမ်းဖောက်လုပ်ရန်အတွက် အတင်းအကြပ်စေခိုင်းခဲ့မှုများကို ထင်ထင်ရှားရှား အမှတ်ရနေကြ ဆဲဖြစ်ပါ

145 တွေ့ဆုံမေးမြန်းမှုများ၊ တောင်ကြီးနှင့်ထားဝယ်၊ ၂၀၁၇ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

146 စစ်မှုထမ်းဟောင်းများနှင့်ပြုလုပ်သော FGD၊ တနင်္သာရီ၊ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ

147 FGD များ၊ တနင်္သာရီ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

148 Ibid.

သည်။[149] ထားဝယ်ရှိ တပ်မတော်စစ်မှုထမ်းဟောင်းများက ၎င်းတို့သည် အလုပ်အကိုင်ဈေးကွက်တွင် ခွဲခြား ဆက်ဆံခံရပြီး ၎င်းတို့၏ သားသမီးများမှာ ကျောင်းတွင် ခွဲခြားဆက်ဆံခံရကြောင်း ပြောပြကြပါသည်။[150] သို့သော် တိုက်ပွဲအလီလီနွှဲခဲ့မာကြော ခက်ထန်သည့် စစ်သားဟောင်းကြီးများပင် ဖြစ်လင့်ကစား ၎င်းတို့၏ ဆက်ဆံရေးအတွက် အမူအကျင့်များကို တစ်နည်းနည်းဖြင့် ပြောင်းလဲနိုင်ခဲ့ကြပါသည်။ ထားဝယ်သူများသည် လူမျိုးရေးစိတ်ဓာတ် ပြင်းထန်ပြီး စကားပြောရာတွင်လည်း ဗမာအမျိုးသမီးများကဲ့သို့ "နူးနူးညံ့ညံ့" မရှိကြသည့်အတွက် ထားဝယ်သူများကို လက်ထပ်ခဲ့သူများက သူတို့သည် "အိမ်ထောင်ရေး အဆင်ပြေစေရန်အတွက် အလွန်စိတ်ရှည်ခဲ့ရသည်" ဟု ဆိုပါသည်။[151] 'ပြောင်းလဲ၍မရနိုင်' ဟု ထင်ရသည့် ဂျန်ဒါစံများသည် လိုအပ်သည့်အခါ သို့မဟုတ် အခြေအနေပြောင်းလဲသွားသောအခါတွင် အခြားသော လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေစွာ ပြောင်းလဲသွားနိုင်ကြောင်းကို ဤအချက်က ပြသလျက်ရှိရာ နိုင်ငံအဆင့် ဂျန်ဒါစံများ ပြောင်းလဲရန်မှာ မဖြစ်နိုင်သည့် ကိစ္စတစ်ခု မဟုတ်ပါ။

ထို့ကြောင့် စစ်မှုထမ်းဟောင်းများအတွက် အရပ်ဖက် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ပေါင်းစည်းနိုင်ရေး ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန် လိုအပ်ရုံသာမက ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် အရပ်သားများသည်လည်း စစ်သားများနှင့် စစ်မှုထမ်းဟောင်းများအား လူသားများအဖြစ် ဆက်ဆံလိုစိတ်ရှိရန်နှင့် ၎င်းတို့တွင်လည်း စိတ်ခံစားချက်များ၊ အတိတ်မှ စိတ်ဒဏ်ရာများရှိပြီး မိသားစုအတွက် ခက်ခဲသည့် ရွေးချယ်မှုများကို ပြုလုပ်ခဲ့ရသူများအဖြစ် အသိအမှတ်ပြုရန် လိုပါသည်။ လူတစ်ဦးချင်းအဆင့်တွင် အမျိုးသားများ ပြုလုပ်ခဲ့ရသည့် ထိုရွေးချယ်မှုများသည် နိုင်ငံကို ကာကွယ်ရန် သို့မဟုတ် နိုင်ငံမပြိုကွဲရေး ပါဝင်ကူညီရန် နှင့် မိသားစုကို ထောက်ပံ့ရန်ဟူသည့် လူမှုအဖွဲ့အစည်းမှ ၎င်းတို့အပေါ်ထားရှိသည့် မျှော်လင့်ချက်များကို ပြည့်မီအောင် ကြိုးပမ်းရင်း ရွေးချယ်ခဲ့ကြခြင်းဖြစ်သည့်အတွက် ၎င်းတို့ကို စေ့ဆော်ပေးခဲ့သည့်အရာများသည် တိုက်ခိုက်ခဲ့ရသည့်ဘက်မှ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် ကွာခြားကြမည်မဟုတ်ပါ။

အရပ်သားများ၊ အထူးသဖြင့် တိုင်းရင်းသားလူမှုအသိုင်းအဝိုင်းများမှ ဖယ်ကြဉ်မှုများကို CPCS အစီရင်ခံစာတွင်လည်း ဖော်ပြထားပါသည်။ ၎င်းတို့၏ 'ဖွင့်ဟပြောဆိုသံများကို နားထောင်သည့်' သုတေသနလုပ်ငန်းစဉ်တွင် တပ်မတော်သားများအား နေ့စဉ်ရုန်းကန်လှုပ်ရှားနေရ သည့် သာမန် 'လူသားများအဖြစ်' မြင်လာအောင် ပြောင်းလဲပေးနိုင်ခဲ့သည့် 'နားထောင်သူများ' ၏ အတွေ့အကြုံများကိုလည်း ဖော်ပြထားပါ သည်။ ထိုအတွေ့အကြုံအား ကျယ်ကျယ်ပြန့်ပြန့် မိတ်ဆက်ပြပေးနိုင်မည်ဆိုလျှင် ပြည်သူများကြားတွင် ခြေလျင်တပ်သားများ၊ တပ်မတော်အရာရှိများနှင့် စစ်မှုထမ်းဟောင်းများ အတူတကွ နေထိုင်လျက်ရှိကြသည့် နေရာဒေသများတွင် နေ့စဉ် ငြိမ်းချမ်းမှုအား ရပ်ရွာအဆင့်တွင် ရရှိနိုင်အောင် အထောက်အကူပြုနိုင်ပါသည်။ ထိုကဲ့သို့သော အရပ်သား-စစ်သား ဆက်ဆံရေးများ အသွင်ကူးပြောင်းမှုသည် တရားဝင် SSR တွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ အဖွဲ့အစည်းဆိုင်ရာ အလေ့အထများနှင့် ဖွဲ့စည်းပုံများ ပြုပြင် ပြောင်းလဲရေးလှုပ်ရှားမှုတစ်ခု ပေါ်ပေါက်လာစေရန် အထောက်အကူပြုနိုင်သည့် အလားအလာလည်း ရှိပါသည်။ ထိုကဲ့သို့သော SSR လုပ်ငန်းစဉ်တစ်ခုတွင် စစ်သားများအားလုံးအတွက် ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ သင်တန်းများ ပေးကာ ၎င်းတို့အပေါ်ထားရှိသည့် မျှော်လင့်ချက်များကို ပိုမို နားလည်သိရှိကာ တပ်ထဲတွင်၊ နေအိမ်တွင်၊ လူမှုအဖွဲ့အစည်းအတွင်းတွင် လုပ်ဆောင်မည့် ၎င်းတို့၏ လုပ်ဆောင်မှုများအား အသိဉာဏ်ဗဟုသုတ ပိုမိုကြွယ်ဝစွာဖြင့် ရွေးချယ်လုပ်ဆောင်နိုင်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် အကောင်းဆုံးပင် ဖြစ်ပါသည်။

## ၃-၄။ ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို ဖြစ်မြောက်စေသူများ သို့မဟုတ် တားဆီးမည့်သူများအဖြစ် အမျိုးသားများကို သုံးသပ်လေ့လာခြင်း

ရှေ့မှအပိုင်းများတွင် နိုင်ငံရေး၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် နယ်ပယ်များ

149 တနင်္သာရီမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင် ဘာလအတွင်း၊

150 စစ်မှုထမ်းဟောင်းများနှင့် ပြုလုပ်ခဲ့သော FGD၊ တနင်္သာရီ၊ ၂၀၁၇၊ ဩဂုတ်လ။ အလားတူ တိုင်းရင်းသားလူမှုအသိုင်းအဝိုင်းများမှ ဖယ်ကြဉ်မှုများကို Kirkham, Op. cit., ၂၀၁၅ အစီရင်ခံစာတွင်လည်း ဖော်ပြထားပါသည်။

151 စစ်မှုထမ်းဟောင်းများနှင့် ပြုလုပ်ခဲ့သော FGD၊ တနင်္သာရီ၊ ၂၀၁၇၊ ဩဂုတ်လ၊

အားလုံးရှိ အမျိုးသားများနှင့် ခေါင်းဆောင်မှုကြား ရှိနေသည်ဟု ယူဆသည့် ချိတ်ဆက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ အမျိုးသားများသည် ပင်ကိုဗီဇအရ အကြမ်းဖက်မှု ကျူးလွန်ခြင်းနှင့်ဆက်စပ်နေသည်ဟု ယူဆကြသည့် အတွက် အကြမ်းဖက်မှုကို အဆုံးသတ်မှုနှင့်လည်း ဆက်စပ်နေမည်ဖြစ်ပါသည်။ ယခုနောက်ဆုံးအပိုင်းတွင် ပဋိပက္ခ ဖြေရှင်းခြင်းနှင့်ဆက်နွယ်သော ထုံးတမ်းစဉ်လာ ဂျန်ဒါစံများကို ထည့်သွင်းစဉ်းစားထားပြီး ယင်းသည် ပြည် ထောင်စုငြိမ်းချမ်းရေးဆွေးနွေးကော်မတီ (UPDJC)၏ ထိပ်ဆုံးအဆင့်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ အစည်းအဝေးများမှသည် ဒေသန္တရအဆင့်၊ ရပ်ရွာအဆင့်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်အသီးသီးတွင် ပါဝင်ဆောင်ရွက်မှုများကို ဖြစ်မြောက်စေရန် သို့မဟုတ် ဟန့်တားနှောင့်ယှက်ရန် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ဆိုသည်ကို ဆန်းစစ်လေ့လာထားပါသည်။

## ပဋိပက္ခဖြေရှင်းမှု သို့မဟုတ် ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်မှု၌ အမျိုးသားများနှင့် အမျိုးသမီးများကြား ထုံးတမ်းစဉ်လာအရ တည်ရှိနေသည့် ကွဲပြားချက်များ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအကြောင်းကို မေးမြန်းသောအခါ တပ်မတော် စစ်မှုထမ်းဟောင်းတစ်ဦးက "မိန်းမတွေကြောင့် ပြည်ပျက်နိုင်တယ်" ဟု ဆိုပါသည်။[152] ၎င်းက ကုန်းဘောင်မင်းဆက် နောက်ဆုံးဘုရင်၏ မိဖုရားစုဖုရားလတ်အား ရည်ညွှန်းကာ ပြောခြင်းဖြစ်သည်။ ဗြိတိသျှတို့အား ရှုံးနိမ့်ကာ ကိုလိုနီ လက်အောက်သို့ ကျရောက်ခဲ့ခြင်း၏ အကြောင်းတစ်ခုသည် ထိုမိဖုရားကြောင့်ဟု ဆိုပါသည်။ နောင်နှစ်ပေါင်း ရာနှင့်ချီ ပြီးသည့်နောက်ပိုင်းအထိ နိုင်ငံရေးဆုံးဖြတ်ချက်များတွင် အမျိုးသမီးများကို ပါဝင်ဆောင်ရွက်ခွင့်မပေးခြင်း အတွက် ထိုမိဖုရားသည် အကြောင်းပြချက်တစ်ခုအဖြစ် အသုံးပြုခံနေရဆဲဖြစ်ပါသည်။ ပဋိပက္ခများအား ကိုင်တွယ်ဖြေရှင်းပေးရန် အမျိုးသားများအပေါ် မျှော်လင့်အားထား၊ ချဉ်းကပ်ကြသည်မှာ အစဉ်အလာဖြစ်နေပြီး အမျိုးသမီးများအပေါ်တွင်မူ ထိုမျှော်လင့်ချက်မျိုး မထားရှိကြပါ။

ဥပမာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) အတွင်းတွင် ပဋိပက္ခများကို ဖြေရှင်းပေးရန်အတွက် ရာထူးအဆင့်တူ၊ သက်တူရွယ်တူ အမျိုးသမီးများထက် အမျိုးသားများထံ ပို၍ ချဉ်းကပ်လေ့ရှိကြပါသည်။[153] ထိုအတွက်ကြောင့် အမျိုးသားများသည် ပဋိပက္ခများ ဖြေရှင်းရာတွင် အတွေ့အကြုံပိုများပြီး ထိုသို့ ဖြေရှင်းပေးနိုင်သည့် အခြေအနေအဆင့် အတန်းကို ပိုမို ရရှိလာကြပါသည်။ ပဋိပက္ခနှင့် အကြမ်းဖက်မှုများအား ငြိမ်းချမ်းစွာ ဝင်ရောက်ဖြေရှင်းပေးသော အမျိုးသားများအား အမြော်အမြင်ရှိသော စံနမူနာပြပုဂ္ဂိုလ်များအဖြစ် မှတ်ယူကြပြီး ရိုသေလေးစားကြပါသည်။ KII တစ်ခုတွင် တွေ့ဆုံမေးမြန်းခဲ့သူက အမျိုးသားများသည် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းသောအခါတွင် အများ သဘောတူညီချက် ရရှိစေရန် သို့မဟုတ် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် နည်းလမ်းများကို ရရှိစေရန် ရည်ရွယ်သည့် ချဉ်းကပ်နည်းများထက် များသောအားဖြင့် အာဏာ သို့မဟုတ် အဆင့်အတန်းကို အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်မှုအား ပဋိပက္ခ ဖြေရှင်းသည့် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုသည်ဟုဆိုပါသည်။[154] ဆုံးဖြတ်ချက်မချမီ ပဋိပက္ခတွင် ပါဝင်သည့် နှစ်ဖက်စလုံးကို နားထောင်ရန် လိုအပ်သည်ဟု မထင်ကြဘဲ အထူးသဖြင့် ဘာသာမတူသော လူများကြား မြေယာ သို့မဟုတ် ပိုင်ဆိုင်မှု အငြင်းပွားသည့်အခါမျိုးတွင် ဘာသာရေးအရ စည်းလုံးညီညွတ်မှု ရရှိရေးကိုသာ ဦးစားပေး အဖြစ် ယူဆကြပါသည်။ အမျိုးသမီးကမူ ၎င်းတို့၏ လူမှုဆက်ဆံရေးကျွမ်းကျင်မှု၊ ပြောတတ်ဆိုတတ်မှုတို့ကို အသုံးပြုကာ ဆွေးနွေးညှိနှိုင်းမှုများ၊ အပေးအယူနည်းဖြင့် သဘောတူညီချက်ရအောင် ညှိနှိုင်းသည့် နည်းဗျူဟာများကို ပိုမို အသုံးပြုသည်ဟု ယူဆကြပါသည်။ အမျိုးသမီးများသည် သဟဇာတဖြစ်မှုကို တန်ဖိုးထားပြီး ပြောဆိုရခက်သော၊ ထော်လော်ကန့်လန့်နိုင်သောသူများအဖြစ် ရှုမြင်မခံရအောင် နေလေ့ရှိကြသည်ဟု ဆိုပါသည်။ ဤသည်မှာလည်း အမျိုးသမီးများတွင် အမျိုးသားများလောက် အခြေအနေအဆင့်အတန်းနှင့် ဩဇာအာဏာ မရှိသည့်အချက်နှင့်လည်း ဆက်နွယ်နေနိုင်ပါသည်။ ထိုအကြောင်းကြောင့် ၎င်းတို့သည် စိတ်တိုင်းကျ ဆုံးဖြတ်ချက်ချကာ လိုက်နာစေခြင်းထက်

152 Ibid.

153 KII ၊ ရန်ကုန်၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ

154 Ibid.

နားလည်လက်ခံအောင် လုပ်ဆောင်ရန် လိုအပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။[155] အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ပဋိပက္ခဖြေရှင်းခြင်းအား ထိုက်သင့်လျော်ကန်သည့် လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်စေရန် (ဥပမာ ဆုံးဖြတ်ချက်မချမီ နစ်ဖက်စလုံးအား နားထောင်ခြင်း) စနစ်တကျ သင်တန်းပေးထားမည်ဆိုလျှင် ဖြေရှင်းပြီးရုံသက်သက်ထက် ပိုမို ကောင်းမွန်သော ရလဒ်များ ရရှိနိုင်မည်ဖြစ်ပါသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သို့မဟုတ် ဒေသန္တရအဆင့် ပဋိပက္ခဖြေရှင်းခြင်း

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၉၉၀ ပြည့်နှစ်များမတိုင်မီက ရပ်မိရပ်ဖများသည် ရွာထဲတွင် သို့မဟုတ် ရွာအနီးတွင် တိုက်ပွဲများ မဖြစ်ပွားစေရန်အတွက် လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်ကြား ညှိနှိုင်းပေးခွင့်ရခဲ့သည့် အခြေအနေ ရှိခဲ့ပါသည်။ တစ်ဖွဲ့ရှိနေလျှင် အခြားတစ်ဖွဲ့အား အကြောင်းကြားပေးခြင်းဖြင့် ရင်ဆိုင်တွေ့ကာ တိုက်ခိုက်မှုများကို ရှောင်ရှားနိုင်စေပါသည်။ တစ်ခါတစ်ရံတွင် ထိုသို့လုပ်ဆောင်ပေးမှုများက ရွာကို ထိခိုက်စေမည့် လက်နက်ကိုင် အကြမ်းဖက်မှုများကို အောင်မြင်စွာ တားဆီးကာကွယ်ပေးနိုင်ခဲ့ပါသည်။[156] အဆိုပါ ညှိနှိုင်းပေးသူများသည် ယခင်က အမျိုးသားကျေးရွာလူကြီးများ ဖြစ်လေ့ရှိပါသည်။ ၎င်းတို့သည် ရွာလူကြီးများအဖြစ် တရားဝင်ထမ်းဆောင်ခွင့်မရ တော့သော်လည်း ရပ်ရွာမှ ရိုသေလေးစားမှုကို ရရှိထားဆဲဖြစ်သည့်အတွက် ဩဇာရှိသူများ ဖြစ်ပါသည်။ ထိုသို့ ပဋိပက္ခဖြေရှင်းရန် ကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ဩဇာနှင့် လူမှုအသိုင်းအဝိုင်းအတွင်းရှိ အဆင့်အတန်းကို ပိုမို ကြီးထွားမြင့်မားလာစေပြန်ပါသည်။ အများစုမှာ အမျိုးသားများဖြစ်ကြသော ထိုသူများသည် ရပ်ရွာတွင်းရှိ ၎င်းတို့ မဖြေရှင်းနိုင်သော မူးယစ်ဆေးဝါးမှု သို့မဟုတ် လူသတ်မှု ကဲ့သို့သော အမှုကိစ္စများကို PNO/A အကြီးတန်းခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းနိုင်ပါသည်။ ထိုကဲ့သို့ ပဋိပက္ခကို ဖြေရှင်းရန်အတွက် အရေးယူ ဆောင်ရွက်မှုများက ၎င်းတို့၏ ခေါင်းဆောင်မှုစွမ်းရည်ကို တိုးတက်စေပြီး ပို၍ ဩဇာအာဏာရှိလာကြပါသည်။ သို့သော် ပဋိပက္ခဖြေရှင်းရန် ကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်သူများသည် အများအားဖြင့် ဩဇာအာဏာရှိပြီး (အမျိုးသားကြီးစိုး၍ ယောက်ျားပီသမှုလက္ခဏာများကို သတ်မှတ်ထားသော) လူမှုအဖွဲ့အစည်းတွင် နေရာရထားပြီးသူ များသာ ဖြစ်နေတတ်သဖြင့် ငယ်ရွယ်သူ သို့မဟုတ် ဩဇာမရှိသူ အမျိုးသားနှင့် အမျိုးသမီးများမှာ ဘေးရောက် နေကြပါသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အမြင့်ဆုံးအဆင့်အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော UPDJC က ဦးဆောင်ပါသည်။ UPDJC တွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်၊ EAO များ နှင့် နိုင်ငံရေးပါတီများ သုံးပွင့်ဆိုင်အဖွဲ့သုံးဖွဲ့မှ အဖွဲ့ဝင် ၇၅ ဦးအနက် (ထိုအထဲမှ ငါးဦးသည် 'လူမှုရေးရာ' အပိုင်းအတွက် တာဝန်ယူသူများ ဖြစ်သည်) (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင်) ၁၁ ဦးသည် အမျိုးသမီးများ ဖြစ်ပါသည်။[157] ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ နောက်ထပ်အရေးကြီးသော အစိတ်အပိုင်းတစ်ခုမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ အစည်းအဝေးများ ဖြစ်ပါသည်။ ထိုအစည်းအဝေးများသည် အကျိုးသက်ဆိုင်သူမျိုးစုံပါဝင်သော လုပ်ငန်းစဉ် များဖြစ်ပြီး ပါဝင်တက်ရောက်နိုင်သည့် ဦးရေ ကန့်သတ်ချက်ရှိပါသည်။ ထို့ကြောင့် တက်ရောက်မည့် ကိုယ်စားလှယ် များအား ရွေးချယ်မှုသည် အလွန်အရေးကြီးပါသည်။ ရှေ့ပိုင်းတွင် NCA အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရာ၌ အသက်အရွယ်အားဖြင့် ပိုကြီးသော စစ်ဘက်မှ အမျိုးသားများကိုသာ အဓိက ရွေးချယ်ခဲ့ပါသည်။ လက်နက်ကိုင် ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့သူများ ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲပြီးနောက်တွင် နိုင်ငံရေးဆွေးနွေးပွဲများ သည် စစ်ဘက်ဆိုင်ရာ အတွေ့အကြုံများနှင့် များစွာသက်ဆိုင်မှုမရှိတော့သည့် လူမှုရေးရာ၊ စီးပွားရေးနှင့် အနာဂတ် နိုင်ငံရေးဖက်ဒရယ် ဖွဲ့စည်းပုံကဲ့သို့သော ကိစ္စရပ်များကို အဓိကထားဆွေးနွေးလာခဲ့ရာ အဆိုပါလုပ်ငန်းစဉ်အား ကောင်းစေရေးအတွက် ထိုအကြောင်းရာများနှင့် ဆက်နွှယ်သည့် အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို အမျိုးသမီး

155 Ibid.

156 ရှမ်းပြည်နယ်တောင်ပိုင်းမှ တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

157 CSO နှင့် ပြုလုပ်သော KII ၊ ရန်ကုန်၊ ၂၀၁၇ ဇူလိုင်လ နှင့် နိုင်ငံတော်သမ္မတရုံးဝက်ဆိုက် - http://www.president-office. gov.mm/en/?q=briefing-room/notifications/2017/02/17/id-7287

များနှင့် အရပ်ဘက်မှ အမျိုးသားများ ပါဝင်ကူညီပေးနိုင်လာပါသည်။ သို့သော် လက်နက်ကိုင်နှင့် အရပ်သား လုပ်ဆောင်သူများကြားတွင် ယုံကြည်မှု နည်းပါးသည့် အခြေအနေ ရှိနိုင်ပါသည်။ လက်နက်ကိုင်အဖွဲ့များအတွင်းတွင်ပင် အရပ်သားများနှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် EAO များနှင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ ဆက်ဆံရေးတည်ဆောက်ခြင်းများသည် အခရာကျပါသည်။ ထို့ပြင် အချို့သော အမျိုးသမီးတိုင်းရင်းသားအဖွဲ့များက EAO ၏ အချို့သော ဆွေးနွေးညှိနှိုင်းပုံနည်းလမ်းများကို ထုတ်ဖော်ကန့်ကွက်ကြပါသည်။ ထိုနည်းလမ်းများသည် တိုင်းရင်းသားလူမျိုးရေးကို အခြေခံသည့် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို ရှုပ်ထွေးစေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို သေချာစေမည့် သို့မဟုတ် အနည်းဆုံးအနေဖြင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ကိုယ်စားပြုပေးနိုင်မည့် သီးခြားလုပ်ငန်းစဉ်တစ်ခုကို ချမှတ်ပေးရန် စဉ်းစားသင့်ပါသည်။

လူမှုရေးရာဆွေးနွေးမှုများမှလွဲ၍ UPC တွင် အမျိုးသားများကသာ ကြီးစိုးနေပါသည်။ လူမှုရေးစောင့်ရှောက်မှုများသည် အမျိုးသမီးများနှင့်သက်ဆိုင်သည်ဟု ယူဆသည့် ဂျန်ဒါစံများနှင့်အညီ လူမှုရေးရာ ဆွေးနွေးမှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်ကြပါသည်။ ၂၀၁၇ခုနှစ်၊ မေလတွင် ကျင်းပသော UPC တွင် ကဏ္ဍအလိုက် အမျိုးသမီးကိုယ်စားလှယ်အရေအတွက်မှာ အမျိုးမျိုး ကွဲပြားပါသည် - လူမှုရေးကဏ္ဍတွင် ၃၃%၊ နိုင်ငံရေးကဏ္ဍတွင် ၁၈% နှင့် စီးပွားရေးကဏ္ဍတွင် ၂၁%၊ မြေယာနှင့်သဘာဝသယံဇာတကဏ္ဍနှင့် လူမှုရေးကဏ္ဍတို့တွင် ၁၄% နှင့် ၉% မျှသာ အသီးသီး ပါဝင်ပါသည်။ ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် နောက်ဆုံးကျင်းပသွားခဲ့သည့် UPC ၌ အစိုးရ၊ နိုင်ငံရေးသမားများနှင့် တပ်မတော်၊ NCA လက်မှတ်ရေးထိုးထားသော EAO များမှ တရားဝင်တက်ရောက်သော ကိုယ်စားလှယ်များထဲတွင် အမျိုးသမီး ၁၇% ပါဝင်ရာ ယမန်နှစ်က ၁၅% ထက် အနည်းငယ်မျှ ပိုမို များပြားလာပါသည်။ သို့သော် NCA တွင် သဘောတူညီထားသော ၃၀% ထက် သိသိသာသာ လျော့နည်းနေပါသေးသည်။[158] လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အဓိကအခန်းကဏ္ဍများဖြစ်သော ကြားနေပံ့ပိုးကူညီသူများ (facilitators) နှင့် နည်းပညာ လက်ထောက်များကိုပါ ထည့်တွက်မည်ဆိုလျှင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှုန်းသည် ၂၂% အထိ ဖြစ်သွားပါသည်။[159] သဘောတူညီထားသည့် အနည်းဆုံးအရေအတွက် ပြည့်မီခြင်းမရှိသေးသည့်တိုင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် နှစ်စဉ် တိုးတက်လာခဲ့ပါသည်။

## ဇယား- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ ဆွေးနွေးပွဲများတွင် ပါဝင်မှုများ[160]

| | ကိုယ်စားလှယ်စုစုပေါင်း | အမျိုးသမီးကိုယ်စားလှယ်များ | | |
|---|---|---|---|---|
| | | 2017 | 2018 | |
| အစိုးရအရာရှိများနှင့် လွှတ်တော်ကိုယ်စားလှယ်များ | ၁၅၀ | ၄၀ | ၄၀ | ၂၇% |
| တပ်မတော် | ၁၅၀ | ၁၀ | ၁၀ | ၇% |
| နိုင်ငံရေးသမားများ (ပါတီ ၂၃ ခုမှ) | ၁၅၀ | ၂၆ | ၂၈ | ၁၉% |
| NCA လက်မှတ်ထိုးထားသော EAO များ (၂၀၁၇တွင် ၈ဖွဲ့၊ ၂၀၁၈တွင် ၁၀ဖွဲ့) | ၁၅၀ | ၁၉ | ၃၁ | ၂၁% |
| အရပ်သားပညာရှင်များ | ၁၀၀ | ၁၀ | ၁၃ | ၁၃% |
| **စုစုပေါင်း** | **၇၀၀** | **၁၀၅** | **၁၂၂** | **၁၇%** |

အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည်ဟု ယူဆကြသော မြန်မာနိုင်ငံရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် ကွန်ရက်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ စဉ်ဆက်မပြတ် တွန်းအားပေးဆွေးနွေးမှုများကြောင့် ထိုအခြေခံမှုအား အသိအမှတ်ပြုမှုများ ရရှိလာခဲ့ပါသည်။[161] EAO များက ထိုအခြေခံမှုကို အများစု လက်ခံထားကြ

158 ငြိမ်းငြိမ်း၊ ယခုနှစ် ငြိမ်းချမ်းရေးညီလာခံတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမို ကျယ်ပြန့်လာ၊ (Women playing larger role at this year's peace conference)၊ The Irrawaddy၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၁၅ရက်၊ https://www.irrawaddy.com/ news/burma/women-playing-larger-role-years-peace-conference.html

159 Ibid.

160 Ibid.

161 CSO နှင့် ပြုလုပ်သော KII ၊ ရန်ကုန်၊ ၂၀၁၇ ဇူလိုင်လ

ပြီးဖြစ်ကာ အစိုးရဘက်မှလည်း နီးစပ်လာပြီဖြစ်ပါသည်။ တပ်မတော်တွင်သာ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု ရည်မှန်းချက် ၃၀% အောက် များစွာ နည်းနေပါသေးသည်။ အမျိုးသမီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ကြောင့်လည်း အမျိုးသမီးများကို ပိုမိုလက်ခံလာကြပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းဘက်မှ ဆွေးနွေးပွဲများတွင် အမျိုးသမီးများ၏ ပါဝင်မှု ပိုမိုမြင့်မားလာပါသည်။ ဥပမာ တနင်္သာရီ ငြိမ်းချမ်းရေးဖိုရမ်၊ အရပ်ဖက်လူမှုအဖွဲ့အစည်း ဆွေးနွေးပွဲတွင် အမျိုးသမီးများ၏ ပါဝင်မှု ၆၀% အထိ ရရှိခဲ့ပါသည်။[162] သို့သော် ပါဝင်ဆောင်ရွက်မှုများသည် အရေ အတွက်တစ်ခုတည်းထက် အရည်အသွေးသည်လည်း အရေးကြီးပါသည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်မှုမြင့်မား သည်ကတော့ မှန်ပါသည်။ သို့သော် အမျိုးသမီးများ၏ အရေးကိစ္စများနှင့် ဦးစားပေးများအား လက်ခံကာ ကိုင်တွယ် ဖြေရှင်းပေးနေပြီလားဆိုသည်မှာ မေးစရာရှိပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်ရွာအဆင့်တွင် ကျားမကွဲပြားမှုကို ထင်ရှားစွာ တွေ့ရပါသည်။ တရားဝင်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသားများ ပိုမို ပါဝင်ဆောင်ရွက်ကြပြီး အမျိုးသမီးများက အရပ်ဖက်အဖွဲ့ အစည်း (CSO) အဆင့်တွင် ပိုမို ဆောင်ရွက်ပါသည်။ အများအားဖြင့် ကျေးလက်ရှိ အမျိုးသားများသည် ပဋိပက္ခတွင် ပါ ဝင်တိုက်ခိုက်ခဲ့သူများဖြစ်ကြသော်လည်း အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်းတို့သည် စီးပွားရေးအရင်းအမြစ်များ (ဆိုလိုသည်မှာ ခရီးစရိတ်များ၊ ဝင်ငွေရှာရန် လိုအပ်မှု) မလုံလောက်မှုကြောင့် ပါဝင် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တွေ့မြင်ရပါသည်။ ရပ်ရွာအဆင့်တွင် အမျိုးသား ရပ်မိရပ်ဖများက ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်သော ဆွေးနွေးမှုများတွင် အမျိုးသား အိမ်ထောင်ဦးစီးများကိုသာ ဖိတ်ကြားပြီး အမျိုးသမီးများအား ဆွေးနွေးမှုများတွင် ပြောင်ပြောင်တင်းတင်း ဖယ်ထုတ်ထားပါသည်။[163] ရွာတစ်ရွာတွင် အမျိုးသမီးများအား အတိ အလင်း ဘေးဖယ်ထားခြင်းကို တွေ့ရပါသည် - "အမျိုးသမီးတွေကို ခွင့်မပြုပါဘူး"[164] ဖြေဆိုသူတစ်ဦးက "သူတို့ကို အစည်းအဝေးပေးတက်ရင် ကျွန်တော်တို့က အိမ်အလုပ်မှာ ကူနေရမှာပေါ့" ဟု ဖြေဆိုသူတစ်ဦးက 'နောက်ပြောင်' ပြောပါသည်။[165] ထိုပြောဆိုမှုများကိုကြည့်လျှင် အမျိုးသားများ၏ အခွင့်ထူးများ ဆုံးရှုံးသွားမည်ကို စိုးရိမ်ပူပန်မှုများအား ပြသနေပြီး ဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသားများသာ အကြီးအမှူးဖြစ်(သည်ဟု ယူဆ)ခြင်း နှင့် အမျိုးသမီး များအား အထောက်အကူပြုသည့်အဆင့်နှင့် အိမ်တွင်းကိစ္စများကိုသာ လုပ်ဆောင်ရမည့်အဆင့်သို့ နှိမ့်ချထားခြင်း ကြား ဆက်နွှယ်ချိတ်ဆက်နေမှုကိုလည်း ပေါ်လွင်စေပါသည်။

ယေဘုယျအားဖြင့် မြို့ပေါ်ရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းအတွင်းတွင် ဂျန်ဒါအား အလေးထားရမည့်ကိစ္စ တစ်ခုအဖြစ် အသိအမှတ်ပြုမှု ပိုရှိပြီး တန်းတူညီမျှပါဝင်ဆောင်ရွက်နိုင်ရေးအား တိုင်းရင်းသားမျိုးစုံပါဝင်ရန်သာမက ကျားမ ပါဝင်မှုကိုပါ ဆွေးနွေးကြပါသည်။ သို့သော် တန်းတူညီမျှ ပါဝင်မှုများ မရရှိသေးပါ။ တောင်ကြီးတွင် အမျိုး သားများက ခွဲခြားဆက်ဆံမှုမရှိဟု ပြောပါသည်။ သို့သော် ဂျန်ဒါ အတားအဆီးများမှာ မမြင်သာလှသော်လည်း တားဆီးပိတ်ဆို့ ထားဆဲ ဖြစ်ပါသည်။ ဥပမာ အမျိုးသမီး JMC အဖွဲ့ဝင်တစ်ဦးက တွေ့ရှိသည်မှာ အမျိုးသားကော်မတီ အဖွဲ့ဝင်များသည် EAO များနှင့် ခင်မင်ရင်းနှီးသည့် လူမှုရေးကွန်ရက်များမှတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခ လှုပ်ရှားမှုဆိုင်ရာ သတိပေး ချက်များကို လက်ခံရရှိကြပါသည်။[166] အမျိုးသမီးတစ်ဦးအနေဖြင့် ဂျန်ဒါ အဟန့်အတားများ နှင့် လူမှုရေး ဖွဲ့စည်းပုံများ (အမျိုးသားများနှင့် အမျိုးသမီးများကြား မိတ်ဆွေများအဖြစ် ရင်းနှီးခင်မင်မှုမှာ နည်းပါးပြီး အမျိုးသမီးများကလည်း သူမကို ထိုအချက်အလက်များ အသိပေးနိုင်ခြေ နည်းပါး) သူမတွင် ထိုကဲ့သို့သော သတင်း အချက်အလက်များအား လက်လှမ်းမီခြင်း မရှိပါ။ ရလဒ်အနေဖြင့် သူမသည် ကျေးလက်ဒေသများသို့ ခရီးသွားသောအခါ လုံခြုံရေးအန္တရာယ် များကို ပိုမို ရင်ဆိုင်ခဲ့ရပါသည်။ ဤသည်မှာ အမျိုးသားများ ကြီးစိုးသော လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရသည့် အမျိုးသမီးများ ရင်ဆိုင်ရသော ကွယ်ဝှက်နေသည့် အတားအဆီးများထဲမှ တစ်ခု ဖြစ်ပါသည်။ သတင်းအချက်အလက် စီးဆင်းမှုများနှင့်ဆက်နွှယ်နေသော အမျိုးသားများ၏ အလွတ်သဘော သတင်းအချက် အလက်ဖလှယ်သည့် ကွန်ရက်များအား အမျိုးသမီးများ လက်လှမ်းမမီနိုင်မှုသည် အဟန့်အတားတစ်ခု ဖြစ်နေကြောင်းကို အမျိုးသားများ

162 ထားဝယ်အမျိုးသမီးသမဂ္ဂနှင့် ဆက်သွယ်ခြင်း၊ ၂၀၁၈ခုနှစ် မေလ

163 ရှမ်းပြည်နယ်တောင်ပိုင်းရှိ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

164 အသိပညာဗဟုသုတများသော ဒေသခံတစ်ဦးနှင့် စကားပြောခြင်း၊ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ

165 ရှမ်းပြည်နယ်တောင်ပိုင်းရှိ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

166 JMC အဖွဲ့ဝင်နှင့် တွေ့ဆုံမေးမြန်းမှု၊ တောင်ကြီး၊ ၂၀၁၇ခုနှစ် စက်တင်ဘာလ

အတွက် မြင်သာထင်ရှားရှိလိမ့်မည်မဟုတ်ပါ။

ထုံးတမ်းအစဉ်အလာများကို ဖောက်ဖျက်ကာ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်မှာ ခက်ခဲနိုင်ပါသည်။ အမျိုးသား၊ အမျိုးသမီး ရောနှောတက်ရောက်သော အစည်းအဝေးများ၊ ဆွေးနွေးပွဲများတွင် အမျိုးသမီးများသည် နှုတ်ဆိတ်နေနိုင်ပါသည်။ သို့သော် အမျိုးသား၊ အမျိုးသမီး သီးသန့်စီခွဲကာ ဆွေးနွေးပါက အမျိုးသမီးများသည် ပိုမို ပွင့်လင်းစွာ ဆွေးနွေးလာပါလိမ့်မည်။ ဂျန်ဒါညီမျှရေးနှင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအတွက် CSO များကို အားပေးတိုက်တွန်းမှုများ ပြုလာခဲ့ပါသည်။ သို့သော် များစွာ ပိုမိုလိုအပ်လျက်ရှိသည်မှာ အမျိုးသမီးနှင့် အမျိုး သား နှစ်ဦးစလုံး၏ အခန်းကဏ္ဍများနှင့် မျှော်လင့်ချက်များကို ပြောင်းလဲပစ်ရန် ဖြစ်ပါသည်။ တောင်ကြီးတွင် တွေ့ရှိခဲ့ရသကဲ့သို့ ထိုရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် သင်တန်းများကြောင့် ဂျန်ဒါညီမျှရေးအတွက် ဆောင် ရွက်နေသော အမျိုးသားများအပေါ် အများ၏ တုံ့ပြန်မှုနှင့် နှိမ့်ချဆက်ဆံမှုများကို ဖြစ်ပေါ် စေနိုင်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသူများအပေါ် တွင်မူ ထိုကဲ့သို့သော သဘောထားများကို မတွေ့ရပါ။ တွေ့ဆုံ မေးမြန်းခဲ့သော အခြား အမျိုးသားများက "အမျိုးသမီးဖြစ်ဖြစ်၊ အမျိုးသားဖြစ်ဖြစ် ဘယ်သူ ပါတယ်ဆိုတာ အရေးမကြီး ပါဘူး။ ငြိမ်းချမ်းရေး လိုလားတဲ့သူဖြစ်ရင် ပြီးတာပဲ" ဟု ဆိုပါသည်။[167] ယင်းသည် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ဖယ်ထုတ်ထားခြင်း မခံရသူတစ်ဦး၏ ရှုထောင့်မှ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု၏ အရေးပါပုံနှင့် အကျိုး ကျေးဇူးများကို နားလည်သိရှိမှု မရှိခြင်းအား ပြသလျက်ရှိပါသည်။ အခြားတစ်ဖက်တွင်မူ ထားဝယ်တိုင်းရင်းသားပါတီ အဖွဲ့ဝင်တစ်ဦးက အမျိုးသားများသည် ယခုအချိန်အထိ သဘောတူညီမှု ရရှိအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်းနှင့် အမျိုးသမီးများသာ ပါဝင်ဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးကို ယခုထက် မြန်မြန် ရနိုင်မည်ဖြစ်ကြောင်း ပြောပါသည်။ အကြောင်းမှာ "အမျိုးသမီးများတွင် မိခင်စိတ် ရှိသောကြောင့်" ဖြစ်သည်ဟု ဆိုပါသည်။[168] ပို၍ တိကျစွာဆိုရလျှင် အမျိုးသမီးများသည် ဂရုစိုက်တတ်သည့်၊ ပြုစုပျိုးထောင်ပေးလိုသည့် စိတ်ထားများ ရှိအောင် လူမှုပုံသွင်းခြင်းကို ခံယူထားပြီးသူများ ဖြစ်သောကြောင့် ဖြစ်ပါသည်။

## အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုအတွက် အတားအဆီးများ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ AGIPP ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင် ဆောင်ရွက်နေသည့် လူသိများ ကျော်ကြားသော အမျိုးသမီးခေါင်းဆောင်များကဲ့သို့ အနည်းငယ်မျှသာရှိသည့်တိုင် အရေးပါလှသည့် စံနမူနာပြ ထက်မြက်သော အမျိုးသမီးခေါင်းဆောင်များ ရှိနေပါသည်။ အမျိုးသမီးခေါင်းဆောင် များက အခြားအမျိုးသမီးများအား ပံ့ပိုးအားပေးလျက်ရှိသော်လည်း အမျိုးသမီးများ၏ မိမိကိုယ်မိမိ ယုံကြည်မှုမှာ နည်းပါးနေဆဲ ဖြစ်ပါသည်။ ထိုအတွက်ကြောင့် အနည်းငယ်မျှသော အမျိုးသမီးခေါင်းဆောင်များကသာ ဖိုရမ်နှင့် အစည်းအဝေးအမျိုးမျိုးတွင် လှည့်ပတ်တက်ရောက်နေရပြီး လုပ်ငန်းစဉ်၏ အဆင့်များအားလုံးတွင် မတူကွဲပြားသော အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝထိရောက်သော ပါဝင်ဆောင်ရွက်မှုကို မရရှိသည့် အခြေအနေဖြစ်နေပါသည်။ ဤအခြေအနေကို ပြောင်းလဲပစ်ရန်အတွက် အမျိုးသမီးခေါင်းဆောင်များက အစိုးရဝန်ကြီးဌာနများအား အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေမည့် စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ပြဋ္ဌာန်းပေးရန် တိုက်တွန်း တောင်းဆိုလျက်ရှိပါသည်။[169]

ကိုယ်စားလှယ်အရေအတွက်ကန့်သတ်ချက်ကြောင့် အခမ်းအနား၊ ဆွေးနွေးပွဲ သို့မဟုတ် သင်တန်းတစ်ခုသို့ ပါတီ တစ်ခုမှ ကိုယ်စားလှယ်တစ်ဦးကိုသာ လွှတ်ရမည်ဆိုသောအခါ မည်သည့်အုပ်စုကမျှ (အစိုးရ၊ EAO သို့မဟုတ် CSO) အမျိုးသမီးကိုယ်စားလှယ်များကို လွှတ်မည်မဟုတ်ပါ။ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်နှင့် အစည်းအဝေးများ သို့မဟုတ် သင်တန်းများတွင် ဂျန်ဒါ ညီမျှစေရန်အတွက် တစ်အုပ်စုမှ နှစ်ဦးစီ ဖိတ်ကြားပြီး တစ်ဦးသည် အမျိုးသမီးဖြစ်သင့်သည်ဟု သတ်မှတ်ပေးသင့်ပါသည်။ ထို့ပြင် လူမှုအဖွဲ့အစည်းတစ်ခုလုံးတွင်လည်း ဂျန်ဒါအသိပညာ ဖြန့်ဝေမှုများ လိုအပ်ပြီး ကျောင်းသင်ရိုးညွှန်းတမ်းများ၊ အစိုးရနှင့် လူမှုရေး သင်တန်းများတွင်

167 ထားဝယ်ရှိ တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

168 ထားဝင်ရှိ FGD များ၊ ၂၀၁၇ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

169 JMC အဖွဲ့ဝင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ တောင်ကြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ၊

ထည့်သွင်းသင့်သလို အဖွဲ့အစည်းများ၏ မူဝါဒများတွင်လည်း အမျိုးသမီး ၃၀% ခွဲတမ်းပါဝင်ရန် သတ်မှတ်ပေးသင့်ပါသည်။ အမျိုးသမီးစံနမူနာပြပုဂ္ဂိုလ်များ ပေါ်ထွက်လာမှုသည့် ပိုမိုကျယ်ပြန့်သော လူ့ဘောင်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးအတွက် အကျိုးပြုနိုင်မည်ဟု မျှော်လင့်ခဲ့ပါသည်။ ဤဆွေးနွေးပြောဆိုချက်များတွင် လိုနေ၊ လပ်နေသည့် အရာတစ်ခုမှာ အမျိုးသားကြီးစိုးသည့် ဂျန်ဒါစံများသည် အမျိုးသားများအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက် မှု ရှိနိုင်ပုံနှင့် ကျားမတန်းတူညီမျှမှု ပိုမို ရရှိလာပါက အမျိုးသားများလည်း ရရှိနိုင်မည့် အကျိုးကျေးဇူးများကို နားလည်သိရှိမှုပင် ဖြစ်ပါသည်။ ဤအချက်ကိုသာ နားလည်သိရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမရှိမှုများကို ဖယ်ရှားရာတွင် ပါဝင်ဆောင်ရွက်ချင်လာအောင် နှိုးဆော်ပေးနိုင်ပါသည်။

တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသားများက "အမျိုးသမီးတွေ ပါဝင်ဆောင်ရွက်မှုမှာ ဘာအတားအဆီးမှ မရှိပါဘူး" ဟု အခိုင်အမာဆိုကြပါသည်။[170] တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးများ၏ အမြင်မှာမူ များစွာ ကွာခြားနေပါသည်။ အမျိုးသမီးများက ၎င်းတို့၏ အဓိပ္ပါယ်ပြည့်ဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှုတွင် ဖြစ်ပေါ်နေသည့် အဟန့်အတား အမျိုးမျိုးကို ပြောပြကြပါသည် - ၎င်းတို့မှာ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ အိမ်တွင်းရေးနှင့် သတင်းအချက်အလက် ဆိုင်ရာ အတားအဆီးများ ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသားများသည် များသောအားဖြင့် အမျိုးသမီး များ၏ ပါဝင်ဆောင်ရွက်မှုအပေါ် ထိုသို့ အတားအဆီးမျိုးစုံ ရှိနေပြီး အဆိုပါအတားအဆီးများ ပေါင်းစုကာ ဖြစ်ပေါ် လာသည့် သက်ရောက်မှုများကို နားလည်ကြဟန်မတူပါ။ အမျိုးသားများ ရရှိနေသည့် အခွင့်ထူးများအကြောင်း နှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုများအကြောင်းကို နားလည်သိရှိမှု မရှိကြဘဲ အမျိုးသမီးများ ပါဝင်မှုနည်းပါးရ ခြင်းမှာ အဖွဲ့အစည်းစနစ်များတွင် အမြစ်တွယ်နေသည့် အကြောင်းရင်းခံများကို အသိအမှတ်ပြုဖြေရှင်းပေးရမည့် အစား "ကိုယ်ရည်ကိုယ်သွေး ကွဲပြားမှုများ" သို့မဟုတ် စိတ်ဝင်စားမှု မရှိခြင်းကြောင့်ဟု အကြောင်းပြကြပါသည်။ မြင်သာထင်ရှားမှုမရှိသည့် ယူဆချက်များကို ပိုမိုနားလည်သိမြင်လာစေရန်အတွက် အဆိုပါအတားအဆီးများကို ပြောဆိုသူများနှင့် နားထောင်သူများအတွက် ပိုမို မြင်သာထင်ရှားလာအောင် လုပ်ဆောင်ပေးဖို့ လိုအပ်နေပါသည်။ ထိုအတွက် အမျိုးသားများရော၊ အမျိုးသမီးများကိုပါ အသိပညာမြှင့်တင်ပေးရန်လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့သည် လူမှုပုံသွင်းထားသော မျှော်လင့်ချက်များ၏ ကန့်သတ်မှုများမရှိဘဲ ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

တပ်မတော်၏ အဖွဲ့အစည်းဆိုင်ရာ အလေ့အထအရ၊ အထူးသဖြင့် အဆင့်မြင့်ရာထူးနေရာများတွင် ယောကျ်ားပီသမှု လက္ခဏာများအား စစ်ပုံစံသွင်းကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လုပ်ရိုးလုပ်စဉ်နှင့်အညီ တင်းကျပ်စွာ လိုက်နာလုပ်ဆောင်စေရန် ပုံသွင်းထားသည့်အတွက် အပေးအယူညှိနှိုင်းကာ အဖြေရှာရသည့်အခါများတွင် ဆုံးဖြတ် ချက်ချပေးနိုင်ခြင်း မရှိပါ။ ထို့ကြောင့် နှစ်ဦးနှစ်ဖက် ကြိုတင်တွေ့ဆုံသည့် အစည်းအဝေးများတွင် ကြိုတင်ပြင်ဆင် သဘောတူညီချက်ရယူထားခြင်းသည် ပိုမို အကျိုးရှိနိုင်ပြီး အများပြည်သူရှေ့မှောက်တွင် ကျင်းပသည့် အစည်းအဝေး များ၌ မည်သည့်ဘက်မျှ "သိက္ခာကျ" စရာမလိုဘဲ ဖြေရှင်းရမည့် နည်းလမ်းများကို ရှာဖွေနိုင်မည်ဖြစ်သည်။[171]

အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် အတားအဆီးများတွင် အောက်ပါတို့ ပါဝင်ပါသည် -[172]

- **ကလေးပြုစုစောင့်ရှောက်ခြင်းနှင့် အိမ်မှုကိစ္စတာဝန်များ** - အမျိုးသမီးခေါင်းဆောင်များအပါအဝင် အမျိုးသမီး အများစုသည် ကလေးပြုစုစောင့်ရှောက်မှုနှင့် အိမ်မှုကိစ္စများကို တာဝန်ယူကြရသည့်အတွက် အစည်းအဝေးများကို တက်ရောက်ရန် ခက်ခဲပါသည်။ တက်ရောက်နိုင်ရန်အတွက် ကလေးထိန်းရန် စီစဉ်ရခြင်း သို့မဟုတ် ကလေးပါ ခေါ်လာရခြင်းတို့ကြောင့် အမျိုးသားများထက် ငွေနှင့်အချိန် ပိုသုံးရပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နှောင့်နှေးမှုများနှင့် အစည်းအဝေးများကို အချိန်ကပ်ကာ အကြောင်းကြားမှုများ ရှိသဖြင့် အမျိုးသမီးများအတွက် ကြီးမားသော အတားအဆီးများ ဖြစ်ပေါ်လျက် ရှိပါသည်။
- **လူမှုရေးနှင့် ဂျန်ဒါ စံသတ်မှတ်ချက်များ** - အများပြည်သူနှင့်သက်ဆိုင်သောနေရာများနှင့် နိုင်ငံရေးနှင့် သက်ဆိုင် သော နေရာများ (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင်) သည် အမျိုးသားများအတွက်သာ ဖြစ်သည်ဟု သတ်မှတ်

170 အမျိုးသား JMC အဖွဲ့ဝင်၏ ပြောကြားချက်အား ကိုးကားချက်၊ တနင်္သာရီ၊ CSO နှင့်ပြုလုပ်သည့် KII ၊ ထားဝယ်၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃ ရက်၊

171 CSO နှင့် တွေ့ဆုံမေးမြန်းမှု၊ ရန်ကုန်၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ၊

172 အသေးစိတ်သိလိုပါက Human Rights Watch ၏ ဂုဏ်သရေရှိ အမျိုးသားတစ်ဦး၏ သဘောတူညီချက် (A gentleman’s agreement)၊ ၂၀၁၆ ဩဂုတ်လ၊ PSF၊ အမျိုးသမီးတွေ အသင့်ဖြစ်နေပြီ (The women are ready) နှင့် AGIPP ဝက်ဆိုက်ပေါ်ရှိ မူဝါဒစာတမ်းတိုနှင့် ဆန်းစစ်လေ့လာချက်အမျိုးမျိုးကိုလည်း လေ့လာဖတ်ရှုပါရန်၊

ထားပြီး အမျိုးသမီးများ၏ အသံများအား တရားမဝင်သကဲ့သို့ မှတ်ယူထား ကြပြီး ယင်းကြောင့် မကြာခဏဆိုသလို ပိုမို သိမ်မွေ့သည့် ခွဲခြားဆက်ဆံမှု ပုံစံများကို ဖြစ်ပေါ်စေပါသည်။ ဥပမာ အမျိုးသမီးများက IDP များ၏ ကျန်းမာရေး သို့မဟုတ် ပညာရေးဆိုင်ရာ အရေးကိစ္စများ သို့မဟုတ် SGBV ကိစ္စကို တင်ပြသောအခါ အမျိုးသား ကိုယ်စားလှယ်များက ယင်းကိစ္စများသည် အပစ် အခတ်ရပ်စဲရေး အခြေအနေများ သို့မဟုတ် ပိုင်နက်နယ်မြေ အငြင်းပွားမှုများနှင့် စပ်လျဉ်းသည့် လုံခြုံရေးညှိနှိုင်းဆွေးနွေးမှုများလောက် အရေးမကြီးဟု ပယ်ချတတ်ကြပါသည်။ အမျိုးသမီးများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်သည့် အရည်အချင်း ရှိ/မရှိ ဆိုသည်နှင့် စပ်လျဉ်း၍လည်း လူသိရှင်ကြား မေးခွန်းထုတ်လေ့ရှိကြပါသည်။ သို့သော် အမှန်စင်စစ် လွှတ်တော်ကဲ့သို့သော အဖွဲ့အစည်းများတွင် ပျမ်းမျှအားဖြင့် အမျိုးသမီးများ၏ ပညာအရည်အချင်းသည် အမျိုးသားများထက် ပိုမြင့်ပါသည်။[173] "အမျိုးသမီးဦးဆောင်မယ်ဆိုရင် ကျွန်တော်မပါချင်ဘူး" ဟု အမျိုးသမီးများ၏ ဦးဆောင်မှုကို ပေါ်ပေါ် ထင်ထင်ဆန့်ကျင်သည့် အမျိုးသားမှာမူ အနည်းငယ်ခန့်သာ ရှိပါသည်။"[174]

- **လူမှုရေးအတားအဆီးများကို နားလည်မှုလွဲခြင်း** - အမျိုးသားအကျိုးသက်ဆိုင်သူများ (နှင့် ဂျန်ဒါ အတွက် လုပ်ဆောင်နေခြင်းမရှိသည့် လူသိများကျော်ကြားသော အမျိုးသမီးအချို့) က အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု မရှိခြင်းသည် စိတ်ဝင်စားခြင်းမရှိ၍ဟု စွဲစွဲမြဲမြဲ ယုံကြည်ကြပါသည်။ စိတ်ဝင်စားသော အမျိုးသမီးများ လက်တွေ့ ရင်ဆိုင် နေရသည့် လူမှုရေး အတားအဆီးများကို နားလည်သိရှိခြင်း မရှိကြပါ။
- **လုံခြုံရေးနှင့် လွတ်လပ်စွာသွားလာခွင့်နည်းပါးမှု** - နောက်ထပ်အတားအဆီးတစ်ခုမှာ အမျိုးသမီးများအား ဘေးကင်းလုံခြုံအောင် ထားရမည်ဟူသည့် ကျားမရေးရာစံသတ်မှတ်ချက်များနှင့်အညီ ပဋိပက္ခဒေသများတွင် အမျိုးသမီးများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှု ဖြစ်ပါသည်။ အစည်းအဝေးများ တက်ရောက်ရန် ခရီးသွားလာသောအခါတွင် အမျိုးသမီးများ၏ လုံခြုံရေးကို အာမမခံနိုင်၍ ဖြစ်သည်။ သို့သော် ထိုအတွက် တုံ့ပြန်မှုမှာ တန်းတူညီမျှ မရှိမှု၏ အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းပေးခြင်း သို့မဟုတ် လုံခြုံမှုမရှိရခြင်း၏ အကြောင်းရင်းများကို ဖယ်ရှားပေးခြင်းထက် 'ကာကွယ်စောင့်ရှောက် ရန်အတွက်' ဟု ဆိုကာ အမျိုးသမီးများ၏ လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်လိုက်ခြင်းသာ ဖြစ်ပါသည်။

Free Expression Myanmar က ထိရှလွယ်မှုအရှိဆုံး ဂျန်ဒါနှင့် ဆက်နွယ်သည့် မပြောအပ်၊ မလုပ်အပ်ဟု တားမြစ်ထားသော ကိစ္စရပ်များ (မတူကွဲပြားသော SOGI ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ သားဆက်ခြားခြင်းကို အားပေးမြှင့်တင်ခြင်း သို့မဟုတ် အမျိုးသမီးများ၏ ခေါင်းဆောင်မှု) တွင် အမျိုးသားများ၏ အခွင့် အာဏာကို စောဒက တက်ကြသော အမျိုးသမီး လူ့အခွင့်အရေး လှုပ်ရှားသူများသည် GBV အန္တရာယ်ကို ပိုမိုရင်ဆိုင်ကြရသည်ဟု ဆိုပါသည်။[175] အတွေ့ရအများဆုံး တိုက်ခိုက်မှုများမှာ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်း၊ နာမည်ဖျက်ခြင်းတို့ ဖြစ်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားကြီးစိုးမှု၊ စစ်ဝါဒီဆန်မှုနှင့် ဘာသာရေးအစွန်းရောက်မှုများက ထိုအခြေ အနေများကို ပိုမို ဆိုးရွားစေပါသည်။[176] အမျိုးသားကြီးစိုးမှုကို စောဒကတက်ကာ အဆိုပါကိစ္စရပ်များအား ထုတ်ဖော်ပြောဆိုသော အခါ အမျိုးသမီးများသည် ကြီးမားသော ထိခိုက်ဆုံးရှုံးမှုများ၊ ဝိုင်းပယ်မှုများကို ရင်ဆိုင်ကြရပါသည်။ အထူးသဖြင့် နိုင်ငံအဆင့် စင်မြင့်တွင် ပြောဆိုဆွေးနွေးသောအခါတွင် ဖြစ်ပါသည်။

## အမျိုးသားများ ပါဝင်ဆောင်ရွက်မှုအတွက် အတားအဆီးများ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်အတွက် အတားအဆီးများကို ကြုံတွေ့ရသူများမှာ အမျိုးသမီးများသာ မဟုတ်ပါ၊ တိုင်းရင်းသားလူနည်းစုများမှ အမျိုးသားကိုယ်စားလှယ်များသည်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်ကြရပါသည်။ ထားဝယ်မြို့အပြင်ဘက် ကျေးလက်ဒေသများမှ အမျိုးသားများအတွက် သွားရေးလာရေးနှင့် ဆက်သွယ်ရေး သို့မဟုတ် သတင်းအချက်အလက်စီးဆင်းမှုများကို လက်လှမ်းမီခြင်း မရှိခြင်းကြောင့် ပါဝင်ဆောင်ရွက်ရာတွင် အဟန့်အတား ဖြစ်နေပါသည်။ ထို့ပြင် ထိုအမျိုးသားများသည် ငြိမ်းချမ်းရေး လုပ်ဆောင်မှုများတွင် ပါဝင်ခြင်းထက်

173 ရွှေရွှေစိန်လတ်၊ K.N.B. Ninh ၊ မီမီကျော်မြင့်နှင့် S. Lee၊ ဧပြီ၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု - အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများ၊ ၂၀၁၁-၂၀၁၆၊ ရန်ကုန်၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၇၊

174 ဆန်းစစ်လေ့လာမှုအလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်၊ ရန်ကုန်၊ ၂၀၁၇ စက်တင်ဘာ၊

175 O. Spencer နှင့် Y. ရတနာသိန်း၊ အဓမ္မပြုကျင့်မှု၏ အကြောင်းရင်းမှန်များကို လျစ်လျူရှုထားခြင်း (Ignoring the real reasons for rape)၊ Frontier ၊ ၂၀၁၈ ဧပြီ ၆၊ https://frontiermyanmar.net/en/ignoring-the-real-reasons-for-rape

176 Ibid.

၎င်းတို့၏ စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းမှုများတွင် ပိုမို အာရုံစိုက်ကြပါသည်။ ကျေးလက်ဒေသများမှ အမျိုးသားများရော၊ အမျိုးသမီးများပါ သယ်ယူပို့ဆောင်ရေးနှင့် သတင်းအချက်အလက်များ လက်လှမ်းမီရေးတွင် အခက်အခဲများ ရှိသလို စားဝတ်နေရေးအတွက် အာရုံစိုက်ရန်လည်း လိုအပ်ပါသည်။ ဖြေဆိုသူအချို့က အရက်နှင့် မူးယစ်ဆေးဝါးများကို အလွယ်တကူ ရရှိနေမှုက အမျိုးသားများအား ပါဝင်ဆောင်ရွက်ရန် "သင့်တော်သည့် စိတ်အခြေအနေတွင် မရှိအောင်" တားဆီးထားသည်ဟု ယုံကြည်ကြပါသည်။[177] ရပ်ရွာအဆင့်တွင် မိသားစုဝင်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံရေးလုပ်ခြင်းနှင့်အတူတူပင် ဖြစ်သည်ဟု ထင်သော ကြောင့် မိသားစုအတွက် အန္တရာယ်ရှိသည်ဟု ယူဆပါသည်။ ထိုအကြောင်းကြောင့် လူငယ်အမျိုးသားများ ပါဝင်ခြင်း ကို သဘောမကျကြပါ (အမျိုးသမီးငယ်များ၏ ပါဝင်မှုကို ပို၍ပင် သဘောမကျပါ)။ ယင်းသည် ၁၉၈၈ ခုနှစ်၊ ၁၉၉၀ ပြည့်လွန်နှစ်များနှင့် ၂၀၀၇ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုများအား အကြမ်းဖက်နှိမ်နင်းခဲ့ခြင်း၏ ရေရှည်အကျိုးသက်ရောက်မှုတစ်ခု ဖြစ်နိုင်ပါသည်။

တိုင်းရင်းသားအမျိုးသားအများစုအတွက် ဗမာစကားသည် မိခင်ဘာသာစကား မဟုတ်ပါ။ သို့တိုင်အောင် ရန်လိုသည့် စစ်ဘက်ဆိုင်ရာ အဆင့်မြင့်ရာထူးရှိသော အတိုက်အခံများနှင့် တွေ့ဆုံဆွေးနွေးမှုများတွင် ဗမာဘာသာစကားဖြင့် ဆက်သွယ်ပြောဆို ညှိနှိုင်းနိုင်ဖို့ လိုအပ်ပါသည်။ ၎င်းတို့သည် ခြိမ်းခြောက်မှုများ၊ အပေးအယူညှိနှိုင်းနိုင်သည့် အတိုင်းအတာအလွန်နည်းပါးပြီး ရပ်တည်ချက်များကို ပုံသေဆုပ်ကိုင်ထားသော တပ်မတော်ကိုယ်စားလှယ်များနှင့် ရင်ဆိုင်ကြ ရပါသည်။ အခြားနိုင်ငံများရှိ ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများတွင် အတိုက်အခံဘက်မှ ကိုယ်စားလှယ်များနှင့် စားရင်းသောက်ရင်း အလွတ်သဘော ဆက်ဆံရေးများ ရှိနိုင်ပါသည်။ သို့သော် နေပြည်တော်တွင် EAO များ၊ တပ်မတော်နှင့် MP များသည် တစ်နေရာတည်းတွင် တည်းခိုနေထိုင်ကြခြင်း မဟုတ်သည့်အတွက် ထိုကဲ့သို့သော အလွတ်သဘော ထိတွေ့မှုများမှာလည်း ရှားပါးပါသည်။[178] တရားဝင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းတွင် ပါဝင်တက်ရောက်သော အမျိုးသားအများစုသည် ပဋိပက္ခတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော အကြီးတန်းအဆင့်မှ ပုဂ္ဂိုလ်များ (အသက် ၅၀ ကျော်) ဖြစ်ကြပါသည်။ အငယ်တန်းအဆင့်မှ အမျိုးသားများသည် အပစ်အခတ်ရပ်စဲထားသည့် အချိန်ကာလများတွင် ထိုကဲ့သို့သော ရှေ့တန်းမှ တိုက်ခိုက်ခဲ့သည့် အတွေ့အကြုံများ မရရှိနိုင်ပါ။ ထိုအချက်ကို အသုံးပြုကာ အကြီးတန်းခေါင်းဆောင်များက ၎င်းတို့၏ သြဇာလွှမ်းမိုးနိုင်မှုကို ကန့်သတ်ထားပါသည်။[179]

ရပ်ရွာအဆင့်တွင် တွေ့ဆုံမေးမြန်းခဲ့သူများက အောက်ခြေအဆင့်တွင် ပဋိပက္ခကြောင့် ခံစားခဲ့ရသည့် ဒုက္ခများ၊ နစ်နာဆုံးရှုံးမှုများအား အဆင့်မြင့် ဆွေးနွေးပွဲများတွင် လုံလောက်စွာ ထည့်သွင်းစဉ်းစားမှု မရှိဟု ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားကြပါသည်။ အောက်ခြေအဆင့်မှ အရေးကိစ္စများသည် ဆုံးဖြတ်ချက်ချမှတ်သူများထံ သို့ ရောက်ရှိရန် လိုအပ်ပြီး ဖြေဆိုသူများက အမျိုးသမီးများသည် မိန်းကလေးများနှင့် အမျိုးသမီးများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုကဲ့သို့ 'အသေးစိတ်အချက်အလက်များ' အား ပိုမို သိမြင်နိုင်ဖွယ်ရှိသည်ဟု ယူဆကြပါသည်။ အောက်ခြေအဆင့်မှ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း သေချာစေရန်အတွက် ပါဝင်တက်ရောက်ရန် ဖိတ်ကြားမှုများတွင် အကြီးတန်းရာထူးအဆင့်များသာမက အမျိုးသားများ၊ အမျိုးသမီးများနှင့် တိုင်းရင်းသားများအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ကြားသင့်ပါသည်။ အမျိုးသမီးများသည် JMC သာမက အခြားသော ပိုမိုလက်တွေ့ကျသည့် အောက်ခြေအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်လိုကြပါသည်။ အဆိုပါဖိုရမ်များတွင် ပါဝင်ဆောင်ရွက်နေသော အမျိုးသားများသည် အမျိုးသမီးများက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ သို့မဟုတ် အကြံပြုချက်များကို တင်ပြလာသောအခါ နားထောင်ပေးခြင်းနှင့် လေးစားခြင်းဖြင့် ထူးခြားအောင်မြင်မှုများ ရရှိအောင် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

177 ရှမ်းပြည်နယ်တောင်ပိုင်းရှိ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

178 CSO နှင့်တွေ့ဆုံမေးမြန်းမှု၊ ရန်ကုန်၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ

179 ရှမ်းပြည်နယ်တောင်ပိုင်းရှိ တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၇ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း၊

# ၄။ သုံးသပ်ချက်များနှင့် အကြံပြုချက်များ

ဤအစီရင်ခံစာတွင် အမျိုးသမီးများ၊ အမျိုးသားများနှင့် မတူကွဲပြားသော SOGI ရှိသူများအပေါ် ပဋိပက္ခ၏ သက်ရောက်မှု အမျိုးမျိုးကို ထည့်သွင်းစဉ်းစားကာ ပဋိပက္ခ၊ လက်နက်ကိုင်သူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အားထုတ်ကြိုးပမ်းမှုများအား ကျားမရေးရာ ရှုထောင့်မှ ဘက်စုံဆန်းစစ်လေ့လာမှုပြုရန် ကြိုးပမ်းထားပါသည်။ နမူနာအဖြစ် လေ့လာခဲ့သည့် နေရာဒေသများတွင် နိုင်ငံရေးအကျဉ်းချခံရမှု၊ အတင်းအကြပ်အလုပ်စေခိုင်းမှု သို့မဟုတ် သမားရိုးကျကျားမအုပ်စုနှစ်မျိုးတွင် မပါဝင်သည့် အမျိုးသားများကဲ့သို့ အမျိုးသားများ တွေ့ကြုံခံစားရသည့် ထိခိုက်လွယ်မှုအမျိုးအစား အမျိုးမျိုးကို တွေ့ရှိခဲ့ရပါသည်။ ထပ်မံထွက်ရှိလာမည့် သီးခြားပုံနှိပ်ထုတ်ဝေသော အစီရင်ခံစာတွင် မြေယာပဋိပက္ခများ၊ SGBV ၊ အရက်သေစာမူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ရွှေ့ပြောင်းသွားလာမှုအပါအဝင် ဒေသန္တရအဆင့် ပဋိပက္ခများနှင့်ဆက်နွယ်သော ထိခိုက်လွယ်မှုများကို တင်ပြသွားမည်ဖြစ်ပါသည်။

အမျိုးသားများအပေါ် ထားရှိသော မျှော်လင့်ချက်နှစ်မျိုးဖြစ်သည့် မိသားစုအား ကာကွယ်စောင့်ရှောက်ရန်နှင့် ရှာဖွေကျွေးမွေးရန်ဟူသည့် မျှော်လင့်ချက်များသည် ၎င်းတို့၏ အဆင့်အတန်းကိုထိန်းသိမ်းရန် သို့မဟုတ် တိုးမြှင့်ရန် ကြိုးပမ်းမှုများနှင့် ဆက်နွယ်လျက် လက်နက်ကိုင်အကြမ်းဖက်မှု သို့မဟုတ် ဆန့်ကျင်ဘက်အနေဖြင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုများတွင် ပါဝင်ဆောင်ရွက်ရန် တွန်းအားပေးနိုင်ပါသည်။ တပ်အင်အားလျှော့ချခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း အစီအစဉ်များကို ဒီဇိုင်းရေးဆွဲသောအခါ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအတွက် အကြမ်းဖက်မှုနှင့် မသက်ဆိုင်သည့် အသက်မွေးမှုလုပ်ငန်းများ ရရှိအောင် ကူညီပံ့ပိုးပေးနိုင်ရန် ရှေ့တန်းတွင် တိုက်ပွဲဝင်ခဲ့ရမှုနှင့် စီးပွားရေးစိန်ခေါ်မှုများ၏ စိတ်-လူမှုရေးပိုင်းဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများသည် ထည့်သွင်းစဉ်းစားရမည့် ကိစ္စများ ဖြစ်ပါသည်။ ထိုကဲ့သို့သော အစီအစဉ်ဒီဇိုင်းသည် ဂျန်ဒါ ဘက်စုံဆန်းစစ်လေ့လာမှုတစ်ခုအပေါ်တွင် အခြေခံသင့်ပါသည်။

အမျိုးသမီးအဖွဲ့အစည်းအများအပြားသည် ပါဝင်ဆောင်ရွက်သည့် အမျိုးသမီးအရေအတွက် ကို ရေတွက်ကာ ၃၀% ပါဝင်ခွင့်ရရန် တွန်းအားပေးဆွေးနွေးခြင်း၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိစ္စကို အသားပေးတင်ပြခြင်းများအား ဦးတည်ဆောင်ရွက်လာခဲ့ပါသည်။ ဂျန်ဒါအား ကဏ္ဍများအားလုံးတွင် ပေါင်းစပ်ထည့်သွင်းရန် ဆောင်ရွက်ခြင်းများ နည်းပါးပါသည်။ မည်သည့်အခါမျှ အမျိုးသမီးများကိုသာ ဦးတည်သည့် ပုံစံဖြင့် သီးခြားမဆောင်ရွက်သင့်ပါ။ လူမှုရေးကဏ္ဍမှ စီးပွားရေးကဏ္ဍ၊ သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် လုံခြုံရေးကဏ္ဍများအထိ ကဏ္ဍများအားလုံးတွင် အားကောင်းသော ကျားမရေးရာ ဆန်းစစ်ဓလေ့လာမှုကို ပြုလုပ်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် များစွာ ပိုမိုအားကောင်းလာမည်ဖြစ်ပါသည်။ အဆိုပါကဏ္ဍများရှိဂျန်ဒါ အတွေ့အကြုံအသီးသီးအား ပိုမို အသေးစိတ်ဆန်းစစ်လေ့လာခြင်းဖြင့် မတူကွဲပြားသော အကျိုးသက်ဆိုင်သူအုပ်စုများ၏ အမျိုးမျိုးသော လိုအပ်ချက်များနှင့် ဦးစားပေးများကို ကိုယ်တွယ်ဖြေရှင်းပေးနိုင်ခြေ တိုးပွားလာပြီး ရေရှည်တည်တံ့၍ အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေး သဘောတူညီမှုတစ်ခု ရရှိနိုင်ခြေလည်း တိုးပွားလာမည်ဖြစ်ပါသည်။ နောက်ဆုံးရရှိလာသည့် သဘောတူညီချက်မှန်သမျှအား အကောင်အထည်ဖော်မှုတွင်လည်း လူမှုရေး ပေါင်းစည်းထည့်သွင်းခြင်းနှင့် ဂျန်ဒါ သက်ရောက်မှုများ ကို စောင့်ကြည့်လေ့လာသွားဖို့လည်း လိုအပ်ပါလိမ့်မည်။ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် လက်ရှိဦးတည်ဆောင်ရွက်နေမှုများသည် အများ၏ တုံ့ပြန်မှု သို့မဟုတ် အမျိုးသားများနှင့် ၎င်းတို့၏ အရေးကိစ္စများအား လျစ်လျူရှုသည်ဟု ရှုမြင်သည့် အစီအစဉ်ဆောင်ရွက်မှုများအား ဆန့်ကျင်မှုများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်ရှိပါသည်။ ကျားမအားလုံးကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ပဋိပက္ခနှင့် ပဋိပက္ခလွန် ကာလအပိုင်းအခြားများတွင် ဂျန်ဒါကိစ္စများသည် အမျိုးသားများအတွက်ရော၊ အမျိုးသမီးများအတွက်ပါ အဘယ်ကြောင့် အရေးကြီးသည်၊ ထို့အတွက်ကြောင့် ငြိမ်းချမ်း၍ ကျားမသာတူညီမျှမှု ပိုရှိသော မြန်မာနိုင်ငံအား တည်ဆောက်ရာတွင် အမျိုးသားများရော၊ အမျိုးသမီးများပါ အဘယ်ကြောင့် ပါဝင်ဆောင်ရွက်သင့်သည်ဆိုသည်ကို ပိုမို ရှင်းလင်းစွာ ပြသနိုင်မည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်များအား ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိသော အစိုးရ၊ EAO များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများအတွက် အကြံပြုချက်များ

### ခြုံငုံအကြံပြုချက်များ

- **ဂျန်ဒါသည် အမျိုးသမီးများကိုသာ ဆိုလိုခြင်းမဟုတ်ကြောင်း** သိရှိရန် လိုအပ်ပါသည်။ ဂျန်ဒါဆိုသည်မှာ လူမှုအသိုင်းအဝိုင်းမှ ဖန်တီးထားသော အမျိုးသားများ၊ အမျိုးသမီးများနှင့် မတူကွဲပြား သော SOGI ရှိသူများကြား ကွာခြားချက်များအား နားလည်သိရှိမှုကို ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုသို့ နားလည် သိရှိရန်အတွက် အမျိုးသားများ၊ အမျိုးသမီးများနှင့် မတူကွဲပြားသော SOGI ရှိသူများကြား အခွင့်အာဏာ ဆက်နွယ်မှုကို စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။ ကျားမရေးရာနှင့် အခြားသော ဝိသေသခံယူမှုလက္ခဏာ များဖြစ်သည့် အသက်အရွယ်၊ တိုင်းရင်းသားလူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ လူမှုစီးပွားအဆင့်/အလွှာ၊ ပညာ ရေးနှင့် မသန်စွမ်းမှု၊ စသည်တို့ကြား အပြန်အလှန်ဆက်နွယ်ချိတ်ဆက်နေမှုများကို ထည့်သွင်းစဉ်းစားသည့် intersectional ရှုထောင့်မှ ချဉ်းကပ်ရန် လိုအပ်ပါသည်။
- **အမျိုးသားများနှင့် ယောကျ်ားလေးများသည် ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍတွင် တစ်စိတ်တစ်ပိုင်း ပါဝင်နေခြင်း**ကို အသိအမှတ်ပြုသင့်ပါသည်။ ၎င်းတို့သည် အမျိုးသားများ သို့မဟုတ် ယောကျ်ားလေးများ ဖြစ်နေသည့်အတွက် နည်းလမ်းအချို့ဖြင့် ပြုမူဆောင်ရွက်ရန် လူမှုအသိုင်းအဝိုင်းမှ မျှော်လင့်ချက်များ ထားရှိပါသည်။ လိင်ဝိသေသခံယူမှုများသည် အခွင့်အာဏာနှင့် အခွင့်အာဏာပြသမှု သဘောတရားများနှင့် ခွဲခြားမရအောင် ဆက်နွယ်ချိတ်ဆက်နေသည့်အတွက် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ မည်သို့နှင့် မည်သည့် အကြောင်းကြောင့် ပေါ်ပေါက်လာသည်ကို နားလည်သိရှိရန် ကြိုးပမ်းသောအခါ ထိုမျှော်လင့်ချက်များသည် အရေးပါလာပါသည်။ ယောကျ်ားပီသမှုတွင် ကြီးစိုးနေသော အတွေးအခေါ်များသည် မည်သူက မည်သည့် နည်းဖြင့် အကြမ်းဖက်မှုကို ကျူးလွန်သည်ဆိုသည်နှင့် နီးကပ်စွာ ဆက်နွယ်ပတ်သက်နေပါသည်။ ထိုမျှော် လင့်ချက်များသည် အကြမ်းဖက်မှုနှင့် ပဋိပက္ခတွင် ပါဝင်ဆောင်ရွက်မှုအား တွန်းအားပေးမောင်းနှင်လျက် ရှိပုံကို လျစ်လျူရှုထားခြင်း သို့မဟုတ် နားလည်မှုလွဲမှားခြင်းသည် ပဋိပက္ခကို ဖြစ်စေသည့် အရေးကြီးသော အကြောင်းရင်းများကို မျက်စိလျှမ်းသွားစေပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများ၏ အကျိုးရလဒ်များကို လျော့ပါးသွားစေနိုင်ပါသည်။
- အလားတူပင် **ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်ရေးတို့တွင် ချန်ပီယံများအဖြစ် ပါဝင်ဆောင်ရွက်ပေးနိုင်သော အမျိုးသားများ၏ အခန်းကဏ္ဍ**အား အသိအမှတ်ပြုကာ အစီအစဉ်များ ရေးဆွဲ၍ ပံ့ပိုးပေးနိုင်ရန် လုပ်ဆောင်သူ များအားလုံးက ဆောင်ရွက်သင့်ပါသည်။ အကြမ်းဖက်မှုကို ဆန့်ကျင်ကာ ငြိမ်းချမ်းရေး၊ ဂျန်ဒါညီမျှမှုရှိ ရေးနှင့် လူမှုကျန်းမာရေးနီးပေါင်းစပ်မှုများအတွက် အမျိုးသားများ ရပ်တည်ပြောဆိုခြင်းကို အားပေးမြှင့်တင် နိုင်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်သင့်ပါသည်။ ထိုသို့ ရပ်တည်ပြောဆိုမှုများကို လူငယ်အမျိုးသား များက ဆောင်ရွက်ရန် ထက်သန်နိုင်ပါသည်။ သို့သော် အမျိုးသမီးများ၏ အသံများကိုလည်း နားထောင် ပေးရန် လိုအပ်ပြီး အမျိုးသမီးများ၏ အမြင်များကို တန်းတူ တန်ဖိုးထားဖို့လည်း လိုပါလိမ့်မည်။ ဤအပိုင်း တွင်လည်း အမျိုးသားများကိုဘက်လိုက်သော၊ အမျိုးသားများ ကြီးစိုးသော ပုံစံသစ်တစ်ခု ဖြစ်မလာသင့် ပါသည်။
- အကျဉ်းသားများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းသူအမျိုးသားများ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရသော သို့မဟုတ် ရွှေ့ပြောင်းအခြေချသော အမျိုးသားများ၊ မူးယစ်ဆေးစွဲရာမှ ပြန်လည်ထူထောင်လာသော အမျိုးသားများ၊ လိင်မတူသူချင်းသာ ဆက်ဆံခြင်းဆိုင်ရာ တင်းကျပ်သည့် စံသတ်မှတ်ချက်များနှင့် မကိုက်ညီသူများကဲ့သို့ ထိခိုက်လွယ်သော အမျိုးသားများ၏ လိုအပ်ချက်များကို အသိအမှတ်ပြုရန်နှင့် ကိုင်တွယ်ဖြေရှင်းပေးရန်လည်း လိုအပ်ပါသည်။ လက်ရှိ ယောကျ်ားပီသမှုလက္ခဏာများ ဆိုင်ရာ စံသတ်မှတ်ချက်များအရ 'ထိခိုက်လွယ်မှုများ' ဟူသည့် စကားလုံးအား အထူးဂရုပြုကာ သုံးစွဲသင့် ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကြောင့် ခုခံကာကွယ်တုံ့ပြန်မှုများနှင့် ပါဝင်ဆွေးနွေးမှုမရှိတော့ခြင်း များ ဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်ပါသည်။ သို့သော် **ထိခိုက်လွယ်မှုများ၏ အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်** ပျက်ကွက်ခဲ့လျှင် ဘေးဖယ်ခံရသော၊ ခံပြင်းနေသော အမျိုးသားများ၏ ထောက်ခံမှုကို ထိခိုက်စေနိုင်ပါသည်။ ထိုအမျိုးသားများသည် ၎င်းတို့ကိုယ်ကို ၎င်းတို့ အကြမ်းဖက်ရန် (ဥပမာ အရက်သေစာ မူးယစ်ဆေးဝါး သုံးစွဲခြင်း) သို့မဟုတ် အခြားသူများကို အကြမ်းဖက်ရန် စည်းရုံးလှုံ့ဆော်ခြင်း ခံရနိုင်ခြေများ သော

သူများ ဖြစ်ပါသည်။ သို့ပင်ဖြစ်လင့်ကစား 'ထိခိုက်လွယ်မှုများ' ဟူသည့် စကားကို သတိထား သုံးစွဲသင့်ပါသည်။ ထိခိုက်လွယ်သည်ဟု တံဆိပ်တပ်ခံရခြင်းအပေါ် ခုခံဆန့်ကျင်မှု၊ ပါဝင်ဆွေးနွေးခြင်း မပြုတော့မှုများ ဖြစ်လာနိုင်ပါသည်။ ဤနေရာတွင် ရည်ရွယ်လုပ်ဆောင်သင့်သည်မှာ စွမ်းဆောင်နိုင်မှုကို ငြင်းပယ်ရန် သို့မဟုတ် "မည်သူ အထိခိုက်လွယ်ဆုံးနည်း" ဟု နှိုင်းယှဉ်ရန် မဟုတ်ဘဲ မတူညီသော လူများသည် မည်သို့ ကွဲပြားစွာ ထိခိုက်လွယ်ကြောင်းကို သိရှိအသိအမှတ်ပြုရန်သာ ပဓာနကျပါသည်။

## ငြိမ်းချမ်းရေးရလဒ်များ တိုးတက်ကောင်းမွန်စေရန်အတွက် ဂျန်ဒါ ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အားပေးမြှင့်တင်ခြင်း

- အစိုးရ၊ EAOs နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများအားလုံးသည် **ကျားမတန်းတူညီမျှမှုအား အခွင့်အရေးတစ်ခု ဖြစ်နေခြင်းကြောင့်သာမကဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်နှင့် ရေရှည် တည်တံ့ရန်အတွက် အဓိကသော့ချက်တစ်ခု အနေဖြင့်လည်း အားပေးမြှင့်တင်သင့်ပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ပဋိပက္ခ၏ အကြောင်းရင်းများကို အသွင်းပြောင်းစေပြီး အပြုသဘောဆောင်သော ငြိမ်းချမ်းရေးဖြစ်လာစေရန် အရေးပါသော လုပ်ဆောင်မှုဖြစ်သည်။** ထိုအတွက် ဂျန်ဒါ မျှော်လင့်ချက်များ ရေရှည်ပြောင်းလဲသွားစေရေးနှင့် လူမှုရေးစံများ ပြောင်းလဲစေရေးအတွက် အမျိုးသားများရော၊ အမျိုသမီးများနှင့်ပါ ထိတွေ့ဆက်သွယ်ဆွေးနွေးဆောင်ရွက်ဖို့ လိုပါလိမ့်မည်။
- **ဂျန်ဒါ မတူကွဲပြားမှုများကို လေးစားခြင်း**သည်လည်း မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် လူမှု ကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုအတွက် လုပ်ဆောင်နေသော အဖွဲ့အစည်းများမှ ကူညီပံ့ပိုးပေးဆောင်ရွက်သင့်သည့် လူမှုရေး စံပြောင်းလဲမှုများထဲမှ တစ်ခုဖြစ်ပါသည်။ အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲများ သို့မဟုတ် UPC များတွင် SOGI အရေးကိစ္စများကို ကိုယ်စားပြုဆွေးနွေးသင့်ပါသည်။ သို့မှသာ ၎င်းတို့၏ လုံခြုံရေးကို လျော်ကန်သင့်မြတ်စွာ အလေးထားကာ ၎င်းတို့၏ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။ ထိုအတွက် မြန်မာရုပ်ရှင်များနှင့် ဇာတ်သဘင်များတွင် ကျယ်ကျယ်ပြန့်ပြန့် ပါရှိနေသည့် မတူကွဲပြား သော SOGI ရှိသူများအား အပျက်သဘော ပုံဖော်တင်ပြနေမှုများ အဆုံးသတ်သွားအောင် ဆောင်ရွက်ရန် လည်း လိုအပ်ပါလိမ့်မည်။
- အစိုးရ၊ နိုင်ငံရေးပါတီများ၊ EAO များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများသည် နိုင်ငံရေး ဆွေးနွေးပွဲ၏ အစိတ်အပိုင်းတစ်ခုချင်းစီတွင် ဂျန်ဒါ ရှုထောင့်များကို ဖော်ထုတ်ဆွေးနွေးရန် လိုပါသည်။ ဆိုလိုသည်မှာ အမျိုးသားများနှင့် အမျိုးသမီးများသည် နိုင်ငံရေးဆွေးနွေးပွဲတွင် ကွဲပြားသော နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်နေပုံနှင့် ကွဲပြားသော သက်ရောက်မှုများ ခံယူရပုံကို ဖော်ထုတ်ရန် ဖြစ်ပါသည်။ ၎င်းတို့သည် အစိတ်အပိုင်းတစ်ခုချင်းစီတွင် ငြိမ်းချမ်းရေးအတွက် မည်သို့ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည် ဆိုသည်ကို ဤအချက်က ပုံဖော်ပေးနိုင်ပါလိမ့်မည်။ **အမျိုးသမီးများကို ဦးတည်သော စိမ်ချက်များထက် ကျော်လွန်ကာ ပိုမိုကျယ်ပြန့်သည့် လုံခြုံရေးနှင့် စီးပွားရေး ကိစ္စရပ်များတွင် ဂျန်ဒါ ကိစ္စများကို အသိအမှတ်ပြုကာ ကိုင်တွယ်ဖြေရှင်းရမည်**ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ကနဦးအဆင့် ပဋိပက္ခနှင့် အခြေအနေ ဆန်းစစ်လေ့လာချက်များတွင် ဂျန်ဒါသည် မပါမဖြစ် ပါဝင်ရမည့် အစိတ်အပိုင်းတစ်ခုအဖြစ် သဘောထားဆောင်ရွက်သင့်ပြီး ဂျန်ဒါ အခြေအနေများအပေါ် သက်ရောက်မှုများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်စောင့်ကြည့်လေ့လာမှုများ ရှိသင့်ပါသည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသူများ သို့မဟုတ် ကူညီပံ့ပိုးပေးနေသူများသည် **ကျားမ ရေးရာအား အလေးအနက်ထား**ကာ ပဋိပက္ခနှင့်ဆက်စပ်နေသော အခြေအနေအကြောင်းအချက်များအား လေ့လာဆန်းစစ်မှုဖြင့် စတင်သင့်ပြီး အမျိုးသားများအပေါ် ထားရှိသည့် မျှော်လင့်ချက်များသည် ပဋိပက္ခနှင့် အကြမ်းဖက်မှုတွင် ၎င်းတို့ ပါဝင်ဆောင်ရွက်ဖြစ်အောင် မည်သို့ တွန်းအားပေးနေကြောင်းကို သိရှိအောင် ဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် ထည့်သွင်းစဉ်းစားရန် အရေးကြီးသည့် အချက်မှာ ဂျန်ဒါ မတူညီသော ပဋိပက္ခများတွင် မတူညီသောလူများအတွက် ၎င်းတို့၏ လိင်ဝိသေသခံယူမှုများနှင့် အခြားဝိသေသလက္ခဏာများ၏ အပြန်အလှန်ဆက်နွယ်ချိတ်မှုများပေါ် မူတည်ကာ မည်သို့ ကွဲပြားစွာ လုပ်ဆောင်နေသနည်းဟူသော အချက်ဖြစ်ပါသည်။ ဤသည်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ၎င်းတို့၏ ငြိမ်းချမ်းရေးကို ပံ့ပိုးကူညီပေးနိုင်စွမ်းအား အားပေးမြှင့်တင်နိုင်ပါလိမ့်မည်။
- (အစိုးရတပ်မတော်ဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များဖြစ်စေ၊ CSO များဖြစ်စေ) **SSR နှင့် DDR လုပ်ငန်းစဉ်**အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသူများသည် လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ တပ်သား စုဆောင်းမှု၏ ဂျန်ဒါသဘာဝနှင့် အဆိုပါအခြေအနေများသည် နေရာဒေသမတူလျှင် မည်သို့ပြောင်း

လဲသွားကြောင်းကို နားလည်သိရှိရန် ကြိုးပမ်းသင့်ပါသည်။ တပ်အင်အားလျှော့ချမှုများတွင် အကြမ်းဖက် သည့် အမှုအကျင့်ဆိုးများကို မေ့ဖျောက်ကာ ဒီမိုကရေစီနိုင်သားတစ်ဦး၏ ပိုမိုအပြုသဘောဆောင်သော ဝိသေသ လက္ခဏာများ၊ မတူကွဲပြားမှုများကို လက်ခံနိုင်မှုနှင့် တန်းတူညီမျှမှုတို့ကို ပျိုးထောင်နိုင်အောင် ပံ့ပိုး ကူညီမှုများ ပါဝင်သင့်ပါသည်။ တပ်ဖွဲ့များအားလုံးမှ စစ်မှုထမ်းများသည် အရပ်သားများအဖြစ် ဂုဏ်သိက္ခာ ရှိစွာ နေထိုင်နိုင်စေမည့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းအသစ်များ လိုအပ်ပါလိမ့်မည်။ အကြမ်းဖက်မှုကို တွေ့ကြုံခဲ့ရသူများ နှင့် ပါဝင်ဆောင်ရွက်ခဲ့သူများအတွက် အရက်သေစာမူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် အကြမ်း ဖက်သည့် အပြုအမူ များအား ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများအဖြစ် အသုံးပြုခြင်းများ ဖြစ်မလာ စေရန် စိတ်ပိုင်းနှင့်လူမှုရေး ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ရရှိနိုင်အောင် ဆောင်ရွက်ပေးသင့်ပါသည်။ အဆိုပါ ပံ့ပိုးကူညီမှုနစ်မျိုးစလုံးတွင် လက် နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအပေါ် လူမှုအဖွဲ့အစည်းနှင့် ၎င်းတို့၏ မိသားစုများမှ ထားရှိသော မျှော်လင့်ချက် များကို ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်ပေးရန် လိုအပ်ပါလိမ့် မည်။ SSR လုပ်ငန်းစဉ်တွင် စစ်သားများအားလုံး အတွက် ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ သင်တန်းများပေးကာ ၎င်းတို့အပေါ် ထားရှိသည့် မျှော်လင့် ချက်များကို ပိုမို နားလည်သိရှိကာ တပ်ထဲတွင်၊ နေအိမ်တွင်၊ လူမှုအဖွဲ့အစည်းအတွင်းတွင် လုပ်ဆောင်မည့် ၎င်းတို့၏ လုပ်ဆောင်မှုများအား အသိဉာဏ် ဗဟုသုတ ပိုမိုကြွယ်ဝစွာဖြင့် ရွေးချယ်လုပ်ဆောင်နိုင်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

## အစီအစဉ်ရေးဆွဲဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော အကြံပြုချက်များ

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသော **သတင်းအချက်အလက်များ**သည် အမျိုးသမီး အကျိုးသက်ဆိုင်သူ များထံ ရောက်ရှိကြောင်း သေချာအောင် ဆောင်ရွက်သင့်ပါသည်။ (ဥပမာ - အမျိုးသမီးအဖွဲ့အစည်းများ၊ ကွန်ယက်များ၊ ဘာသာရေးအဖွဲ့အစည်းများ နှင့် ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးစင်တာ (ECCD) များမှတဆင့်ဖိတ်ကြားခြင်း)ရပ်ရွာလူကြီးများသို့မဟုတ် CSO ခေါင်းဆောင်များက သတင်းအချက်အလက်များအား အိမ်ထောင်ဦးစီးများဖြစ်သည့် အမျိုးသားများထံ ပေးအပ်သောအခါတွင်လည်း ၎င်းတို့အား ထိုသတင်းကို ၎င်းတို့၏ မိသားစုဝင်များထံ လက်ဆင့်ကမ်းပေးရန်နှင့် မိသားစုဝင်များ၏ အရေးကိစ္စများ (အမျိုးသမီးများ၏ အရေးကိစ္စများ အပါအဝင်) ကိုလည်း လူကြီးများထံ အသိပေးရန်လိုကြောင်း သတိပေးသင့်ပါသည်။ ရပ်ရွာအဆင့်မှ သတင်း အချက်အလက်များကို ရယူကြသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများသည် တိုက်ရိုက်ကိုယ်စားပြု ပါဝင်ခြင်း မရှိသည့် အမျိုးသမီးများ၏ အရေးကိစ္စများကို တက်ရောက်လာသော အမျိုးသားများထံမှ အရေးတယူ မေးမြန်းသင့်ပါသည်။
- လက်တွေ့လုပ်ငန်းများ ဆောင်ရွက်သည့်အဆင့်တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်အောင် အားပေး ကူညီရန်နှင့် ကျားမ မျှတသော အစည်းအဝေးများ သို့မဟုတ် သင်တန်းများ ဖြစ်လာစေရန်အတွက် **အုပ်စု တိုင်းမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး**ဟူသော သတ်မှတ်ချက်ဖြင့် **ဖိတ်ကြားလျှင်** ပိုကောင်းပါသည်။ အကယ်၍ ပါတီတစ်ခုမှ လူတစ်ဦးတည်းကိုသာ အခမ်းအနားတစ်ခု၊ ဆွေးနွေးပွဲတစ်ခု သို့မဟုတ် သင်တန်း တစ်ခုသို့ ဖိတ်ကြားမည်ဆိုပါက မည်သည့်အဖွဲ့ကမျှ (အစိုးရ၊ EAO သို့မဟုတ် CSO) အမျိုးသမီး ကိုယ်စားလှယ်များကို စေလွှတ်ဖွယ် မရှိပါ။ အမျိုးသမီးကို ဖိတ်ကြားပါက ထိုအမျိုးသမီးအတွက် ခရီးစရိတ် စီစဉ်ပေးခြင်း၊ ကလေးငယ်ရှိပါက ကလေးနှင့် ကလေးထိန်းအတွက် စရိတ်ပံ့ပိုးပေးခြင်းတို့ ပါဝင်သင့်သည်။
- **သင်တန်းများ**တွင် အခွင့်အာဏာ၊ အသက်အရွယ်၊ ကျားမနှင့် ပညာအရည်အချင်းများသည် သင်တန်း သားများနှင့် သင်တန်းဆရာများအားလုံးအတွက်နှင့် ၎င်းတို့ကြားရှိ အပြန်အလှန်တုံ့ပြန်မှုများအတွက် အရေးပါသော အကြောင်းအချက်များ ဖြစ်ပါသည်။ ဂျန်ဒါသင်တန်းများအတွက် ကျားမ၊ အသက်အရွယ်နှင့် တိုင်းရင်းသားများ ရောနှောပါရှိသော သင်တန်းဆရာအဖွဲ့ကို အသုံးပြုရန် စဉ်းစားသင့်ပါသည်။ ဥပမာ အမျိုးသားများသည် အခြားအမျိုးသားများ၊ အထူးသဖြင့် အဆင့်အတန်း/အနေအထား မြင့်မားသည့် အမျိုးသား များမှ ပြောကြားသော အချက်များကို ပိုမို အလေးအနက်ထား သင်ယူနိုင်ပါသည်။ ဂျန်ဒါသင်တန်းများအား အမျိုးသမီးများကိုသာ မပေးသင့်ပါ။ အမျိုးသားများကိုပါ ဦးတည်သင့်ပြီး ဂျန်ဒါညီမျှရေးကို အားပေးမြှင့်တင်ရန် အမျိုးသားများအား တိတိကျကျ တာဝန်ပေးသင့်ပါသည်။ အမျိုးသားများနှင့် အမျိုးသမီးများသည် ကျားမရောနှောသင်ကြားသော သင်တန်းများမှ သင်ယူနိုင်ကြပါသည်။ သို့သော် အချို့သော ကိစ္စရပ်များ၊ ဥပမာ SGBV အတွေ့အကြုံများကို မျှဝေသောအခါ ကျားမ သီးခြားစီခွဲကာ ဆောင်ရွက်လျှင် ပိုမို သင့်တော်ပါသည်။
- အခွင့်အာဏာ မညီမျှမှုများ ပြောင်းလဲပစ်ရန်အတွက် ဒေသအလိုက် ဂျန်ဒါ ဆန်းစစ်လေ့လာချက်များကို အခြေခံကာ ဘက်စုံချဉ်းကပ်ဆောင်ရွက်သော နည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ထိုသို့

ချဉ်းကပ်ဆောင်ရွက်ရာတွင် ၎င်းတို့၏ အခွင့်ထူးများကို ခြိမ်းခြောက်ခံရသည်ဟု ယူဆနိုင်သည့် ရှေးရိုး စွဲအုပ်စုများ သို့မဟုတ် ဖယ်ထုတ်ခံရသည်ဟု ခံစားရနိုင်သူများထံမှ **ဆန့်ကျင်မှုများကို ရှောင်ရှား**နိုင်မည့် နည်းလမ်းဖြင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်သင့်ပါသည်။ အမျိုးသမီးများအတွက် အခွင့်အရေးများ ထပ်ဆောင်းပေးအပ်သည် သို့မဟုတ် တရားမျှတမှုမရှိသော မျက်နှာသာပေးမှုများ ရှိသည်ဟူသည့် အမြင် များသည် အစီအစဉ်လုပ်ငန်းများ သို့မဟုတ် ပါဝင်ဆောင်ရွက်သော အမျိုးသမီးများကို အများက ဆန့်ကျင်ကန့်ကွက်သည့် ဆန့်ကျင်ဘက် အကျိုးရလဒ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ အစီအစဉ်များ၊ လုပ်ငန်းများကို လုပ်ဆောင်ရသည့် အကြောင်းရင်းများ (ဥပမာ ပြဿနာဆန်းစစ်လေ့လာချက် သို့မဟုတ် ဂျန်ဒါ တန်းတူညီမျှ မရှိမှုဆိုင်ရာ တိကျသော အချက်အလက်များ) နှင့် ယေဘုယျပန်းတိုင်များ၊ အသုံးပြုမည့် နည်းစနစ် များနှင့် ပါဝင်ဆောင်ရွက်နိုင်မည့် သို့မဟုတ် အကြံပြုချက်များ ပေးနိုင်မည့် အခွင့်အလမ်းများကို **ရှင်းလင်း တိကျ၍ ပွင့်လင်းမြင်သာစွာ ဆက်သွယ်အသိပေးရန်** လိုအပ်ပါသည်။

## အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် အမျိုးသားများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း

- အမျိုးသားများသည် ၎င်းတို့အပေါ် သီးသန့်ထားရှိသည့် ဂျန်ဒါနှင့်စပ်လျဉ်းသည့် မျှော်လင့်ချက်များကို ရင်ဆိုင်ကြုံတွေ့ကြရပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများသည် ဂျန်ဒါတန်းတူ ညီမျှမရှိမှုများကို ပိုမို သိရှိလာစေရန် ကူညီပေးသည့်၊ **အမျိုးသားများအားတန်းတူညီမျှမရှိမှုများကိုဖယ်ရှားရန်နှင့် ဂျန်ဒါတန်းတူညီမျှမှုကို အားပေးမြှင့်တင်ရန် ခိုင်မာ၍ လက်တွေ့ကျသော လုပ်ပိုင်ခွင့်တာဝန်တစ်ခုကို ပေးအပ်နိုင်မည့်** အစီအစဉ်များကို အားပေးဆောင်ရွက်သင့်ပါသည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် **အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် ဖွဲ့စည်းပုံစနစ်များတွင် အမြစ်တွယ်နေသည့် အတားအဆီးများအား** လုပ်ငန်းစဉ်တွင် **ပါဝင်ဆောင်ရွက်နေသည့် အမျိုးသားများ မြင်သာလာအောင် ဆောင်ရွက်ပေး**သင့်ပါသည်။ သို့မှသာ အမျိုးသမီးများနှင့် အမျိုးသားများအားလုံးသည် လူမှုရေးမျှော်လင့်ချက်များကို ကန့်သတ်လိုက်ခြင်းဖြင့် လုပ်ငန်းစဉ်တွင် အကန့်အသတ်အတားအဆီးမရှိ ပါဝင်ဆောင်ရွက်နိုင်ပြီး အမျိုးသမီးများ၏ တင်ပြချက်များ၊ အကြံပြုချက်များကိုလည်း ပိုမို အသိအမှတ်ပြု တန်ဖိုးထားလာကြမည်ဖြစ်သည်။ အစည်းအဝေးများ ကျင်းပခြင်းနှင့် ဖိတ်စာပေးပို့ခြင်းများတွင်လည်း အမျိုး သမီးများအနေဖြင့် ကလေးများအတွက်၊ ခရီးသွားလာရန်အတွက် အစီအစဉ်များ ပြုလုပ်ရန် အချိန်အလုံလောက် ရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။ အမျိုးသမီးများအတွက် လုံခြုံရေးကိစ္စကိုလည်း အမျိုးသမီး များ၏ သွားလာနိုင်မှုကို ကန့်သတ်ရန် အသုံးပြုခြင်းဖြင့် ၎င်းတို့အား လုပ်ငန်းစဉ်မှ ဖယ်ထုတ်ပစ်သလို ဖြစ်ခြင်းထက် တစ်ဦးချင်းစီအလိုက် စာနာမှုဖြင့် ဖြေရှင်းပေးရန် လိုအပ်ပါသည်။
- အောက်ခြေအဆင့်မှ အရေးကိစ္စများအား ဆွေးနွေးနိုင်ရန်အတွက် **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်** အကြီးတန်း စစ်ဘက်ဆိုင်ရာ ရာထူးရှိသူများသာမက တိုင်းရင်းသားလူမျိုးစုအမျိုးမျိုးမှ အမျိုးသားများနှင့် အမျိုးသမီးများ ကိုပါ ထည့်သွင်းကာ **ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်မှု** ရရှိအောင် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဆင့်မြင့် ဆွေးနွေးပွဲများသို့ တင်ပြရန်အတွက် အောက်ခြေအဆင့် တိုင်ပင်ဆွေးနွေးပွဲများကို ကျင်းပခြင်း၊ အကြံပြုချက်များ ပေးပို့နိုင်သည့် လမ်းကြောင်းများကို ချမှတ်ပေးခြင်းများ ပါဝင်သင့်ပါသည်။ တိုင်းရင်းသားလူနည်းစုအုပ်စုများမှာ အမျိုးသမီးခေါင်းဆောင်များသည် JMC နှင့် ပိုမိုလက်တွေ့ကျသော အောက်ခြေအဆင့် ဆွေးနွေးပွဲများတွင် ပါဝင်လိုကြပါသည်။ အဆိုပါဖိုရမ်များတွင် ပါဝင်ဆောင်ရွက် လျက်ရှိသော အမျိုးသားခေါင်းဆောင်များသည် အမျိုးသမီးများ၏ အရေးကိစ္စများကို လေးစားစွာ နားထောင်ပေးခြင်းဖြင့် ထူးခြားအောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။
- ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်စပ်လျဉ်းသော ဂျန်ဒါကိစ္စရပ်များအား ဆွေးနွေးရာတွင် အဓိကအားဖြင့် အမျိုးသမီး ၃၀% ပါဝင်နိုင်ရေးကိုသာ ဆွေးနွေးလေ့ရှိကြပါသည်။ သို့သော် **အမျိုးသမီးများ မည်သို့ ပါဝင်ဆောင်ရွက်နိုင်မည် ဆိုသည့်အချက်သည် မည်မျှ ပါဝင်ဆောင်ရွက်နိုင်သည်ဆိုသည်နှင့် တန်းတူ အရေးပါပါသည်** – ခေါင်းဆောင်မှုပိုင်း သို့မဟုတ် ကိုယ်စားပြုပါဝင်မှုအပိုင်းတွင် အတွေ့အကြုံရှိပြီး ကျွမ်းကျင်သည့် အမျိုးသမီး တစ်ဦး သို့မဟုတ် နှစ်ဦးသည် ပါဝင်တက်ရောက်ခြင်းသည် ထိရောက်စွာ ပါဝင်ဆွေးနွေးနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှု၊ ယုံကြည်မှု၊ အဆင့်အတန်း သို့မဟုတ် အသိပညာဗဟုသုတ မရှိသည့် အမျိုးသမီးငယ်အများအပြား ပါဝင်ခြင်းထက် ပိုမို ကြီးမားသည့် အကျိုးရလဒ်ကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သော အခန်းကဏ္ဍနှင့် ယူဆောင်လာနိုင်သော ကျွမ်းကျင်မှု အများအပြားကို ပိုမိုနားလည်သိရှိအောင် လုပ်ဆောင်ကာ ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်များတွင် အမျိုးသား လုပ်ဆောင်သူများအား နားလည်သိရှိအောင် ဆောင်ရွက်ပေးပြီး အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို ပံ့ပိုး

ကူညီပေးနိုင်ရန် ၎င်းတို့ ပါဝင်ပေးနိုင်မည့် အခန်းကဏ္ဍများကို ရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ဆောင်ပေးရမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

## ယုံကြည်မှုနှင့် ပြန်လည်သင့်မြတ်ရေး နှင့် စိတ်ပိုင်း-လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ

- အရပ်သားများအား အကြမ်းဖက်မှု၊ တိုင်းရင်းသားဒေသများတွင် အတင်းအကြပ်အလုပ်စေခိုင်းမှု၊ နေရာအနှံ့ မြေသိမ်းယူမှုများ၊ နိုင်ငံရေးအကျဉ်းသားများအား တရားမျှတမှုမရှိသည့် ဖမ်းဆီးမှု၊ ရာဇဝတ်သားများအဖြစ် ဖန်တီးမှုနှင့် မလျော်မကန်ဆက်ဆံမှုများအပါအဝင် စစ်အုပ်ချုပ်ရေးအောက်တွင် ဆောင်ရွက်ခဲ့သည့် တရားမျှတမှုမရှိခြင်းများအား အသိအမှတ်ပြုသည့် **ယုံကြည်မှုနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်** ပုံစံတစ်ခုအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ ထိုလုပ်ငန်းစဉ်တွင် အမှန်ကို ပြောကြားခြင်း၊ အမျိုးသားနှင့် အမျိုးသမီး နစ်နာသူများ၊ ရှင်သန်ကျန်ရစ်သူများအား ငွေကြေးပေးလျော်မှုများအပါအဝင် ဆေးကုသစောင့်ရှောက်မှုနှင့် စိတ်ပိုင်း-လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုများ ပေးခြင်းတို့ ပါဝင်သင့်ပါသည်။
- ဆယ်စုနှစ်များစွာ ဖိနှိပ်မှုနှင့် အာဏာရှင်စနစ်၏ အမွေဆိုးများအား ကိုင်တွယ်ဖြေရှင်းရန်နှင့် ကြုံတွေ့ခဲ့ရသည့် ဒဏ်ရာဒဏ်ချက်များကို ကုစားပေးရန်အတွက် **စိတ်ပိုင်း-လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုများ**ကို ပိုမို ကျယ်ပြန့်စွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကြောက်ရွံ့မှုများနှင့် စိုးရိမ်ပူပန်မှုများ ကို အမျိုးသား၊ အမျိုးသမီးများအားလုံး လွတ်လပ်စွာ ဆွေးနွေးနိုင်သည့် ဘေးကင်းလုံခြုံသော အခြေအနေ တစ်ခု ဖန်တီးပေးခြင်း၊ မိမိကိုယ်မိမိ အဆိုးမြင်သည့် ပုံရိပ်များ (ပဋိပက္ခ၏ သားကောင် သို့မဟုတ် IDP) အား ကောင်းမွန်သည့် ပုံရိပ်များ (တက်ကြွသည့် နိုင်ငံသား၊ ရပ်ရွာလူထုခေါင်းဆောင်၊ ဂရုစိုက်သော ဖခင် သို့မဟုတ် ဆရာ/ဆရာမ) အဖြစ်သို့ ပြောင်းလဲတည်ဆောက်ပေးခြင်းတို့ ပါဝင်သင့်ပါသည်။
- အစိုးရအနေဖြင့် နိုင်ငံရေးအကျဉ်းသားများ၏ တိုင်းပြည်အတွက် အနစ်နာခံပေးဆပ်ခဲ့မှုများအား **အကူးအပြောင်းကာလ တရားမျှတမှု လုပ်ငန်းစဉ်**တစ်ခု၏ တစ်စိတ်တစ်ဒေသအဖြစ် ယုံကြည်မှုနှင့် ပြန်လည် သင့်မြတ်ရေး ကော်မရှင် ပုံစံဖြင့်ဖြစ်စေ သို့မဟုတ် အခြားပုံစံများဖြင့်ဖြစ်စေ (နိုင်ငံရေးလှုပ်ရှားမှုကြောင့် အကျဉ်းကျမှုသည် ရာဇဝတ်မှုနှင့်စပ်လျဉ်းသည့် ပြစ်ဒဏ်များနှင့် ကွာခြားသည့်အချက်ကို လက်ခံအသိ အမှတ်ပြုခြင်း) အသိအမှတ်ပြုသင့်ပါသည်။ လိုအပ်သည့် ငွေကြေး၊ သက်မွေးမှုပညာများနှင့် စိတ်ပိုင်း-လူမှု ရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုများနှင့်အတူ ပြန်လည်ထူထောင်ပေးရန် လိုအပ်မှုကို အများပြည်သူ သိရှိအောင် အသိပညာဖြန့်ဝေမှုများတွင်လည်း အစိုးရမှ ပါဝင်ကူညီပေးသင့်ပါသည်။ ယင်းသည် မိသားစုအား ထောက်ပံ့ရန်ဟူသည့် ပြင်ပမှ ဂျန်ဒါ မျှော်လင့်ချက်များကို ဖြည့်ဆည်းရန် ဖိအားများနှင့်အတူ ဆုံးရှုံးသွားသော အချိန်များနှင့် ယခင်က ဝိသေသခံယူမှုများကို ပြန်လည်ချိန်ညှိရန်ကြိုးပမ်းရာတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့်၊ မိသားစုဝင်များကို စောင့်ရှောက်ရန်ဟူသည့် မျှော်လင့်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခဲ့ခြင်းမရှိသည့် နိုင်ငံရေးအကျဉ်းသားများ၊ အထူးသဖြင့် အမျိုးသားများ၏ မိမိကိုယ်မိမိ ရှုမြင်သည့် ပုံရိပ်ကိုပြန်လည်ပြင်ဆင်ပေးရာတွင် အထောက်အကူဖြစ်နိုင်ပါလိမ့်မည်။ ထိုသို့ အသိအမှတ်ပြုပေးခြင်းသည် ပျက်စီးနေသော လူမှုပေါင်းစည်းမှုကို ပြန်လည်ပြုပြင်ပေးနိုင်ပြီး ပျော့ပျောင်းသည့် ဂျန်ဒါ စံသတ်မှတ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာရေး အားပေးနိုင်မည်ဖြစ်ပါသည်။

# နောက်ဆက်တွဲစာတမ်းများ

## နောက်ဆက်တွဲစာတမ်း ၁ - သုတေသနနည်းစနစ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများ

ပဋိပက္ခကိစ္စရပ်များနှင့် ဂျန်ဒါအကြောင်း သုတေသနပြုခြင်းသည် ခက်ခဲနိုင်သည်ဖြစ်ရာ ဤသုတေသနတွင်လည်း များပြားလှသော စိန်ခေါ်မှုများ ပေါ်ပေါက်ခဲ့ပါသည်။ သုတေသနပြုရန် ရွေးချယ်ထားသော လူမှုအသိုင်း အဝိုင်းများ၏ လိုအပ်ချက်များ (ဥပမာ ပဒိုးဝ်ဒေသတွင် ထွန်ယက်စိုက်ပျိုးသည့် ရာသီနှင့် မုတ်သုန်ရာသီဥတု) နှင့် စပ်လျဉ်းသော နှောင့်နှေးမှုများအပြင် ရှမ်းပြည်နယ်တွင် ပဋိပက္ခအခြေအနေများ ပြောင်းလဲလာမှုကြောင့် ဖြစ်ပေါ်လာသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ပါဝင်ပါသည်။ အနီးအနားတွင်ပဋိပက္ခများ ဖြစ်ပေါ်လာသောကြောင့် သုတေသနအဖွဲ့၏ လုံခြုံရေးအတွက် အစီအစဉ်ရေးဆွဲထားသော FGDများနှင့် ကွင်းဆင်းသွားရောက်မှုများကို ပြန်လည်စီစဉ် ရပါသည်။ အကြီးတန်းနိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များကို ဆက်သွယ်ရန် ကြိုးပမ်းသောအခါတွင်လည်း နောက်ထပ်စိန်ခေါ်မှုများ ကြုံတွေ့ရပါသည်။ ထိုအကြောင်းများကြောင့် သုတေသနတွင် လက်နက်ကိုင်လုပ်ဆောင်သူအမျိုးမျိုးကြားရှိ ထိပ်ပိုင်းရှိ တိုင်းရင်းသား-နိုင်ငံရေး ပဋိပက္ခကိုသာမက မြေယာပဋိပက္ခများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာများကဲ့သို့ လူတို့၏ နေ့စဉ်ဘဝအပေါ် သက်ရောက်မှုရှိသော ပိုမိုကျယ်ပြန့်သည့် လူမှုရေးပဋိပက္ခများကိုပါ လေ့လာရန် စဉ်းစားခဲ့ခြင်းဖြစ်ပါသည်။ နေရာအနှံ့ပျံ့နှံ့လျက်ရှိသော နေ့တစ်ဒူဝ ပဋိပက္ခကိစ္စရပ်များ၏ ဂျန်ဒါ ဆိုင်ရာ အခြေအနေများကို ပိုမိုနားလည်သိရှိခြင်းဖြင့် နိုင်ငံအဆင့်တွင်လည်း ဂျန်ဒါအမြင်များအသွင်ပြောင်းလဲနိုင်ခြင်းကြောင့် ပိုမိုထိရောက်သော ငြိမ်းချမ်းရေးတည်ဆောက်မှု ကို အထောက်အပံ့ပြုနိုင်ရန် ရည်ရွယ်ပါသည်။

သုတေသနအကြောင်းအရာ လေးမျိုးပါဝင်သည့် ကျွန်ုပ်တို့၏ သုတေသနအား ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းသည် ရည်မှန်းချက်ကြီးလွန်းသည်ဟု ယူဆနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းများ၊ တက္ကသိုလ်များတွင် ပညာသင်ကြားခဲ့သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းအသိုင်းအဝိုင်းများမှ မဟုတ်သည့် ပါဝင်ဖြေဆိုဆွေးနွေးပေးသူများသည် ထိုအကြောင်းအရာများကို နားလည်သိရှိခြင်း မရှိသလောက်ပင် ဖြစ်ပါသည်။ ထိုအကြောင်းအရာများသည် အလွန်သိမ်မွေ့ပြီး ပါဝင်ဆွေးနွေးသူများက ယေဘုယျခြုံငုံပြောကြားချက်များထက် ကျော်လွန်ကာ ပွင့်လင်းစွာ ဖွင့်ဟပြောကြားလာနိုင်ရန်အတွက် နီးကြားထက်မြက်စွာ နားလည်သိရှိမှုနှင့် ယုံကြည်မှုတို့ များစွာ လိုအပ်ပါသည်။ သို့သော် ပါဝင်ဆွေးနွေးပေးမည့်သူများအား အဓိကကျသော သဘောတရားများ (ဂျန်ဒါ၊ ပဋိပက္ခ၊ ငြိမ်းချမ်းရေး)[180] ကို နားလည်သဘောပေါက်စေရန် အချိန်အလုံအလောက်ယူကာ ရှင်းလင်းပြောပြပေးရပြီး တစ်ဖက်တွင်လည်း ၎င်းတို့၏ အမြင်များနှင့် အသိများကို ရယူနိုင်ရန်အတွက် လွတ်လပ်စွာ ပြောဆိုနိုင်မည့် အခွင့်အလမ်းကို ဖန်တီးပေးရပါသည်။ ဥပမာ ဆွေးနွေးသူများက ‘ပဋိပက္ခ’ နှင့် ‘ငြိမ်းချမ်းရေး’ သည် နိုင်ငံအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်သာ ပတ်သက်သည်ဟု ထင်ကြပြီး မြေယာအငြင်းပွားမှုများ၊ မူးယစ်ဆေးဝါး သို့မဟုတ် ရွှေ့ပြောင်းသွားလာမှု၏ သက်ရောက်မှုများကဲ့သို့ ဒေသန္တရအဆင့်မှ ပြဿနာများကို ဆွေးနွေးရန် သက်တောင့်သက်သာ မရှိကြပါသည်။ ထို့ကြောင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး၏ သဘောတရားများကို ရှင်းပြပေးခဲ့ရပြီး ယင်းသည် အချိန်များစွာ ပေးရပါသည်။ ယင်းသည် သမိုင်းကြောင်းနောက်ခံနှင့် လူမှုရေးအခြေအနေများကြောင့်လည်း ဖြစ်ပြီး အဓိက သတင်းအချက်အလက်ပေးနိုင်သူ အများအပြားသည် ပွင့်ပွင့်လင်းလင်းပြောဆိုရန် ဝန်လေးကြပါသည်။ အထူးသဖြင့် ဒေသခံအာဏာပိုင်များ ဖြစ်ပါသည်။ ရပ်ရွာအဆင့်တွင် SGBV နှင့်စပ်လျဉ်း၍ နားလည်သိရှိမှု နည်းပါးခြင်းနှင့် မပြောအပ်သော ကိစ္စရပ်အဖြစ် သတ်မှတ်ထားမှုကြောင့် အနည်းအကျဉ်းသား ဆွေးနွေးနိုင်ခဲ့ပါသည်။ သုတေသနအတွက် တွေ့ဆုံမေးမြန်းမှုနှင့် FGD များ ပြုလုပ်ခဲ့သည့် အချိန်သည် ရခိုင်အရေး အရှိန်မြင့်လာသည့် အချိန်နှင့် တိုက်ဆိုင်နေသောကြောင့် လူများသည် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအကြောင်းကို သုတေသနပညာရှင်များအားပြောပြရန် ဝန်လေးကြပါသည်။ အထူးသဖြင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) ဖြစ်ပါသည်။ အဓိကသဘောတရားများအား အင်္ဂလိပ်နှင့်

180 ဥပမာ မြန်မာဘာသာစကားတွင် ‘ပဋိပက္ခ’ ဟူသော စကားလုံးအား ‘အကြမ်းဖက်မှု’ ဟု ဘာသာပြန်လေ့ရှိသဖြင့် အကြမ်းမဖက် သော သို့မဟုတ် ငုံ့လျှိုးနေသော ပဋိပက္ခတင်းမာမှုများအကြောင်းကို ဆွေးနွေးရန် ခက်ခဲစေပါသည်။ ဗုဒ္ဓအယူဝါဒ လွှမ်းမိုးသည့် အခြေအနေမျိုးတွင်မူ အချို့က ‘ငြိမ်းချမ်းရေး’ ဆိုသည်မှာ ဗုဒ္ဓဘုရားမှတစ်ဆင့်သာ ရရှိနိုင်သည့် စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ခု အဖြစ် နားလည်သဘောပေါက်ကြပါသည်။

မြန်မာ၊ တိုင်းရင်းသားဘာသာစကားများ (ရှမ်း၊ ပအိုးဝ်၊ ကရင်) ဖြင့် ဘာသာပြန်ဆိုခြင်းသည် နောက်ထပ် စိန်ခေါ်မှုများ ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ကျွန်ုပ်တို့၏ သုတေသနမှ ပိုမိုကျယ်ပြန့်သော GPS ကိစ္စရပ်များအတွက် ရှေ့ပြေးတွေ့ရှိချက်များ ထွက်ပေါ်လာခဲ့ပြီး နောက်ပိုင်းတွင် ထိုအကြောင်းအရာများအတွက် ပိုမို အသေးစိတ်သော သုတေသနများကို ဆောင်ရွက်သောအခါ သင့်တော်သည့် နည်းစနစ်များကို ပိုမိုနားလည်သိရှိစေနိုင်ပါသည်။ သင့်တော်သည့် နည်းစနစ်မှာ မတူကွဲပြားသော အကျိုးသက်ဆိုင်သူများနှင့် တိုတောင်းသည့် တွေ့ဆုံမေးမြန်းမှုများကို အများအပြား ပြုလုပ်ခြင်းထက် သုတေသနတွင် ပါဝင်ဖြေဆိုဆွေးနွေးပေးမည့်သူများနှင့် စဉ်ဆက်မပြတ် ပိုမို ဆက်သွယ်ထိတွေ့ကာ ယုံကြည်မှုတည်ဆောက်သည့် နည်းစနစ် ဖြစ်ပါသည်။ ထို့ကြောင့် ဤသုတေသနစာတမ်းသည် ဤရှေ့ပြေးသုတေသနတွင် ရရှိလာသည့် နားလည်သိရှိမှုများကို ပိုမိုနက်ရှိုင်းစွာ နားလည်သိရှိလာစေမည့် အနာဂတ် သုတေသနများအတွက် အဓိကကျသောနည်းလမ်းများကို ညွှန်ပြပေးထားပါသည်။

## နောက်ဆက်တွဲစာတမ်း ၂ - သုတေသနလုပ်ဆောင်ချက်များနှင့် ပါဝင်ဆွေးနွေးသူများ

### ရန်ကုန်

| နေ့စွဲ | လုပ်ဆောင်ချက် | ပါဝင်ဆွေးနွေးသူများ | နေရာ | အရေအတွက် | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ဇွန် | FGD | ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း ဝန်ထမ်းများ နှင့် ကျောင်းသားများ | ရန်ကုန် | ၄ | ၅ |
| ဇွန် | FGD | Myanmar Institute of Theology ကျောင်းသားများ | ရန်ကုန် | ၈ | ၅ |
| ဇွန် | FGD | Gender Equality Network အဖွဲ့ဝင်များ | ရန်ကုန် | ၀ | ၉ |
| ဇူလိုင် | FGD | Alliance for Gender Inclusion in the Peace Process members | ရန်ကုန် | ၁ | ၄ |
| ဇွန် | KII ၁ | Emilie Röell | ရန်ကုန် | | ၁ |
| ဇွန် | KII ၂ | Kim Joliffe | ရန်ကုန် | ၁ | |
| ဇူလိုင် | KII ၃ | ယူရိုဘားမားအဖွဲ့ | ရန်ကုန် | | ၁ |
| ဇူလိုင် | KII ၄ | လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်း/ နိုင်ငံရေးအကျဉ်းသားဟောင်း | ရန်ကုန် | ၁ | |
| ဇူလိုင် | KII ၅ | ဆွေသဟာ | ရန်ကုန် | ၁ | |
| ဇူလိုင် | KII ၆ | Dr Dean Laplonge/ကျွမ်းကျင်ပညာရှင် | ရန်ကုန် | ၁ | |
| ဇူလိုင် | KII ၇ | Mercy Corps | ရန်ကုန် | | ၁ |
| ဇူလိုင် | KII ၈ | အာရုဏ်ဦး | ရန်ကုန် | ၁ | |
| ဇူလိုင် | KII ၉ | Norwegian People's Aid | ရန်ကုန် | ၁ | ၁ |
| ဇူလိုင် | KII ၁၀ | AGIPP လမ်းညွှန်ကော်မတီ | ရန်ကုန် | | ၂ |
| ဇူလိုင် | KII ၁၁ | ကလျာဏမိတ္တ ဖောင်ဒေးရှင်း | ရန်ကုန် | ၁ | |
| ဩဂုတ် | KII ၁၂ | Oxfam | ရန်ကုန် | | ၁ |
| စက်တင်ဘာ | KII ၁၃ | MP ဒေါ်ရွှေရွှေစိန်လတ် | ရန်ကုန် | | ၁ |
| စက်တင်ဘာ | KII ၁၄ | Trocaire | ရန်ကုန် | | ၂ |
| စက်တင်ဘာ | KII ၁၅ | Cate Buchanan | ရန်ကုန် | | ၁ |
| စက်တင်ဘာ | KII ၁၆ | Salai Cun Lian Thawn (Pyoe Pin) | ရန်ကုန် | ၁ | |
| အောက်တိုဘာ | KII ၁၇ | နိုင်ငံရေးအကျဉ်းသားဟောင်း | ရန်ကုန် | | ၁ |
| အောက်တိုဘာ | KII ၁၈ | CARE | ရန်ကုန် | | ၁ |
| အောက်တိုဘာ | KII ၁၉ | နိုင်ငံရေးအကျဉ်းသားဟောင်း | ရန်ကုန် | ၁ | |
| အောက်တိုဘာ | KII ၂၀ | Legal Clinic Myanmar | ရန်ကုန် | | ၁ |
| အောက်တိုဘာ | KII ၂၁ | Equality Myanmar | ရန်ကုန် | ၁ | |
| အောက်တိုဘာ | KII ၂၂ | Colours Rainbow | ရန်ကုန် | ၁ | |
| နိုဝင်ဘာ | KII ၂၃ | Bride Pride | ရန်ကုန် | | ၁ |
| နိုဝင်ဘာ | KII ၂၄ | ခင်မမျိုး (Myanmar Institute of Peace and Security Studies) | ရန်ကုန် | | ၁ |

## ရှမ်းပြည်နယ်တောင်ပိုင်း

| နေ့စွဲ | လုပ်ဆောင်ချက် | ပါဝင်ဆွေးနွေးသူများ | နေရာ | အရေအတွက် | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ဇူလိုင် | FGD ၁ | CSOများ၊ ကွန်ရက်များ | တောင်ကြီး | ၁ | ၇ |
| ဇူလိုင် | FGD ၂ | ရွာလူကြီးများ၊ ရပ်မိရပ်ဖများ၊ တောင်သူများ | ရွာ က | ၁၀ | ၃ |
| ဇူလိုင် | FGD ၃ | ရွာသူရွာသား၊ လူငယ်ခေါင်းဆောင်များ၊ တောင်သူများ | ရွာ က | ၈ | ၃ |
| ဇူလိုင် | FGD ၄ | ရွာလူကြီးများ၊ ရပ်မိရပ်ဖများ၊ တောင်သူများ | ရွာ ခ | ၈ | ၄ |
| ဇူလိုင် | FGD ၅ | ရွာသူရွာသား၊ လူငယ်ခေါင်းဆောင်များ၊ တောင်သူများ | ရွာ ခ | ၁၁ | ၁ |
| ဇူလိုင် | FGD ၆ | ရွာသူရွာသား၊ ကျောင်းသူကျောင်းသား၊ တောင်သူများ | ရွာ ဂ | ၉ | ၁ |
| ဩဂုတ် | FGD ၇ | အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင်များ၊ ရွာသူရွာသားများ၊ ရပ်မိရပ်ဖများ၊ တောင်သူများ | ရွာ ဂ | ၅ | ၄ |
| ဩဂုတ် | KII ၁ | အလှဖန်တီးရှင် | တောင်ကြီး | ၁ | |
| ဩဂုတ် | KII ၂ | ဒုတိယညွှန်ကြားရေးမှူး၊ MIPSS | တောင်ကြီး | ၁ | |
| ဩဂုတ် | KII ၃ | ရှေ့နေ | တောင်ကြီး | | ၁ |
| ဩဂုတ် | KII ၄ | အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင် | တောင်ကြီး | | ၁ |
| စက်တင်ဘာ | KII ၅ | (တပ်မတော်) စစ်မှုထမ်းဟောင်းအဖွဲ့ | တောင်ကြီး | ၁ | |
| စက်တင်ဘာ | KII ၆ | တည်ထောင်သူ၊ Peace World | တောင်ကြီး | | ၁ |
| စက်တင်ဘာ | KII ၇ | မြေယာပဋိပက္ခများအတွက် ရှေ့နေအကူဝန်ဆောင်မှုပေးသူ | တောင်ကြီး | ၁ | |
| စက်တင်ဘာ | KII ၈ | ဘာသာပေါင်းစုံလူငယ်ကွန်ရက် | တောင်ကြီး | ၁ | ၁ |
| စက်တင်ဘာ | KII ၉ | ပအိုးဝ်အမျိုးသားအစည်းအရုံး | တောင်ကြီး | ၁ | |
| စက်တင်ဘာ | KII ၁၀ | Women and Peace Action Network | တောင်ကြီး | | ၁ |
| စက်တင်ဘာ | KII ၁၁ | ပအိုးဝ် LGBT | တောင်ကြီး | ၁ | |
| စက်တင်ဘာ | KII ၁၂ | CSO (အင်း) | တောင်ကြီး | | ၁ |
| စက်တင်ဘာ | KII ၁၃ | PNA အဖွဲ့ဝင် | ရွာ ခ | ၁ | |
| စက်တင်ဘာ | KII ၁၄ | ရှမ်းစီးပွားရေးလုပ်ငန်းရှင် | ရွာ ခ | ၁ | |
| စက်တင်ဘာ | KII ၁၅ | ရှမ်းစီးပွားရေးလုပ်ငန်းရှင် | ရွာ ခ | ၁ | |
| စက်တင်ဘာ | KII ၁၆ | ပအိုးဝ်ဘာသာရေးခေါင်းဆောင် | ရွာ ခ | ၁ | |
| စက်တင်ဘာ | KII ၁၇ | ပအိုးဝ်လူငယ်ခေါင်းဆောင် | ရွာ က | ၁ | |
| စက်တင်ဘာ | KII ၁၈ | ပအိုးဝ်လူငယ်ခေါင်းဆောင် | ရွာ က | ၁ | |
| စက်တင်ဘာ | KII ၁၉ | ပအိုးဝ်အမျိုးသမီးခေါင်းဆောင် | ရွာ က | | ၁ |
| စက်တင်ဘာ | KII ၂၀ | ပအိုးဝ်အမျိုးသမီးခေါင်းဆောင် | ရွာ က | | ၁ |
| စက်တင်ဘာ | KII ၂၁ | ပအိုးဝ်ဘာသာရေးခေါင်းဆောင် | ရွာ က | ၁ | |
| စက်တင်ဘာ | KII ၂၂ | ပအိုးဝ်လူငယ်ခေါင်းဆောင် | ရွာ ဂ | ၁ | |
| စက်တင်ဘာ | KII ၂၃ | PNA အဖွဲ့ဝင် | ရွာ ဂ | ၁ | |
| စက်တင်ဘာ | KII ၂၄ | PNO အဖွဲ့ဝင် | ရွာ ဂ | ၁ | |
| စက်တင်ဘာ | KII ၂၅ | ကျေးရွာလူကြီး | ရွာ ဂ | ၁ | |
| စက်တင်ဘာ | KII ၂၆ | ဗမာ ရှေ့နေ | တောင်ကြီး | | ၁ |
| စက်တင်ဘာ | KII ၂၇ | ဗမာ ကျောင်းဆရာ | တောင်ကြီး | | ၁ |
| စက်တင်ဘာ | KII ၂၈ | ပအိုးဝ်ဘာသာရေးခေါင်းဆောင် | ရွာ ဂ | ၁ | |
| စက်တင်ဘာ | KII ၂၉ | ပအိုးဝ်လူငယ်ခေါင်းဆောင် | ရွာ ဂ | ၁ | |
| စက်တင်ဘာ | KII ၃၀ | ပအိုးဝ်ကျေးရွာအုပ်ချုပ်ရေးမှူး | ရွာ ဃ | ၁ | |
| စက်တင်ဘာ | KII ၃၁ | ဗမာ ရှေ့နေ | တောင်ကြီး | | ၁ |

## တနင်္သာရီ

| နေ့စွဲ | လုပ်ဆောင်ချက် | ပါဝင်ဆွေးနွေးသူများ | နေရာ | အရေအတွက် | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ဩဂုတ် | FGD ၁ | ရပ်ရွာလူထုများ | ရေဖြူ | ၇ | ၄ |
| ဩဂုတ် | FGD ၂ | အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ | ရေဖြူ | ၆ | ၃ |
| ဩဂုတ် | FGD ၃ | နိုင်ငံရေးပါတီများ | ထားဝယ် | ၈ | ၄ |
| ဩဂုတ် | FGD ၄ | ကျောင်းသားသမဂ္ဂ | ထားဝယ် | ၇ | ၄ |
| ဩဂုတ် | FGD ၅ | စစ်မှုထမ်းဟောင်းများ | ထားဝယ် | ၁၁ | ၀ |
| ဇူလိုင် | KII ၁ | တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ | ထားဝယ် | ၁ | |
| ဇူလိုင် | KII ၂ | Human Rights Watch | ထားဝယ် | ၁ | |
| ဇူလိုင် | KII ၃ | လောကအလင်း | ထားဝယ် | ၁ | |
| ဇူလိုင် | KII ၄ | ထားဝယ်အမျိုးသမီးများသမဂ္ဂ | ထားဝယ် | | ၂ |
| ဇူလိုင် | KII ၅ | ငြိမ်းချမ်းရေးကွန်ရက် | ထားဝယ် | ၁ | |
| ဇူလိုင် | KII ၆ | တောင်သူလယ်သမား သမဂ္ဂ | ထားဝယ် | ၃ | ၁ |
| ဇူလိုင် | KII ၇ | ရှေ့နေ | ထားဝယ် | ၁ | |
| ဇူလိုင် | KII ၈ | ABSDF တပ်ဖွဲ့ဝင်ဟောင်း | ထားဝယ် | ၁ | |
| ဇူလိုင် | KII ၉ | နိုင်ငံရေးအကျဉ်းသားဟောင်း | ထားဝယ် | ၂ | |
| ဇူလိုင် | KII ၁၀ | Colors Rainbow | ထားဝယ် | | ၁ |
| ဇူလိုင် | KII ၁၁ | တပ်မတော်သားဟောင်း | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၁၂ | ထားဝယ်ဖွံ့ဖြိုးမှုအသင်း | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၁၃ | ကရင် JMC အဖွဲ့ဝင် / ဘာသာရေးခေါင်းဆောင် | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၁၄ | KNU ဆက်ဆံရေးရုံး | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၁၅ | ဒုက္ခသည်များဆိုင်ရာ နော်ဝေကောင်စီ | ထားဝယ် | | ၁ |
| စက်တင်ဘာ | KII ၁၆ | RRIP ကွန်ရက် | ထားဝယ် | | ၁ |
| စက်တင်ဘာ | KII ၁၇ | ဒေသခံမီဒီယာ | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၁၈ | ရှေ့နေ (pro bono ရှေ့နေကွန်ရက်) | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၁၉ | ကုန်သည်များအသင်း | ထားဝယ် | | ၁ |
| စက်တင်ဘာ | KII ၂၀ | တကၠပေါ/ တနင်္သာရီမိတ်ဆွေများ | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၁ | အမျိုးသားလွှတ်တော် MP (NLD) | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၂ | တိုင်းဒေသကြီးလွှတ်တော် MP (TYN) | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၃ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ တနင်္သာရီ | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၄ | အတွင်းရေးမှူး၊ ထားဝယ်အမျိုးသားပါတီ၊ တနင်္သာရီ | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၅ | တိုင်းဒေသကြီး လက်ထောက်အတွင်းရေးမှူး (NLD) | ထားဝယ် | | ၁ |
| စက်တင်ဘာ | KII ၂၆ | ဟိန္ဒူဘာသာရေးခေါင်းဆောင် | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၇ | ရပ်ကွက်အုပ်ချုပ်ရေးမှူး (နတော်) | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၈ | CEC (DNP) | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၂၉ | ရပ်ကွက်အုပ်ချုပ်ရေးမှူး (ကဒက်ကြီး) | ထားဝယ် | ၁ | |
| စက်တင်ဘာ | KII ၃၀ | မြို့နယ်ဖွံ့ဖြိုးမှုကော်မတီ၊ သရက်ချောင်း | ထားဝယ် | | ၁ |

| | | |
|---|---|---|
| စုစုပေါင်း | ၁၆၂ | ၉၇ |

**International Alert**
Tel: +44 20 7627 6800
Email: info@international-alert.org

**Phan Tee Eain (Creative Home)**
Tel: +95 9 441 111 667
Email: info@phanteeeain-myanmar.org

**Thingaha Gender Organisation**
Tel: +95 9 732 266 31
Email: thingaha@thingaha.org